# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ် ၊ နယုန်လပြည့်ကျော် (၁၂) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (3-7-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၆၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန္တလေးတိုင်းဒေသကြီးရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသကို သန့်ရှင်းသာယာလှပပြီး ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းဆောင်ရွက်လျက်ရှိ



မန္တလေးတိုင်းဒေသကြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ သဗ္ဗညုဘုရားကို တွေ့ရစဉ်။

**ရန်ကုန် ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီးရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသကို သန့်ရှင်းသာယာလှပပြီး ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များရေရှည်တည်တံ့စေရန် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရွှေဆံတော်၊ ဓမ္မရာဇက၊ ထီးလိုမင်းလို၊ မြစေတီ၊ မနူဟာ၊ဓမ္မရံကြီး၊မဟာဗောဓိ၊စူဠာမဏိ၊ပြာသာဒ်ကြီး၊ သိကြားပုန်း၊ ပုံ့သကူမဟာထေရ်ဂူဘုရား စသည့် ရှေးဟောင်းဘုရား ၁၁ ဆူတွင်

**စာမျက်နှာ ၁၈ ကော်လံ ၁**

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး အကြားအလပ်မရှိ အချိုးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိ

စာမျက်နှာ - ၁၆

ဓာတ်မြေဩဇာများ သိုလှောင်ခြင်း၊ ဈေးကစားခြင်း၊ ဈေးနှုန်းတင်ရောင်းချခြင်းများ မရှိစေရေး သက်ဆိုင်ရာဌာနများက ကြီးကြပ်ဆောင်ရွက်

စာမျက်နှာ - ၁၇

မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် မြစ်ကြီးနားမြို့နှင့် ခန္တီးမြို့တို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

စာမျက်နှာ - ၂၀






ရတနာပုံ
၂၀၂၄ ခုနှစ် ဇူလိုင် ၃ ရက်
အယ်ဒီတာ့အာဘော်

# ဂုဏ်ယူဝင့်ကြွား မြန်မာအမျိုးသမီးများ

မြန်မာ့သမိုင်းစဉ်တစ်လျှောက်ကိုပြန်ကြည့်လျှင် ကိုလိုနီခေတ်လွတ်လပ်ရေးကြိုးပမ်းမှုကာလများတွင် အမျိုးသားများနှင့်ရင်ပေါင်တန်းတိုက်ပွဲဝင်ခဲ့ကြသည့် အမျိုးသမီးသူရဲကောင်းများစွာရှိခဲ့သည်။ ထို့ပြင် ခေတ်အဆက်ဆက်၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များ၌ အသိပညာ၊ အတတ်ပညာ၊ အနုပညာဆိုင်ရာနယ်ပယ်များတွင် ထူးချွန်ထက်မြက်သည့် မြန်မာအမျိုးသမီးများပေါ်ထွက်ခဲ့သည်ကို သမိုင်းကြောင်းများကိုလေ့လာလျှင် သိနိုင်ပေသည်။ မျက်မှောက်ကာလတွင်လည်း မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်ရင်ပေါင်တန်းကာ နိုင်ငံတော်တည်ဆောက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးစသည့်နယ်ပယ်အသီးသီး၌ ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

သို့သော် ကမ္ဘာပေါ်ရှိအမျိုးသမီးအတော်များများသည် ရှေးယခင်ကပင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်ကဏ္ဍအသီးသီးတို့၌ အမျိုးသားများနှင့် တန်းတူအခွင့်အရေးမရရှိကြသည့်အပြင် အချို့နေရာဒေသများတွင် အမျိုးသမီးများကို နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံခြင်း၊ အကြမ်းဖက်ခံရခြင်းများနှင့်ရင်ဆိုင်ကြုံတွေ့နေရသဖြင့် အမျိုးသမီးများ၏အခွင့်အရေးကိုကာကွယ်ရန်နှင့် ကျား၊ မ တန်းတူညီမျှအခွင့်အရေးရရှိရန်အတွက် နိုင်ငံအလိုက်ပြုပြင်ပြောင်းလဲကြရန် စည်းရုံးလှုပ်ရှားမှုများကို ၁၉ ရာစုအတွင်းကပင် စတင်ခဲ့ကြသည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် ၁၉၄၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတို့တွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူညီတူဖြစ်၍ တန်းတူညီမျှမှုရှိရမည်ဟု ချမှတ်ခဲ့သည်။ သို့ရာတွင် ထိုအခွင့်အရေးများကို အပြည့်အဝမခံစားမရရှိကြသော အမျိုးသမီးများစွာ ကမ္ဘာတစ်ဝန်းတွင်ရှိနေဆဲဖြစ်သည်။

မြန်မာအမျိုးသမီးများသည် နိုင်ငံတော်၏အင်အားစုတစ်ရပ်လည်းဖြစ်သည့်အတွက် မြန်မာအမျိုးသမီးများ၏တန်းတူညီမျှအခွင့်အရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ (ယခင် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ)ကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ စတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးထု၏အင်အားကို နိုင်ငံ့အကျိုးပြုလူ့စွမ်းအားအရင်းအမြစ်များအဖြစ် မြှင့်တင်ပေးခြင်းအားဖြင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်ပြီး ကြီးမားသည့်အင်အားစုကို ရရှိမည်ဖြစ်သည်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ် ကိန်းဂဏန်းများအရ အစိုးရဌာနများတွင် အမျိုးသမီးပါဝင်မှုနှုန်းအနေဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့်တွင် ၂၆ ဒသမ ၂ ရာခိုင်နှုန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်တွင် ၄၃ ဒသမ ၃ ရာခိုင်နှုန်း၊ ညွှန်ကြားရေးမှူးအဆင့်တွင် ၅၂ ဒသမ ၆ ရာခိုင်နှုန်း၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်တွင် ၅၆ ဒသမ ၆ ရာခိုင်နှုန်း၊ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်တွင် ၅၇ ရာခိုင်နှုန်းရှိကြောင်းသိရှိရသဖြင့် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုကဏ္ဍ၌ မြန်မာအမျိုးသမီးများ၏စွမ်းဆောင်ရည်သည် များစွာတိုးတက်မြင့်မားကြောင်းနှင့် ကျား၊ မ တန်းတူညီမျှမှုရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးများ၏စွမ်းဆောင်ရည် ယခုထက်ပို၍ပြည့်ဝစေရန်နှင့် နိုင်ငံတော်ကာကွယ်ရေး၊ ငြိမ်းချမ်းရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စသည့်ဘက်စုံ၊ ကဏ္ဍစုံ၌ အမျိုးသမီးများလည်း အမျိုးသားများနှင့်တန်းတူရည်တူပါဝင်လာနိုင်စေရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအားလုံး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြခြင်းဖြင့် စွမ်းရည်ပြည့်ဝသည့် ဂုဏ်ယူဖွယ်ရာမြန်မာအမျိုးသမီးများဖြစ်လာမည်ဖြစ်ပါကြောင်း ယနေ့ကျရောက်သည့် မြန်မာအမျိုးသမီးများအတွက် ထူးခြားလေးနက်လှသည့် "မြန်မာအမျိုးသမီးများနေ့"ကို ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ရေးသားအပ်ပါသည်။

# မန္တလေးဈေးချိုတော်တွင် စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်နှင့် တိုင်းရင်းဆေးဝါးများ ဇူလိုင်လပထမပတ်အတွင်း အရောင်းအဝယ်ကောင်းနေ



**မန္တလေး ဇူလိုင် ၂**

မန္တလေး ဈေးချိုတော်တွင် စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်နှင့်တိုင်းရင်းဆေးဝါးများ ဇူလိုင်လပထမပတ်အတွင်း အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးဈေးချိုတော် အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့ရှိ ဈေးကြီးများထဲတွင် ဈေးချိုတော်မှာ အဝတ်အထည်၊ လူသုံးကုန်၊ စားသောက်ကုန်၊ အသီးအနှံအပါအဝင် အခြားပစ္စည်းအမျိုးမျိုးကို လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချပေးနေသည့် ဈေးကြီးတစ်ခုဖြစ်ကြောင်း၊ ဈေးချိုတော်တွင် ကုန်ခြောက်၊ အဝတ်အထည်၊ လူသုံးကုန်စသည့်ကုန်ပစ္စည်းများ ဇူလိုင်လပထမပတ်အတွင်း အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

"အခု ဈေးချိုတော်မှာ စားသောက်ကုန်ပစ္စည်းတွေ၊ လူသုံးကုန်ပစ္စည်းတွေ၊ တိုင်းရင်းဆေးဝါးတွေ ပြန်ပြီးတော့ အရောင်းအဝယ်ဖြစ်လာတယ်။ လတ်တလောကတော့ အဝတ်အထည်နဲ့ကုန်ခြောက်ပစ္စည်းတွေက အရောင်းအဝယ်အကောင်းဆုံးအနေအထားမှာရှိနေပါတယ်"ဟု ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြသည်။

အလားတူ မန္တလေးဈေးချိုတော်သို့ တရုတ်နိုင်ငံဘက်မှ ဝင်ရောက်လာသည့် အဝတ်အထည်ပစ္စည်းများအပါအဝင် အခြားလူသုံးကုန်ပစ္စည်းများလည်း အရောင်းအဝယ် ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အထက်မြန်မာနိုင်ငံတစ်ခုလုံးကို အဝတ်အထည်၊ စားသောက်ကုန်နဲ့ အခြားလူသုံးကုန်ပစ္စည်းအမျိုးမျိုးဖြန့်ချိပေးနေတာက ဈေးချိုတော်ပဲဖြစ်ပါတယ်။ အခုဈေးချိုတော်မှာ အဝတ်အထည်နဲ့ ကုန်ခြောက်တွေက ရောင်းအားအကောင်းဆုံးဖြစ်နေပြီး လူသုံးကုန်နဲ့ အလှကုန်ကတော့ ဒုတိယရောင်းအားအကောင်းဆုံး ကုန်စည်တွေပဲဖြစ်ပါတယ်"ဟု ဈေးအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ဆက်လက်ပြောပြသည်။

အဆိုပါ ဈေးချိုတော်တွင် စားသောက်ကုန်၊ အဝတ်အထည်၊ တိုင်းရင်းဆေးဝါး၊ ရွှေထည်ပစ္စည်းများ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းပေါင်း ၃၀၀၀ ကျော်ထိရှိကြောင်း သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့် အာလူးများ အရောင်းအဝယ်ကောင်းမွန်လာ

**မန္တလေး ဇူလိုင် ၂**

မန္တလေး ဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့် အာလူးများ အရောင်းအဝယ်ကောင်းမွန်လာကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ပခုက္ကူ၊ ရေဦးနှင့် နောင်ချိုဘက်မှ ထွက်ရှိသည့်အာလူးများကို အများဆုံးအရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း၊ ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့်အာလူးများကို ကုန်သည်များက ဝယ်ယူမှုများလာသဖြင့် အရောင်းအဝယ် ကောင်းမွန်လာကြောင်း သိရသည်။

"အခု နောင်ချိုနဲ့ ရေဦးဘက်က ထွက်တဲ့အာလူးတွေ မန္တလေးဈေးကွက်အတွင်း လက်ကျန်တော်တော်လေးများနေတယ်။ ပခုက္ကူဘက်က ထွက်တဲ့ အရည်အသွေးကောင်းတဲ့ အာလူးတွေ မန္တလေးဈေးကွက်အတွင်းမှာ လက်ကျန်နည်းလာတဲ့အပြင် ဝယ်ယူမှုကလဲ များပြားလာတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့် အာလူးဈေးနှုန်းမှာ ယနေ့တွင် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ခန့်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခု လောလောဆယ်ကတော့ အာလူးဈေးကွက်က အရောင်းအဝယ် ပြန်ပြီးကောင်းလာတယ်။ နောက်ပိုင်း ပြည်တွင်းကထွက်ရှိတဲ့ အာလူးတွေ အရောင်းအဝယ်က ဒီထက်ပိုပြီး ကောင်းမွန်လာနိုင်ပါတယ်"ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း ရင်ကွဲသရက်သီးများ တစ်လုံးလျှင် ငွေကျပ် ၃၀၀ ထိ ဈေးရရှိ

**မန္တလေး ဇူလိုင် ၂**

မန္တလေး ဈေးကွက်အတွင်း၌ ရင်ကွဲသရက်သီးများ တစ်လုံးလျှင် ငွေကျပ် ၃၀၀ ထိ ဈေးရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ရင်ကွဲသရက်သီးများသည် ရာသီကုန်တော့မည်ဖြစ်ကြောင်း၊ ရင်ကွဲသရက်သီးများသည် ယခုနှစ်တွင် အထွက်နည်းကြောင်း၊ လက်ရှိအချိန်တွင် နယ်များမှလက်ကျန်သီးများထွက်ရှိလာပြီး မန္တလေးဈေးကွက်အတွင်း တစ်လုံးလျှင် ငွေကျပ် ၃၀၀ ထိ ဈေးရရှိကြောင်း သိရသည်။

"ပြည်တွင်းဈေးကွက်မှာ ရင်ကွဲသရက်သီးက တစ်လုံးကို ငွေကျပ် ၃၀၀ ထိ ရရှိနေပါတယ်။ ဒီနှစ် ပြည်တွင်းဈေးကွက်မှာ ရင်ကွဲသရက်သီးကို ပေါပေါများများတွေ့ရပါတယ်။ အရင်နှစ်တွေထက် အရောင်းအဝယ် ကောင်းပါတယ်။ ပြည်တွင်းဈေးကွက်မှာ အလုံးလိုက်ပဲ ရောင်းတာတွေ့ရတယ်။ ခြင်းတွေနဲ့ ရောင်းချတာက နည်းပါတယ်။ ဈေးကွက်မှာတော့ အလုံးအရွယ်အစားပေါ်မူတည်ပြီး ရောင်းချကြပါတယ်။ အလုံးသန့်ရင်သန့်သလို ဈေးကောင်းရပါတယ်။ သရက်သီးက မြေပြန့်ပိုင်းမှာက ပြတ်သလောက်ဖြစ်သွားပြီ။ ရှမ်းပြည်နယ်ဘက်ပဲ သရက်သီးက ကျန်တော့တယ်။ ဒီနှစ် အရောင်းအဝယ်သွက်ပါတယ်"ဟု မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း စိန်တလုံး၊ ရင်ကွဲ၊ ရွှေဟင်္သာ၊ မချစ်စု၊ မယ်သီ၊ ပတ္တမြားငမောက် သရက်သီးတို့ကို အများဆုံးစိုက်ပျိုးကြကြောင်း၊ လက်ရှိအချိန်တွင် ရင်ကွဲသရက်သီးများကို ပြည်တွင်းဈေးကွက်အတွင်း ရောင်းချနေကြောင်း အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပြည်မြို့နယ် တောင်လုံးညိုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းမြေနီခင်းခြင်းလုပ်ငန်း စစ်ဆေး

**ပြည် ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တောင်လုံးညိုကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းမြေနီခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ တောင်လုံးညိုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တာဝန်ခံအင်ဂျင်နီယာများနှင့်တွေ့ဆုံ၍ လုပ်ငန်းများသတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။

ပြည်မြို့နယ် တောင်လုံးညိုကျေးရွာ၌ အရှည်ပေ ၅၈၀၀ ရှိ ကျေးလက်ကုန်ထုတ်လမ်းပေါ်တွင် အကျယ် ၁၆ ပေ၊ အမြင့် နှစ်ပေရှိ မြေသားတင်ခြင်းလုပ်ငန်း၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်၌ အချင်း နှစ်ပေ၊ အရှည်ပေ ၂၀ ရှိ Pipe Culvert ငါးစင်းတည်ဆောက်ခြင်းလုပ်ငန်း၊ အရှည် ၁၈ ပေ၊ အကျယ် ခြောက်ပေ သုံးလက်မ၊ အမြင့် ငါးပေ ခြောက်လက်မရှိ Box Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၈၁ ဒသမ ၃၈ သန်း အသုံးပြုပြီး ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ဇွန် ၁၇ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပါက တောင်လုံးညိုကျေးရွာရှိ အိမ်ခြေ ၁၈၆ အိမ်မှ တောင်သူများပိုင်ဆိုင်သော လယ်ယာစိုက်ပျိုးမြေဧက ၄၀၀ ကျော်မှထွက်ရှိမည့် ထွက်ကုန်သီးနှံများကို ဈေးကွက်သို့အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က ပြောပြ၍ သိရသည်။ **ကိုညို**

# မင်းလှမြို့နယ်၌ VDP စီမံချက်ရေးဆွဲနည်းနှင့် AVIP ရေးသွင်းနည်းသင်တန်း ဖွင့်လှစ်

**မင်းလှ ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) စီမံချက်ရေးဆွဲနည်းနှင့် AVIP ရေးသွင်းနည်းသင်တန်းကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ သင်တန်းမှ သင်ကြားပို့ချပေးမည့် သင်ခန်းစာများကို လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အကျိုးရှိစွာ အသုံးပြုနိုင်သည်ထိ ကြိုးစားသင်ယူစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာက သင်တန်းစဉ်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် တာဝန်ရှိသူများက သင်ထောက်ကူ ပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးတက်ရောက်ပြီး ကျွမ်းကျင်နည်းပြဆရာ၊ ဆရာမများက သုံးရက်ကြာစာတွေ့၊ လက်တွေ့အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ရှိုလေး**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၁၇၈၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ဝက်လက် ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၁၇၈၅ ဧကထိ ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ ရိတ်သိမ်းမှုကို ယခုနှစ် ဇွန်လမှ စတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ ၁၇၈၅ ဧက ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၈၄ ဒသမ ၆၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ဝက်လက်မြို့နယ်အတွင်း နွေသီးနှံစိုက်ပျိုးရာသီမှာ နွေစပါးဧက ၁၀၂၂၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၇၈၅ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးတာတွေ လုပ်ဆောင်ခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေစပါး စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးရန်၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနိုင်ရန်၊ စီးပွားဖြစ်မျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# တောင်သာမြို့နယ် ရထားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရထားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလင်းနွယ်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက် လူနေမှုအဆင့်အတန်း ကွာဟမှုကို လျော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကိုထုတ်ချေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပပဝင်းခိုင်က ရထားကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်မြစိမ်းရောင်စီမံကိန်းတာဝန်ခံက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရထားကုန်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၂၄၁ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၄၃ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂၃ သိန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။ **ချစ်ဦးကို**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မွေးမြူရေးအသားစားကြက် ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ပန်းတနော် ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မွေးမြူရေးအသားစားကြက် ပိဿာချိန် ၇၈၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ် မွေးမြူရေးနှင့် ရေထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်ချိုက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက မွေးမြူရေးအသားစားကြက် ပိဿာချိန် ၆၅၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ရန်ကုန်ဈေးကွက်သို့ မွေးမြူရေးအသားစားကြက် ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မွေးမြူရေးအသားစားကြက် အကောင်လိုက်အရှင်ကို ပိဿာချိန်နဲ့ တင်ပို့ရောင်းချနေပါတယ်။ ဇွန်လအတွင်း ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဇွန်လတစ်လအတွင်း အသားစားကြက်ပိဿာချိန် ပိုမိုရောင်းချထားရသလို ဈေးကလဲ ကောင်းနေပါတယ်။ ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မွေးမြူရေး အသားစားကြက်တွေအပြင် အခြားရေထွက်ကုန်တွေကိုလဲ တင်ပို့ရောင်းချနေရပါတယ်။ မွေးမြူရေးအသားစားကြက်တွေ အရောင်းအဝယ် ကောင်းလာတာကြောင့် မွေးမြူတဲ့သူတွေကတော့ အမြတ် အဆင်ပြေတာတွေ့ရပါတယ်"ဟု ပန်းတနော်မြို့နယ် မွေးမြူရေးနှင့် ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ချိုက ပြောပြသည်။

ပန်းတနော်မြို့နယ်အတွင်းမှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မွေးမြူရေးအသားစားကြက် ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၁၀၈၀၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါ မွေးမြူရေးအသားစားကြက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့မှုရောင်းအားတက်လာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ အသားစားကြက် အရောင်းအဝယ် ပြုလုပ်သူများ၊ ကုန်ကားပိုင်ရှင်များ အဆင်ပြေနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



# အမရပူရမှ မကွေးမင်းကြီး ဦးကြာဥကျောင်း

မောင်သာ(ရှေးဟောင်းသုတေသန)

ကုန်းဘောင်ခေတ်နှောင်းပိုင်းဖြစ်သည့် အမရပူရခေတ်နှင့် ရတနာပုံခေတ်တို့တွင် တည်ဆောက်ခဲ့သည့် ခမ်းနားထည်ဝါသော သစ်သားဘုန်းကြီးကျောင်း အဆောက်အအုံများတွင် မကွေးမင်းကြီးဦးကြာဥ တည်ဆောက်လှူဒါန်းခဲ့သည့်ကျောင်းလည်းပါဝင်ခဲ့သည်။

ကျောင်း၏တည်ဆောက်ထားဟန်သည် အမရပူရခေတ်ထိရှိခဲ့သည့် ရွှေဘိုနန်းတော်ကဲ့သို့ "အဆက်ဆောင်" ရိုးရာဗိသုကာဟန်၊ ရှားပါးသော ဘုန်းကြီးကျောင်းတစ်ကျောင်းဖြစ်ကြောင်း မြန်မာမှုပညာရှင် တမ္ပဝတီ ဦးဝင်းမောင်က သုံးသပ်ခဲ့သည်။

ကုန်းဘောင်ဘုရင်လေးဆက်တိုင် မြှောက်စားခံခဲ့ရသူ မကွေးမင်းကြီးတည်ဆောက်ခဲ့သည့် သစ်သားကျောင်းကြီးသည် ကုန်းဘောင်ခေတ်တစ်လျှောက်၌ ဘုရင်၊ မိဖုရားနှင့် တော်ဝင်မျိုးနွယ်မိသားစုများ တည်ဆောက်ခဲ့သည့်ကျောင်းများနည်းတူ ကြီးကျယ်ခမ်းနားလှသည်။ အဆိုပါသစ်သားကျောင်းကြီးကို မြန်မာနိုင်ငံသို့ ၁၈၅၅ ခုနှစ် စက်တင်ဘာလတွင် ရောက်ရှိခဲ့သည့် ဆာအာသာဖယ်ရာဦးဆောင်သည့် သံတမန်အဖွဲ့က ဓာတ်ပုံရိုက်ကာ မှတ်တမ်းတင်ခဲ့သဖြင့် မူလလက်ရာကျောင်းအဆောက်အအုံကို တွေ့မြင်ကြရပေသည်။

**မကွေးမင်းကြီးဦးကြာဥ**

ဦးကြာဥသည် ကုန်းဘောင်မင်းဆက် သတ္တမမြောက်ဘုရင် စစ်ကိုင်းမင်း(၁၈၁၉-၁၈၃၇)လက်ထက်တွင် ငွေခွန်ဝန်၊ ထန်းတပင်မြို့စား မင်းလှသီဟသူအဖြစ် ချီးမြှောက်ခံခဲ့ရသည်။ မင်းတုန်းမင်းလက်ထက်တွင် မင်းလှသီဟသူသည် မကွေးမင်းကြီးဟုကျော်ကြားထင်ရှားခဲ့သည်။

ဦးကြာဥသည် အလွန်ထူးချွန်ထက်မြက်ပြီး သတ္တိ၊ ဗျတ္တိနှင့်ပြည့်စုံသူတစ်ဦးဖြစ်၍ စစ်ကိုင်းမင်း၊ သာယာဝတီမင်း၊ ပုဂံမင်းနှင့် မင်းတုန်းမင်းလက်ထက်တို့တွင် အရေးပါသောရာထူးများကို ထမ်းဆောင်ခဲ့ရသည်။ ဦးကြာဥသည် သာယာဝတီမင်း(၁၈၃၇-၁၈၄၆)၊ ပုဂံမင်း(၁၈၄၆-၁၈၅၃)နှင့် မင်းတုန်းမင်း(၁၈၅၃-၁၈၇၈) တို့ကို ထီးနန်းရရှိရန် စီစဉ်ပေးနိုင်ခဲ့သည်။

စစ်ကိုင်းမင်းနန်းမကျမီ ငွေခွန်ဝန်ဦးကြာဥသည် စစ်ကိုင်းမင်းနှင့် ညီတော်သာယာဝတီမင်းသားကြားတွင် လူယုံအဖြစ် အပြန်အလှန်ကူးလူးဆက်ဆံခဲ့ရသည်။ စစ်ကိုင်းမင်းနန်းပကျန်းဖြစ်ချိန်တွင် ငွေခွန်ဝန် ဦးကြာဥသည် စစ်ကိုင်းမင်း၏မိဖုရားခေါင် မယ်နု၏အစ်ကို ဦးအို နန်းလုမည့်အရေးကိုတားဆီးနိုင်ရန် သာယာဝတီမင်းသားကို ဘေးတော်အလောင်းမင်းတရား ဦးအောင်ဇေယျ၏ဇာတိအောင်မြေ ရွှေဘိုသို့သွားရန် အကြံပြု၍ စစ်ကိုင်းမင်းကို ပုန်ကန်ခြားနားစေခဲ့သည်။ အရေးတော်ပြီးချိန်တွင် သာယာဝတီမင်းသားသည် ထီးနန်းကို ဆက်ခံနိုင်ခဲ့သည်။ ထို့ကြောင့် သာယာဝတီမင်းသည် သက္ကရာဇ် ၁၂၀၀ ခုနှစ်၊ နယုန်လဆန်း ၃ ရက်(၁၈၃၈ ခုနှစ်၊ မေ ၂၅ ရက်)တွင် ငွေခွန်ဝန်ဦးကြာဥကို မင်းလှမဟာသီဟသူဘွဲ့ ချီးမြှင့်ကာ ကျီဝန်ခန့်ခဲ့သည်။

ရွှေနန်းသုံးဝေါဟာရအဘိဓာန်တွင် ဘုရင်မင်းမြတ်က "စပါးတော် ဆန်တော်နှင့်စပ်လျဉ်း၍ ထိန်းသိမ်းရန် ကျီဝန်ခန့်ထားတော်မူသည်"ဟု ဖော်ပြထားသည်။ ကျီဝန်ရုံးသည် ရွှေမြို့တော်မြောက်မျက်နှာ အလယ်တံခါးအဝင် လက်ဝဲဘက်၌ရှိ၍ ကျီစုအမှုထမ်း ၂၀၀ ကျော်ရှိခဲ့သည်ဟုဆိုသည်။

သာယာဝတီမင်း နတ်ရွာစံချိန်တွင် ပုဂံမင်းက ထီးနန်းဆက်ခံခဲ့ပြီးနောက် ဦးကြာဥကို မင်းတိုင်ပင် အရာနှင့် ကျောက်ပန်းတောင်းမြို့ကို စားစေခဲ့သည်။

ဦးကြာဥသည် ညီတော်မင်းတုန်းမင်းသားက နောင်တော်ပုဂံမင်းကို ပုန်ကန်ချိန်တွင် အမရပူရမြို့ကို သိမ်းပိုက်နိုင်ရန် မြို့တံခါးကိုဖွင့်ပေးခဲ့သဖြင့် မင်းတုန်းမင်းသားသည် အမရပူရထီးနန်းကို ရယူစိုးစံနိုင်ခဲ့သည်။ မင်းတုန်းမင်းလက်ထက်တွင် ဦးကြာဥသည် မကွေးမြို့ကိုစား၍ သတိုးမင်းကြီးမဟာစည်သူဘွဲ့ကိုရရှိပြီး အဂ္ဂမဟာသေနာပတိဝန်ကြီးဖြစ်လာခဲ့သည်။

သက္ကရာဇ် ၁၂၂၈ ခုနှစ်တွင် မင်းတုန်းမင်းကို ပုန်ကန်သည့် မြင်ကွန်း၊ မြင်းခုံတိုင်အရေးတွင်ပါသည့် သူပုန်တို့ကို မကွေးမင်းကြီး ဦးကြာဥသည် စားနပ်ရိက္ခာထောက်ပံ့ခဲ့သော်လည်း မင်းတုန်းမင်းထံမှောက်တွင် ဟုတ်မှန်သည့်အတိုင်းဖြောင့်ချက်ပေးခဲ့သဖြင့် အသက်ချမ်းသာရခဲ့သည်။

နောင်အခါတွင် ယောမင်းကြီးဦးဘိုးလှိုင်ဟု ထင်ရှားလာခဲ့သည့် ယောမြို့စား မင်းသားမောင်ဘိုးလှိုင်ကို မကွေးမင်းကြီး ဦးကြာဥ၏သမီးအငယ် မခင်ဖြူနှင့် လက်ထပ်ရန် မင်းတုန်းမင်းကအမိန့်ချခဲ့သဖြင့် မကွေးမြို့စားနှင့် ယောမြို့စားတို့သည် ယောက္ခမနှင့် သမက် တော်ဝင်သွားခဲ့ကြသည်။

**မကွေးမင်းကြီးကျောင်း**

မကွေးမင်းကြီးဦးကြာဥ၏ နိုင်ငံတကာဆက်ဆံရေး ဆောင်ရွက်ချက်များနှင့် နောင်အခါတွင် ဖန်ချက်ဝန် ဖြစ်လာသည့် မောင်ရွှေအိုးအပါအဝင် လူငယ်များကို ပြည်ပနိုင်ငံသို့ ပညာတော်သင်စေလွှတ်သည့် ဆောင်ရွက်ချက်များသည် အလွန်ထင်ရှားခဲ့သော်လည်း သာသနာရေးဆိုင်ရာဆောင်ရွက်ချက်များကို ပြည့်စုံစွာ မှတ်တမ်းတင်ခဲ့ခြင်းမရှိချေ။

မင်းတုန်းမင်းသည် အမရပူရတွင် နန်းစံနေခိုက် ဆာအာသာဖယ်ရာ ဦးဆောင်သည့် သံတမန်အဖွဲ့သည် ၁၈၅၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၂၂ ရက်ထိ အမရပူရသို့လာရောက်ခဲ့သည်။ ထိုခရီးစဉ်အတွင်း ဗြိတိသျှသံတမန်အဖွဲ့သည် မြန်မာဝန်ကြီးများနှင့်တွေ့ဆုံခဲ့ရာတွင် ဩဇာတိက္ကမအကြီးဆုံးနှင့် ဉာဏ်ပညာအထက်မြက်ဆုံးပုဂ္ဂိုလ်ဟု ထင်ရှားသည့် မကွေးမင်းကြီးဦးကြာဥကို ပထမဆုံး သွားရောက်တွေ့ဆုံခဲ့သည်။

၁၈၅၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် မကွေးမင်းကြီးဦးကြာဥက သံတမန်အဖွဲ့ကို မိမိနေအိမ်၌ စားသောက်ပွဲဖြင့်ဧည့်ခံခဲ့ပုံကို သံတမန်အဖွဲ့ အတွင်းရေးမှူး ဟင်နရီယူးလ်က အင်းဝရွှေနန်းရောက်ဗြိတိသျှသံအဖွဲ့မှတ်တမ်း(၁၈၅၅)စာအုပ်တွင် မှတ်တမ်းတင်ခဲ့ရာ ၎င်းစာအုပ်ကို စာရေးဆရာတက္ကသိုလ်နေဝင်းက မြန်မာဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည်။

ဗြိတိသျှသံတမန်အဖွဲ့သည် မကွေးမင်းကြီး ဦးကြာဥကို ၁၈၅၅ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ထပ်မံတွေ့ဆုံခဲ့သည်။ အောက်တိုဘာ ၁၂ ရက်တွင် သံတမန်အဖွဲ့ယူဆောင်လာသည့် အင်္ဂလိပ်-မြန်မာ ချစ်ကြည်ရေးစာချုပ်မူကြမ်းကို မကွေးမင်းကြီးဦးကြာဥက ဖတ်ရှုပြီး သံတမန်အဖွဲ့ခေါင်းဆောင် မေဂျာဖယ်ယာနှင့် ဆွေးနွေးခဲ့သည်။

ခရီးစဉ်တွင်လိုက်ပါလာခဲ့သည့် သံတမန်အဖွဲ့ဝင် ဓာတ်ပုံဆရာ Linnaeus Tripe သည် ခရီးစဉ်အတွင်း ဓာတ်ပုံ ၂၀၀ ကျော်ရိုက်ကူးခဲ့ပြီး ပုံ ၁၂၀ ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဓာတ်ပုံမှတ်တမ်း၌ အမရပူရတွင် ရိုက်ခဲ့သည့် ဓာတ်ပုံ ၅၈ ပုံပါဝင်ခဲ့ပြီး မကွေးမင်းကြီး ဦးကြာဥတည်ဆောက်ခဲ့သည့် သစ်သားဘုန်းကြီးကျောင်းအဆောက်အအုံကို (Magwe Wundouk Kyoung)ဟုခေါင်းစီးတပ်ကာဖော်ပြခဲ့သည်။ အဆိုပါကျောင်းအဆောက်အအုံကို အရွယ်ပမာဏထူးခြားကာ လသာဆောင်မပါရှိဟု မှတ်ချက်ပြုခဲ့သည်။

ရှေးအခါက သစ်သားဘုန်းတော်ကြီးကျောင်းများကို တည်ဆောက်ရာတွင် ကျောင်းအဆောက်အအုံကို ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီး (အရှေ့မာရဘင်ဆောင်နှင့် အနောက်မာရဘင်ဆောင်)၊ ဘောဂဆောင်တို့ဖြင့်ဖွဲ့စည်း၍ အပြောက်အမွမ်းများဖြင့် တန်ဆာဆင်လေ့ရှိခဲ့ကြသည်။

သို့သော် မကွေးမင်းကြီးကျောင်းသည် ကျောင်းဦးပြာသာဒ်ဆောင်မပါရှိဘဲ ဘုရားဆောင်၊ ဆောင်မကြီးနှင့် ဘောဂဆောင်တို့သာ ပါဝင်ခဲ့သည်။ ကျောင်းပင်မအဆောက်အအုံတစ်ဖက်စီတွင် ခန်းနေဆောင်သုံးဆောင်စီဆောက်လုပ်ထားပြီး ကျောင်းအဆောက်အအုံ၏ တောင်ဘက်နှင့် မြောက်ဘက်တွင် သရက်ကင်းလှေကားနှစ်ခုစီ တပ်ဆင်ထားသည်။

မကွေးမင်းကြီး ဦးကြာဥကျောင်းကို တိုင်လုံးပေါင်း ၂၆၆ တိုင်ဖြင့် တည်ဆောက်ထားကာ စုလစ်မွမ်းချွန် အပြောက်အမွမ်းများဖြင့် တန်ဆာဆင်ခဲ့သည်။

**ကုန်းဘောင်နှင့် ရတနာပုံခေတ်ဘုန်းကြီးကျောင်းများ**

ကုန်းဘောင်ခေတ်နှင့် ရတနာပုံခေတ်တွင် မြန်မာနိုင်ငံအထက်ပိုင်း၌ သစ်သားဘုန်းတော်ကြီးကျောင်းများကို အများဆုံးတည်ဆောက်ခဲ့ကြသည်။ ဘုရင်၊ မိဖုရားနှင့် သားတော်၊ သမီးတော်များမှအပ ကျောင်းဆောက်လုပ်လှူဒါန်းလိုသည့် တော်ဝင်မိသားစုများ၊ မင်းမှုထမ်းဝန်ကြီးများ၊ သူဌေးသူကြွယ်များသည် ဘုရင်ထံမှခွင့်ပြုချက်ရပြီးမှသာ ဘုန်းကြီးကျောင်းအဆောက်အအုံကို ကျွန်းသစ်ဖြင့်တည်ဆောက်ကြရသည်။

ရှင်ဘုရင်က ကျောင်းထိုင်မည့်ဆရာတော်နှင့် အလှူရှင်၏ ဂုဏ်ရည်အဆင့်အတန်းကိုကြည့်၍ ကျောင်းဆောက်လုပ်ခွင့်ပြုခြင်းဖြင့် တစ်ကျောင်းနှင့်တစ်ကျောင်း တည်ဆောက်ပုံဟန်များသည် မတူညီကြချေ။ ပရိယတ်၊ ပဋိပတ်နှင့်ပြည့်စုံသော ဘုန်းတော်ကြီးကို လှူဒါန်းမည့်ကျောင်းတွင် လှေကားလေးစင်းတပ်ဆင်ခွင့်ပြုသကဲ့သို့ ကျောင်းဆောက်လုပ်မည့် အရပ်ဒေသမှ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ဆရာတော်ထိုင်မည့် ကျောင်းဖြစ်လျှင် ကျောင်းအောက်ခြေပတ်လည်၌ စိန်တောင်တံတိုင်း ပတ်ခွင့်ပြုသည်။

ကျောင်းထိုင်မည့်ဘုန်းတော်ကြီးသည် စာပေ မတတ်မြောက်သည့်ရဟန်း သို့မဟုတ် အသက်ကြီးမှ ရဟန်းပြုသည့် တောထွက်ဘုန်းကြီးဆိုပါက ကြီးမားခံ့ညားသောကျောင်းကို ဆောက်ခွင့်မပြုဘဲ လှေကား တစ်စင်းတပ်သည့်ကျောင်းငယ်ကိုသာ ဆောက်လုပ်ရပေသည်။

ထို့အတူ ကျောင်းဆောက်လုပ်လှူဒါန်းမည့် အလှူရှင်သည် တော်ဝင်မျိုးနွယ် သို့မဟုတ် မြို့ဝန်၊ မြို့စား စသည့်မင်းမှုထမ်း သို့မဟုတ် ရှင်ဘုရင်က အသိအမှတ်ပြုထားသည့် သူဌေးသူကြွယ်မဟုတ်လျှင် ဘုန်းကြီးကျောင်းကို အပြောက်အမွမ်းများ ခြယ်သခွင့်မရှိချေ။


ဘုရင်မင်းမြတ်သည် ဘုန်းကြီးကျောင်းတည်ဆောက်ရန်ခွင့်ပြုမိန့်ကို တစ်ကြောင်းစာချွန်ဖြင့် အမိန့်ထုတ်ပြန်ပေးလေ့ရှိသည်။ ရှင်ဘုရင်၏ အမိန့်တော်ကို ရှည်လျားသော ထန်းဖူးညွန့်တစ်မျက်နှာတွင် စာတစ်ကြောင်းတည်းသာ သတ်စုံနှင့်ရေးသဖြင့် တစ်ကြောင်းစာချွန်ဟု ခေါ်ဝေါ်သည်။ (သတ်စုံရေးဆိုသည်မှာ မူလအက္ခရာရှိရင်းအတိုင်း ပြည့်စုံအောင် ရေးသားခြင်းကို ဆိုလိုသည်။) အလှူရှင်သည် ရှင်ဘုရင်ထံမှ ခွင့်ပြုမိန့်ရလျှင် နိုင်ငံပိုင်သစ်တောမှ ကျွန်းသစ်များကိုထုတ်ယူပြီး ရှင်ဘုရင်ခွင့်ပြုသည့် အတိုင်း ကျောင်းထိုင်ပုဂ္ဂိုလ်နှင့် အလှူရှင်၏အဆင့် အပေါ်မူတည်လျက် ကျောင်းအဆောက်အအုံကို ဆောက်လုပ်ကြရသည်။ ကျောင်းဆောက်လုပ်ပြီးစီးချိန်တွင် မိမိတို့ရည်ရွယ်သည့် သံဃာတော်ကို ကျောင်းအပ်လှူဒါန်းကြဖြစ်သည်။

အမရပူရနန်းမြို့တော်တွင် ဘိုးတော်ဘုရား စစ်ကိုင်းမင်း တည်ဆောက်လှူဒါန်းခဲ့သည့် ရတနာဘုံသာကျောင်း၊ သာယာဝတီမင်း၏ မိဖုရားခေါင်ကြီး တည်ဆောက်လှူဒါန်းခဲ့သည့် မဟာတုလွတ်ဘုံကျော်၊ အရံကျောင်းနှစ်ကျောင်းဖြစ်သည့် မယ်တော်ကျောင်းနှင့်သမီးတော်ကျောင်းတို့သည် ထင်ရှားခဲ့ကာ သမိုင်းမှတ်တမ်းများရှိခဲ့သည်။

အမရပူရခေတ်တွင်တည်ဆောက်ခဲ့သည့် မကွေးမင်းကြီးဦးကြာဥကျောင်းသည် ကျောင်းအဆောက်အအုံမှတ်တမ်းဓာတ်ပုံများရှိခဲ့သည့်တိုင် မည်သည့်ခုနှစ်တွင်တည်ဆောက်ခဲ့ကြောင်း ထင်ရှားခြင်းမရှိသကဲ့သို့ မည်သည့်ဆရာတော်ကို တင်လှူခဲ့ကြောင်းလည်း မထင်ရှားခဲ့ချေ။ ဘုရင်တည်ဆောက်လှူဒါန်းသည့်ကျောင်းမဟုတ်သဖြင့် ရာဇဝင်ကျမ်းများတွင် အထူးတလည် ဖော်ပြမထားခြင်းသာဖြစ်နိုင်ကြောင်း ယူဆရပေသည်။

မည်သို့ပင်ဖြစ်စေ ဗြိတိသျှသံတမန်အဖွဲ့က မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည့် မကွေးမင်းကြီး ဦးကြာဥကျောင်းသည် အမရပူရနေပြည်တော်တွင် ခံ့ထည်စွာတည်ရှိခဲ့သည့် မြန်မာ့ဗိသုကာလက်ရာ သစ်သားအဆောက်အအုံကြီး တစ်ခုဖြစ်ကြောင်း ဓာတ်ပုံများက သက်သေပြနေသည်။

ခမ်းနားထည်ဝါစွာရှိခဲ့သည့် မကွေးမင်းကြီး ဦးကြာဥကျောင်းသည်လည်း အခြားသောသစ်သား ကျောင်းအဆောက်အအုံများကဲ့သို့ပင် ကာလရှည်ကြာလာချိန်တွင် ပျက်စီးပျောက်ကွယ်ခဲ့ပေသည်။



ဓာတ်ပုံဆရာ Linnaeus Tripe ရိုက်ကူးခဲ့သည့် မကွေးမင်းကြီးကျောင်းကို တွေ့ရစဉ်။

**ကိုးကား**


- ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး (ဦးမောင်မောင်တင်)
- မဟာလူရည်ချွန် ရွှေပြည်ဝန်ကြီးဦးဘိုးလှိုင် (ရွှေဘိုမိမိကြီး)
- အင်းဝရွှေနန်းရောက် ဗြိတိသျှသံအဖွဲ့မှတ်တမ်း(၁၈၅၅) (တက္ကသိုလ်နေဝင်း မြန်မာပြန်)

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါ ၆၀၇ ဧက စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ချည်မျှင်ရှည်ဝါ ဧက ၅၈၀၀ လျာထားစိုက်ပျိုးလျက်ရှိရာ ယနေ့ထိ ၆၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။



ယခင်နှစ်က ချည်မျှင်ရှည်ဝါစိုက်ခင်းကို တွေ့ရစဉ်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေကိုအမှီပြုပြီး ဝါစိုက်ပျိုးမှုကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဇွန်လ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ သတ်မှတ်လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး ဝန်ထမ်းများက သက်ဆိုင်ရာနယ်မြေအလိုက် ဝါစိုက်တောင်သူများကို အခြေခံ စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များကို ကွင်းဆင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဒေသခံတောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့နဲ့ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ရည်ရွယ်ပြီး ချည်မျှင်ရှည်ဝါစိုက်ပျိုးတာကို တစ်မြို့နယ်လုံး ဧက ၅၈၀၀ လျာထားစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ဒီနေ့ထိ ၆၀၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ချည်မျှင်ရှည်ဝါက ဈေးကွက်ရှိတဲ့အတွက် နှစ်စဉ် မိုးရာသီမှာ ဒေသခံတောင်သူတွေက အားထားစိုက်ပျိုးကြပါတယ်။ ချည်မျှင်ရှည်ဝါကို ပွင့်ဖြူမြို့နယ် ကန်ပြည့်ကျေးရွာ၊ ကွဲတိကျေးရွာ၊ မဒဲကျေးရွာ၊ ကျောင်းကုန်းကြီးကျေးရွာ၊ ကျစ်ကိုင်းကျေးရွာ၊ ရေပုတ်ကြီးကျေးရွာ၊ ချောင်းဆုံကျေးရွာ၊ မဲဇလီကျေးရွာ၊ ဇီးတောကျေးရွာ၊ ကွဲတံခါးကျေးရွာ၊ ကုလားဟောင်းကျေးရွာ၊ မုန်းမြင့်ကျေးရွာနဲ့ ရေပုတ်လေးကျေးရွာက ဒေသခံတောင်သူတွေက အားထားစိုက်ပျိုး လုပ်ကိုင်ကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကျောက်တန်းမြို့နယ် ကြံပင်ကျေးရွာ၌ Smart Village စီမံကိန်းနှင့် RBF စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကျောက်တန်း ဇူလိုင် ၂**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြံပင်ကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်း(Smart Village) နှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်က ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းနှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်းတို့၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါလုပ်ငန်းစဉ်များ၊ ကျေးရွာကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကော်မတီဝင်များ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်း ကော်မတီဝင်ခုနစ်ဦးနှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ရေးစီမံကိန်းကော်မတီဝင် ငါးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ကျောက်တန်းမြို့နယ် ကြံခင်းကျေးရွာ၌ Smart Village စီမံကိန်းနှင့် RBF စီမံကိန်းတို့ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်ထံမှ သိရသည်။

**ကျော်ဇော်ဦး(မောရှမ်းမြေ)**

# တို့မြန်မာ မယ်လေးတွေ

\- ပုခက်တွေ လွှဲသောလက်များ
ထက်မြက်ကြွား အားသစ်မြိုင်မြိုင်နဲ့
မောင်တို့ကိုပြိုင် ရင်ပေါင်တန်းလာကြ
စွမ်းပြိုင်ထမ်း မယ်တို့တွေ။

\- "မောင်တစ်ထမ်း မယ်တစ်ရွက်"တဲ့
မရှောင်တမ်းရယ် ဇယ်စက်
အောင်ပန်းရွယ် ဘယ်မပျက်
တက်ကြွတဲ့ အားမာန်
ထက်သန်တဲ့ စိတ်ဇွဲ
အားခဲကာ ရင်ဝယ်ပိုက်လို့
မငိုက်မနွဲ့လေပြီကွဲ့
ကိုယ်စီဝန်ကျေ။

\- တတ်နိုင်ရာ ရှိအစွမ်းနဲ့
မရပ်မငိုင်ကာ ဖြည့်လှမ်းခဲ့
မညည်းတမ်း အပြုံးနှင်းလို့
စည်းကမ်း နည်းလမ်း နှလုံးသွင်းရှု
အိမ်ထောင်မှုလည်း မပျက်စေ
ဝတ်ညီထွေ ကျင့်ကြံပွား
အုတ်တစ်ချပ် သဲတစ်ပွင့်လေ
မြဲအသင့်ပေ ရင့်သန်ထား။

\- (ကွယ်. . . )
ခြေတစ်လှမ်း ကုဋေတစ်သန်းတန်သူတို့
ပြေ(ပြည်)အဝှမ်း အမွေပန်းတဝေဝေနဲ့
မသွေမြန်း အသရေလျှမ်းပြီပ
အောင်ပန်းပန် အမျိုးကောင်းသမီးပီသစွာနဲ့
မြင့်မြတ်လှ မျိုးဂုဏ်ဆောင်လေတဲ့
ပြည့်ဂုဏ်ရောင် ပြည်ချစ်မယ်လေးတွေ
ပံ့မွေးကြူ ထွန်းပြောင်တင့်ကာဖြင့်
'ရှိန်ဟုန်မြှင့် တိုးတက်နေရအောင်
ဘဝလမ်းထွင် မြှုပ်နှံပေးကာပ'
ဖေးမအစဉ် မူဘောင်အခွင့်နဲ့
ကိုယ့်မျိုးဂုဏ် ထိန်းစောင့်ကျင့်ရင်း
မျိုးချစ်မာန် ရှင်သန်ဝင့်လို့
အမျိုးသားရေး သန္နိဌာန်မြှင့်စို့
(တို့မြန်မာ မယ်ကလေးများ. . . )
မြင့်မားစေသား။ ။

**မင်းသွေးနွယ်(ဓနုကုန်း)**

(မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ယူကရိန်းအက်စ်ယူ-၂၇ တိုက်လေယာဉ်များကို ဖျက်ဆီးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနထုတ်ပြန်



**မော်စကို ဇူလိုင် ၂**

ယူကရိန်းအလယ်ပိုင်း ပိုလ်တာဗာဒေသ မိုင်ဟိုရော့ဒ်လေတပ်စခန်းကို အစ်ကန်းဒါးအမ်ဖိုးကျည်များဖြင့် တိုက်ခိုက်၍ ယူကရိန်းလေတပ်၏ အက်စ်ယူ-၂၇ တိုက်လေယာဉ်ငါးစင်းကို ဖျက်ဆီးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် အဆိုပါအစ်ကန်းဒါးအမ်ဖိုးကျည်တိုက်ခိုက်မှုတွင်အခြား အက်စ်ယူ-၂၇ တိုက်လေယာဉ်နှစ်စင်းလည်း အပျက်အစီးများရှိခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

မိုင်ဟိုရော့ဒ် လေတပ်စခန်းတိုက်ခိုက်ခံခဲ့ရကြောင်း ယူကရိန်းနိုင်ငံက အတည်ပြုထားသော်လည်း အပျက်အစီးပမာဏကို အသေးစိတ်ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

မိုင်ဟိုရော့ဒ် လေတပ်စခန်းအားတိုက်ခိုက်ခဲ့သည့်အချိန်ကာလကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံထုတ် ပထမအသုတ် အက်ဖ်-၁၆ လေယာဉ်များကို လက်ခံရယူရန် ယူကရိန်းက ပြင်ဆင်နေချိန်တွင် ရုရှားနိုင်ငံကလည်း ယူကရိန်းလေတပ်စခန်းများကို ပိုမိုတိုက်ခိုက်လျက်ရှိသည်။

အနောက်အုပ်စု နိုင်ငံများက ယူကရိန်းသို့ပေးပို့မည့် အက်ဖ်-၁၆ တိုက်လေယာဉ်များကို ဖျက်ဆီးမည်ဟု ရုရှားအစိုးရက ပြောကြားထားကြောင်း သိရသည်။**Ref : RT**

**Trs : KKO**

## အိန္ဒိယ၌ ဘာသာရေးပွဲတော်လူပြိုမှုဖြစ်ပွား အနည်းဆုံး ၂၇ ဦးသေဆုံး၍ အများအပြားဒဏ်ရာရရှိ

**ဒေလီ ဇူလိုင် ၂**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်ဟာသရက်စ်ခရိုင် ဘာသာရေးပွဲတော်တစ်ခု၌ ယနေ့တွင်လူပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူပေါင်း ၂၇ ဦး သေဆုံးခဲ့ရသည်။

လက်ရှိအချိန်ထိ လူပြိုမှုအတွင်း သေဆုံးခဲ့သူ ၂၇ ဦးတို့၏ ရုပ်အလောင်းများ လက်ခံရရှိထားပြီး သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်ကြောင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ် ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဟာသရက်စ်ခရိုင် ကျေးရွာတစ်ရွာရှိ ဟိန္ဒူဘုရားကျောင်းတစ်ကျောင်း၌ ဘာသာရေးပွဲတော်ကျင်းပနေစဉ် လူပြိုမှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ် ရဲတပ်ဖွဲ့သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါလူပြိုမှုဖြစ်စဉ်အတွင်း လူအများအပြားလည်း ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် လူပြိုမှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို အိန္ဒိယတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ ဘာသာရေးပွဲတော်များတွင် လူပြိုမှုများ မကြာခဏဖြစ်ပွားတတ်ရာ ၂၀၁၃ ခုနှစ်ကလည်း မဒရာပရာဒေ့ရှ်ပြည်နယ်၌ဖြစ်ပွားခဲ့သော လူပြိုမှုကြောင့် လူပေါင်း ၁၁၅ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**



## အိုင်ယာလန်နိုင်ငံ အိုင်းရစ်ပင်လယ်အနီးသို့ တိုက်ပွဲဝင်ရေငုပ်သင်္ဘောများ ရုရှားစေလွှတ်ခဲ့ဟုဆို

**ဒပ်ဘ်လင် ဇူလိုင် ၂**

ရုရှားနိုင်ငံသည် ယူကရိန်းစစ်ပွဲစတင်ခဲ့ပြီး နောက်ပိုင်းမှစ၍ အိုင်ယာလန်နိုင်ငံ အိုင်းရစ်ပင်လယ်ရေပြင်အနီးသို့ ကီလိုအတန်းအစား တိုက်ပွဲဝင် ရေငုပ်သင်္ဘောများကို နှစ်ကြိမ်ထိ စေလွှတ်ခဲ့ကြောင်း ဇူလိုင် ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရုရှားရေတပ်သည် ပြီးခဲ့သည့် ၁၈ လလောက်က ကီလိုအတန်းအစား တိုက်ပွဲဝင်ရေငုပ်သင်္ဘောတစ်စီးကို အိုင်းရစ်ပင်လယ်အနီးသို့ စေလွှတ်ခဲ့သည်။

ဒုတိယမြောက် ရေငုပ်သင်္ဘောဖြန့်ကြက်မှုကို ရုရှားရေတပ်က မကြာသေးမီကမှ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု သတင်းထုတ်ပြန်ချက်များတွင် ဖော်ပြထားကြောင်း သိရသည်။

ရုရှားရေတပ် ကီလိုအတန်းအစား ရေငုပ်သင်္ဘောများ၏ အိုင်းရစ်ပင်လယ်အနီး လှုပ်ရှားမှုများကို အမေရိကန်အစိုးရကလည်း သိရှိခဲ့ကြောင်း သိရသည်။

ရုရှား ရေငုပ်သင်္ဘောများ အိုင်းရစ်ပင်လယ်အနီး လှုပ်ရှားမှုများပြုလုပ်ခဲ့မှုသတင်းနှင့်ပတ်သက်၍ ရုရှားနှင့်အိုင်ယာလန်ကာကွယ်ရေးဝန်ကြီးဌာနများက တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

ကီလိုအတန်းအစား ရေငုပ်သင်္ဘောများသည် ဒီဇယ်လျှပ်စစ်စွမ်းအင်သုံး ရေငုပ်သင်္ဘောများဖြစ်ကြပြီး ကာလီဘာအမျိုးအစားခရုစ်ဒုံးကျည်များ သယ်ဆောင်ထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## တောင်ကိုရီးယား၌ လမ်းသွားလမ်းလာများကို မော်တော်ယာဉ်ဝင်တိုက်မှုကြောင့် လူကိုးဦး သေဆုံး

**ဆိုးလ် ဇူလိုင် ၂**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ မြို့တော်ခန်းမအနီးတွင်မော်တော်ယာဉ်တစ်စီးက လမ်းသွားလမ်းလာများကို ဇူလိုင် ၁ ရက်တွင်ဝင်တိုက်ခဲ့ရာလူကိုးဦးသေဆုံး၍ အနည်းဆုံး လေးဦးဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မော်တော်ယာဉ်သည် လမ်းကူးတစ်ခုတွင် ရပ်နေသည့် လမ်းသွားလမ်းလာများကို မဝင်တိုက်မီ အခြားမော်တော်ယာဉ်နှစ်စီးကိုလည်း ဝင်တိုက်ခဲ့ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဆိုးလ်မြို့ ရဲတပ်ဖွဲ့ဝင်များက ယာဉ်မောင်းအမျိုးသားကို ဖမ်းဆီးထိန်းသိမ်းထားပြီး မတော်တဆ လူသေဆုံးစေမှုဖြင့် အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

ထို့ပြင် ၎င်းအမျိုးသားမောင်းနှင်ခဲ့သော မော်တော်ယာဉ်ကိုလည်း မှုခင်းစစ်ဆေးရေးဌာနသို့ ပို့ဆောင်ထားကြောင်း သိရသည်။

ဆေးစစ်ချက် ရလဒ်များအရ ယာဉ်တိုက်မှု ဖြစ်ပွားချိန်တွင် ယာဉ်မောင်းအမျိုးသားမှာ အရက်သို့မဟုတ် မူးယစ်ဆေးဝါးသုံးစွဲထားမှုမရှိသည်ကို တွေ့ရကြောင်း ရဲတပ်ဖွဲ့ကပြောကြားထားသည်။

၎င်းယာဉ်မောင်းသည် ယာဉ်မောင်းသက် နှစ် ၄၀ ရှိသည့် အသက် ၆၀ အရွယ် ဘတ်စကားယာဉ်မောင်းတစ်ဦး ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## အဲယူရိုပါလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ် လေစီးကြောင်းအကျပြင်းထန်မှုကြောင့် ခရီးသည်ဦးရေ ၄၀ ဒဏ်ရာရရှိ

**မက်ဒရစ် ဇူလိုင် ၂**

စပိန်အခြေစိုက် အဲယူရိုပါလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဇူလိုင် ၁ ရက်တွင် စပိန်နိုင်ငံမှ ဥရုဂွေးနိုင်ငံသို့ပျံသန်းနေစဉ် လေစီးကြောင်းအကျပြင်းထန်မှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။





လေစီးကြောင်းအကျပြင်းထန်မှုပြဿနာကြောင့် ယင်းလေယာဉ်ပေါ်လိုက်ပါလာသူများအနက် ခရီးသည် ဦးရေ ၄၀ ဒဏ်ရာရရှိခဲ့ကြောင်း အဲယူရိုပါလေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

လေစီးကြောင်း အကျပြင်းထန်မှုနှင့်ရင်ဆိုင်ခဲ့ရပြီးနောက် အဆိုပါခရီးသည်တင် လေယာဉ်သည် ဘရာဇီးနိုင်ငံဘက်သို့ လမ်းကြောင်းပြောင်းပျံသန်းခဲ့ရပြီး ဆော်ဂွန်ကာလိုဒိုအမာရန်တီမြို့ နာတယ်လ်နိုင်ငံတကာလေဆိပ်၌ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

နာတယ်လ်လေဆိပ်၌ အရေးပေါ်ဆင်းသက်ခဲ့ပြီးနောက် ဒဏ်ရာရရှိသူ ဦးရေ ၄၀ အနက် ၃၀ ကို လေဆိပ်မှာ ဆေးဝါးကုသမှုပေးခဲ့ပြီး ကျန် ၁၀ ဦးကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ရကြောင်း အဲယူရိုပါလေကြောင်းလိုင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လေစီးကြောင်းအကျ ပြင်းထန်မှုနှင့်ရင်ဆိုင်ခဲ့ရချိန်တွင် ဘိုးအင်း ၇၈၇-၉ ဒရမ်းလိုင်နာအမျိုးအစား ခရီးသည်တင် လေယာဉ်ပေါ်တွင် ခရီးသည်၃၂၅ဦးလိုက်ပါလာသည်။

၎င်းခရီးသည်တင် လေယာဉ်သည် စပိန်နိုင်ငံ မက်ဒရစ်မြို့မှ ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့သို့ ပျံသန်းနေစဉ် လေစီးကြောင်းအကျပြင်းထန်မှုနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ဖန်ယန်း-၃ အက်ဖ် ဂြိုဟ်တု ဇူလိုင် ၁ ရက်မှစ၍ ဝန်ဆောင်မှုများ စတင်နေပြီဖြစ်



**ပေကျင်း ဇူလိုင် ၂**

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ဖန်ယန်း-၃ အက်ဖ် အမည်ရှိဂြိုဟ်တုသည် ဇူလိုင် ၁ ရက်မှစ၍ ဝန်ဆောင်မှုများစတင်နေပြီဖြစ်ကြောင်း သိရသည်။

ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ စူးစမ်းလေ့လာရေးစနစ်စမ်းသပ်မှုများနှင့် လုပ်ငန်းခွင်မဝင်မီ အစမ်းလေ့ကျင့်မှုများ ပြုလုပ်ပြီးနောက် ဝန်ဆောင်မှုလုပ်ငန်းများကို ဖန်ယန်း-၃ အက်ဖ်ဂြိုဟ်တုက စတင်ခဲ့ခြင်းဖြစ်သည်။

ဖန်ယန်း-၃ အက်ဖ်ဂြိုဟ်တုသည် မိုးလေဝသခန့်မှန်းချက်၊ ရာသီဥတုခန့်မှန်းချက်များပြုလုပ်ခြင်း၊ သဘာဝကပ်ဘေးစောင့်ကြည့်ခြင်း၊ သဘာဝပတ်ဝန်းကျင်စောင့်ကြည့်ခြင်းများ ပြုလုပ်ပေးမည်ဖြစ်သည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ဖန်ယန်း-၃ အက်ဖ်ဂြိုဟ်တုသည် ၂၀၂၃ ခုနှစ် ဩဂုတ် ၃ ရက်တွင် ချိကွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဖန်ယန်း-၃ အက်ဖ်ဂြိုဟ်တုသည် ဖန်ယန်း-၃ စီဂြိုဟ်တု၏ ပတ်လမ်းတာဝန်များကို လွှဲပြောင်းရယူမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ဖန်ယန်းအုပ်စုဝင် ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုများကို ၁၉၈၈ ခုနှစ်တွင် စတင်လွှတ်တင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## ပါကင်ဆန်ရောဂါအတွက် ကုထုံးသစ် စကော့တလန် သုတေသနပညာရှင်များစမ်းသပ်ခဲ့

**အီဒင်ဘာ့ဂ် ဇူလိုင် ၂**

ပါကင်ဆန်ရောဂါလူနာများအတွက် ကုထုံးသစ်တစ်ရပ်ကို စကော့တလန် သုတေသနပညာရှင်များက လက်တွေ့စမ်းသပ်မှုပြုလုပ်ခဲ့ရာ ရလဒ်ကောင်းများ ပေါ်ထွက်လာကြောင်း ဇူလိုင် ၁ ရက် သတင်းများအရ သိရသည်။

**Ultrasound Thalamotomy** အမည်ရှိ အဆိုပါ ပါကင်ဆန်ရောဂါကုထုံးသစ်ကို ဒန်းဒီဆေးကျောင်းမှ သုတေသနပညာရှင်များက လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ **Ultrasound Thalamotomy** ကုထုံးသည် ပါကင်ဆန်လူနာများအနေဖြင့် ၎င်းတို့၏ လှုပ်ရှားမှုကို ထိန်းချုပ်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါကုထုံးသည် ကြိမ်နှုန်းမြင့် အသံလွန်လှိုင်းများဖြင့် **Thalamus** ခေါ် လူ၏လှုပ်ရှားမှုကို ထိန်းချုပ်ပေးသည့် ဦးနှောက်နယ်မြေကို ပြုပြင်ပေးသည့်ကုထုံးဖြစ်ကြောင်း သိရသည်။

စကော့တလန် သုတေသနပညာရှင်များသည် **Ultrasound Thalamotomy** ကုထုံးကို ပါကင်ဆန်လူနာ ဦးရေ ၆၀ တို့ဖြင့် လက်တွေ့ စမ်းသပ်ကုသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပါကင်ဆန်ရောဂါသည် ဦးနှောက်အတွင်း ဒိုပါမိုင်း **(Dopamine)** ခေါ် ဟော်မုန်းတစ်မျိုးပေါ်ထွက်မှု ကျဆင်းချိန်တွင် ဖြစ်ပွားတတ်သည့် အာရုံနှော့ဝ်ဆဲလ်ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## အင်္ဂါဂြိုဟ်ပေါ်တွင် ရှင်သန်ပေါက်ဖွားနိုင်ဖွယ်ရှိသောရေညှိပင်တစ်မျိုး တရုတ်သိပ္ပံပညာရှင်များ တွေ့ရှိ


**ပေကျင်း ဇူလိုင် ၂**

အင်္ဂါဂြိုဟ်ပေါ်တွင်လည်း ရှင်သန်ပေါက်ဖွားနိုင်ဖွယ်ရှိသော ရေညှိပင်တစ်မျိုးကို တရုတ်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၁ ရက် သတင်းများအရ သိရသည်။

**Syntrichia Caninervis** အမည်ရှိ အဆိုပါရေညှိပင်သည် အန္တာတိကဒေသ အခြေအနေမှသည် မိုးရာသီသဲကန္တာရထိ ပါဝင်သော ကြမ်းတမ်းသည့် အခြေအနေအမျိုးမျိုးအောက်တွင် ရှင်သန်နိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ **Syntrichia Caninervis** ရေညှိပင်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်၏ ကြမ်းတမ်းသော အခြေအနေအောက်တွင်လည်း ရှင်သန်နိုင်စွမ်းရှိနိုင်သည်ဟု တရုတ်သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ **Syntrichia Caninervis** ရေညှိပင်သည် အင်္ဂါဂြိုဟ်၏မြေမျက်နှာပြင်ကို အသွင်ပြောင်းလဲရာတွင် အထောက်အကူပြုနိုင်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။



အင်္ဂါဂြိုဟ်၏ ကျောက်သားမျက်နှာပြင်သည် အပူချိန် အနုတ် ၈၀ ဒီဂရီဖယ်ရင်ဟိုက်ထိရှိပြီး လေထုလွှာမှာလည်း ကမ္ဘာ့လေထုလွှာထက် အဆ ၁၀၀ ပို၍သိပ်သည်းကြောင်း သိရသည်။

သို့ဖြစ်ရာ **Syntrichia Caninervis** ကဲ့သို့ ကမ္ဘာ့အကြမ်းအခံဆုံး အပင်မျိုးကသာ အင်္ဂါဂြိုဟ်ပေါ်တွင် ရှင်သန်နိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**

**Trs : KKO**

## ခေါင်းကိုက်ရောဂါ ကာကွယ်ဆေးများက ရောဂါတစ်ကျော့ပြန်ပေါ်မှုကို တားဆီးနိုင်ဖွယ်ရှိ

**လန်ဒန် ဇူလိုင် ၂**

ခေါင်းကိုက်ရောဂါကို ကာကွယ်ရေးအတွက် အသုံးပြုသည့် ဆေးများသည် နာတာရှည်ခေါင်းကိုက်ရောဂါလူနာများ၌ရောဂါတစ်ကျော့ပြန်ပေါ်ထွက် လာနိုင်မှုကိုလည်း တားဆီးပေးနိုင်ဖွယ် ရှိကြောင်း ဇူလိုင် ၁ ရက် သတင်းများအရ သိရသည်။

လန်ဒန် ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ခေါင်းကိုက်ရောဂါဆေးများသည် ရောဂါတစ်ကျော့ပြန်ပေါ် လာနိုင်မှုကိုလည်း တားဆီးပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် တစ်လလျှင် ခေါင်းကိုက်ဝေဒနာခံစားရသည့် ရက်ပေါင်း ၁၅ ရက်ထိရှိသည့် ခေါင်းကိုက်ရောဂါလူနာ ၇၅၅ ဦးတို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက်များအရ **Atogepant** အမည်ရှိ ခေါင်းကိုက်ရောဂါကာကွယ်ဆေးကို သုံးစွဲသူလူနာများ၌ ခေါင်းကိုက်ဝေဒနာပေါ်ထွက်လာမှုအကြိမ်ရေ ပိုနည်းပါးလာသည်ကိုတွေ့ရသည်ဟု သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

နာတာရှည်ခေါင်းကိုက်ရောဂါခံစားနေကြရသူများသည် အကိုက်အခဲပျောက်ဆေးများ အလွန်အကျွံသုံးစွဲရတတ်ပြီး ဝေဒနာပြန်ပေါ်မှုနှင့်လည်း တစ်ခါတစ်ရံ ရင်ဆိုင်ရတတ်သည်။

**Atogepant** ဆေးသည် ခေါင်းကိုက်ဝေဒနာများကို စေ့ဆော်ပေးတတ်သည့် **CGRP** ခေါ် ပရိုတင်းတစ်မျိုးကို ထိန်းချုပ်ခြင်းဖြင့် ခေါင်းကိုက်ရောဂါကို ကာကွယ်ပေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## တရုတ်နိုင်ငံအခြေစိုက် Space Pioneer ကုမ္ပဏီက တီယန်ကောင်း-၃ ဒုံးပျံကို ဒုံးအင်ဂျင်မြေပြင်စမ်းသပ်မှုပြုလုပ်ရန် မှားယွင်းလွှတ်တင်မိခဲ့

**ပေကျင်း ဇူလိုင် ၂**

တရုတ်နိုင်ငံအခြေစိုက် Space Pioneer ကုမ္ပဏီသည် ဇွန် ၃၀ ရက်တွင် တီယန်ကောင်း-၃ အမည်ရှိ ဒုံးပျံကို ဒုံးအင်ဂျင်မြေပြင်စမ်းသပ်မှုပြုလုပ်ရန် မှားယွင်းလွှတ်တင်မိခဲ့ကြောင်း သိရသည်။



**Space Pioneer** ကုမ္ပဏီသည် တီယန်ကောင်း-၃ ဒုံးပျံ ပထမအဆင့် ဒုံးအင်ဂျင်စမ်းသပ်မှုကို တရုတ်နိုင်ငံ အလယ်ပိုင်း ဟီနန်ပြည်နယ် ကောင်ကျီမြို့၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဒုံးအင်ဂျင်စမ်းသပ်မှုအတွင်း ဒုံးပျံနှင့်ပစ်စင်ချိတ်တွဲမှုစနစ်ပျက်စီးမှုကြောင့် ဒုံးပျံလွှတ်တင်သကဲ့သို့ ဖြစ်ခဲ့ရသည်။

လေထုအတွင်း ရောက်ရှိပြီး စက္ကန့် ၅၀ ခန့် အကြာတွင် တီယန်ကောင်း-၃ ဒုံးပျံ ပထမအဆင့်သည် ကောင်ကျီမြို့အနီးရှိ တောင်ကုန်းဒေသ တစ်ခုပေါ်သို့ ပျက်ကျခဲ့သည်ဟု **Space Pioneer** ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

တီယန်ကောင်း-၃ ဒုံးပျံ ပထမအဆင့် ကိုယ်ထည်ပျက်ကျပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း သိရသည်။

**Space Pioneer** ကုမ္ပဏီသည် တီယန်ကောင်း-၃ ဒုံးပျံကို လာမည့်လများအတွင်း ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ




**တောင်ကြီး ဇူလိုင် ၂**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေ ၃ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး) ကျောင်းအုပ်ကြီးညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမြ၊ ရှမ်းပြည်နယ်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးလင်း၊ ပြည်နယ်ဘောလုံးဆပ်ကော်မတီဝင်များနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား၊ သင်တန်းသူများ၊ သားဖွားသင်တန်းကျောင်းမှသင်တန်းသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး) ကျောင်းသား၊ ကျောင်းသူများ၊ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် တာချီလိတ်မြို့နယ် အသင်းနှင့် ညောင်ရွှေမြို့နယ်အသင်းတို့ကစားခဲ့ရာ တာချီလိတ်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲစဉ်အပြီး ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ တတိယဆုရရှိခဲ့သော တောင်ကြီးမြို့နယ်အသင်းကို ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံက တစ်ဦးချင်းဆုတံဆိပ်ကိုလည်းကောင်း၊ ဆုကြေးငွေကျပ် ၅၀၀၀၀၀ ကို ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်ကလည်းကောင်း၊ဒုတိယဆုရရှိသော ညောင်ရွှေမြို့နယ်အသင်းကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၈၀၀၀၀၀ ကိုလည်းကောင်း၊ နေရာလိုက်အကောင်းဆုံး ကစားသမားဆုရရှိသူများကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်တစ်သိန်းကို ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်ကလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပထမဆုရရှိသော တာချီလိတ်မြို့နယ် အသင်းကို ပြည်နယ်စီးပွားရေးဝန်ကြီး ဦးခွန်သိန်းမောင်က တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ ဆုကြေးငွေကျပ် ၁၀ သိန်းနှင့် တံခွန်စိုက်ဖလားကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်ကလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**STA**

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှ ဒဏ်ရာကြောင့် ဘီလာရုစ်တင်းနစ်မယ် အဇာရင်ခါ နုတ်ထွက်

**လန်ဒန် ဇူလိုင် ၂**

ဘီလာရုစ်တင်းနစ်မယ် အဇာရင်ခါသည် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင်ကျင်းပသွားမည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ဒဏ်ရာပြဿနာကြောင့် ပါဝင်ယှဉ်ပြိုင်နိုင်မည်မဟုတ်ဟု ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဇာရင်ခါသည် ပခုံးဒဏ်ရာရရှိခဲ့သည့်အတွက် ဝင်ဘယ်ဒန်ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး တစ်နိုင်ငံတည်းသား ဆာဘာလင်ကာသည်လည်း ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဘီလာရုစ်နိုင်ငံ၏အကောင်းဆုံးတင်းနစ်မယ် နှစ်ဦးစလုံးပြိုင်ပွဲမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ၎င်းတို့နှစ်ဦးစလုံး ပုံစံကောင်းများ ပြသနိုင်ခဲ့ကြသည့် ကစားသမားများဖြစ်ကြသည်။

နာမည်ကြီး ကစားသမားတချို့မှာလည်း မြက်ကွင်းတွင်ကျင်းပမည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှနုတ်ထွက်ထားကြပြီး မြေစေးကွင်းမှ မြက်ကွင်းသို့ ချက်ချင်းရွှေ့ပြောင်းကစားရန်မှာ ဒဏ်ရာရလွယ်ခြင်းကြောင့်ဖြစ်ပြီး နာမည်ကြီးကစားသမားတချို့မှာ ပဲရစ်အိုလံပစ် အားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်နေခြင်းကြောင့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှနုတ်ထွက်ခဲ့ကြခြင်းဖြစ်သည်။

အဇာရင်ခါပြိုင်ပွဲမှ နုတ်ထွက်ခဲ့သည့်အတွက် လက်ရည်စစ်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ရှုံးနိမ့်ခဲ့သည့် ဂျက်ကွီမော့က အဇာရင်ခါ၏နေရာတွင် အစားထိုးဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည်ဟု ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ကြေညာခဲ့ကြောင်းသိရသည်။

**Ref : RT**

**Trs : AZL**



# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များကို ဇူလိုင် ၃ ရက်နှင့် ၄ ရက်တို့တွင် ဆက်လက်ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များကို ဇူလိုင် ၃ ရက်နှင့် ၄ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် ဇူလိုင် ၃ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ ဒဂုံပေါ့ ယူ-၂၀ အသင်းနှင့် ဒဂုံစတားယူ-၂၀အသင်း၊ စလင်းအားကစားကွင်း၌ ရှမ်းယူနိုက်တက်ယူ-၂၀ အသင်းနှင့် မြဝတီအက်ဖ်စီယူ-၂၀ အသင်း၊ တောင်ဒဂုံ အားကစားကွင်းတွင် ရခိုင်ယူနိုက်တက်ယူ-၂၀ အသင်းနှင့် ဧရာဝတီယူနိုက်တက်ယူ-၂၀ အသင်းတို့ကစားသွားမည်ဖြစ်သည်။

အလားတူ ဇူလိုင် ၄ ရက် ညနေ ၃ နာရီခွဲတွင် စလင်းအားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်ယူ-၂၀ အသင်းနှင့် ISPEယူ-၂၀ အသင်း၊ တောင်ဒဂုံအားကစားကွင်း၌ ရတနာပုံအက်ဖ်စီယူ-၂၀အသင်းနှင့်မဟာယူနိုက်တက်ယူ-၂၀ အသင်း၊ပဒုမ္မာအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် Junior Lions အသင်းတို့ကစားသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၄)အပြီးတွင် ရှမ်းယူနိုက်တက်ယူ-၂၀ အသင်းက သုံးပွဲနိုင် တစ်ပွဲသရေ ရမှတ် ၁၀ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်နေပြီး သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် ISPE ယူ-၂၀ အသင်းမှ ရှိုင်းကိုကိုဇော်က သွင်းဂိုးလေးဂိုးဖြင့် ဦးဆောင်လျက်ရှိနေကြောင်း သိရသည်။ **STA**

# တိုနီဖီနော့၊ တီဂါလာနှင့် ဆမ်ဘန်းတို့ 3M Openပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်

**ဝါရှင်တန် ဇူလိုင် ၂**

အမေရိကန်နိုင်ငံတွင် ကျင်းပမည့် 3M Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်နာမည်ကြီးဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် တိုနီဖီနော့၊ တီဂါလာနှင့် ဆမ်ဘန်းတို့ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အိုလံပစ် အားကစားပွဲတော်မတိုင်မီကျင်းပမည့် 3M Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင်နာမည်ကြီးကစားသမားအများစုပါဝင်ယှဉ်ပြိုင်သွားကြရမည်ဖြစ်ပြီး Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အမေရိကန်အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သော ဇက်ဂျွန်ဆင်သည်လည်း 3M Open ဂေါက်သီးရိုက်ကစားသမားဘဝ၏ နောက်ဆုံးအနေဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ကြေညာခဲ့သည်။

လက်ရှိချန်ပီယံ အမေရိကန်ဂေါက်သီးရိုက်ကစားသမားလီဟော့ဂျက်စ်သည်လည်း လက်ရှိချန်ပီယံဆုကာကွယ်နိုင်ရေးအတွက် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်ရို့စ်သည်လည်း ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

လက်ရှိချန်ပီယံ လီဟော့ဂျက်စ်သည် ၂၀၂၄ ခုနှစ် ဂေါက်သီးရိုက်ရာသီအတွင်း ရလဒ်ကောင်းရရှိရန် ရုန်းကန်နေရသည့် ကစားသမားတစ်ဦးဖြစ်ပြီး လက်ရှိကမ္ဘာ့အဆင့် ၇၄ နေရာသို့ကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့် ရပ်တည်ချက်ပြန်လည်ကောင်းမွန် လာစေရေးအတွက် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# Max Energy Futsal ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



**ရန်ကုန် ဇူလိုင် ၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှ စတင်ပြီး MFF Futsal Stadium၌ ကျင်းပခဲ့ကြောင်း သိရသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီတွင် Lagacy FCအသင်းနှင့် Future Light FCအသင်းတို့ကစားခဲ့ရာ သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး နံနက် ၉ နာရီခွဲတွင် Sar Bal Gyi FCအသင်းနှင့် Passion Play FCအသင်းတို့ကစားခဲ့ရာ Sar Bal Gyi FCအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကာ နံနက် ၁၁ နာရီတွင် Bushido Team အသင်းနှင့် Fithouse FC အသင်းတို့ကစားခဲ့ရာ Bushido Teamအသင်းက လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် Combine Team အသင်းနှင့် Power HBIအသင်းတို့ကစားခဲ့ရာ Power HBIအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် Futsal 94 FC အသင်းနှင့် Junior FCအသင်းတို့ကစားခဲ့ရာ Futsal 94 FCအသင်းက ငါးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် 42 Youth Clubအသင်းနှင့် 7Brother FC အသင်းတို့ကစားခဲ့ရာ 7Brother FCအသင်းက ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင် ၃ရက် နံနက် ၈နာရီတွင် 16/1 FCအသင်းနှင့် Team Leoအသင်း၊ နံနက် ၉ နာရီခွဲတွင် MST Universityအသင်းနှင့် RE Unitedအသင်း၊နံနက် ၁၁ နာရီတွင် King Cobra FC အသင်းနှင့် Gold Dream FC အသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် SGF Youthအသင်းနှင့် Jullniss FCအသင်း၊ မွန်းလွဲ ၂ နာရီတွင် Pyit Tine Htaung အသင်းနှင့် Champion Teamအသင်း၊ ညနေ ၃ နာရီခွဲတွင် College FC အသင်းနှင့် TGL FCအသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# မြန်မာအမျိုးသမီးများကဏ္ဍမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ပေး

မောင်သောင်းဝင်း(တမန်ဟောင်း)




နှစ်စဉ် ဇူလိုင် ၃ ရက်တွင် မြန်မာအမျိုးသမီးများနေ့အခမ်းအနားများကို နိုင်ငံတစ်ဝန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်လျက်ရှိသော အမျိုးသမီးအားလုံးကိုဂုဏ်ပြုသောအားဖြင့် ကျင်းပခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးများသည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် နေထိုင်ခဲ့စဉ်ကတည်းကပင် အမျိုးသားများနှင့်ရင်ပေါင်တန်းကာ နိုင်ငံ့တာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်နိုင်ခဲ့ကြသည်။ ခေတ်အဆက်ဆက်တွင် မြန်မာအမျိုးသမီးများသည် အမျိုးသားရေးလှုပ်ရှားမှုများတွင်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင်လည်းကောင်း ဇွဲစိတ်သန်သန်အနစ်နာခံကာ တိုင်းချစ်ပြည်ချစ်စိတ် အပြည့်အဝဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် သမိုင်းတစ်လျှောက်တွင်လည်း ဘာသာ သာသနာ၊ နိုင်ငံရေး၊ ပညာရေး၊ စာပေ၊ အနုပညာ၊ စီးပွားရေး စသည့် အရေးပါသောအခန်းကဏ္ဍများတွင် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

**မြန်မာအမျိုးသမီးများနေ့**

၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းထူထောင်ခဲ့သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာကော်မတီ စတင်ဖြစ်တည်လာသောနေ့ကို အမျိုးသမီးများနေ့အဖြစ်သတ်မှတ်ကာ ကျင်းပပေးခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရသည် အမျိုးသမီးများ၏လူမှုဘဝမြှင့်တင်ရေးအတွက် ထိုကော်မတီကို ဖွဲ့စည်းထူထောင်ပေးခဲ့ခြင်းဖြစ်သည်။ ထိုကော်မတီသည် အမျိုးသမီးများ ပညာရည်အဆင့်အတန်းမြင့်မားရေးနှင့် အမျိုးသမီးများကို အကြမ်းဖက်မှုမှ ကာကွယ်ပေးရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ ထို့နောက် ၁၉၉၈ ခုနှစ်တွင် ဇူလိုင် ၃ ရက်ကို မြန်မာအမျိုးသမီးများနေ့အဖြစ် တရားဝင်သတ်မှတ်ခဲ့သည်။

ထို့ပြင် အမျိုးသမီးများ၏ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်စေရန် အမျိုးသမီးများကိုယ်တိုင်ဦးဆောင်သော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကုလသမဂ္ဂ၏ ထောင်စုနှစ်ပန်းတိုင်(၁၇)ရပ်အနက် ပန်းတိုင်(၅) "ကျား၊ မ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးများအားလုံး စွမ်းပကားတိုးမြှင့်စေရေး" (Goal 5-Achieve gender equality and empower all wo-men and girls.) ဟူသည့်အချက်အရ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အကူအညီများ ဆောင်ရွက်ပေးလျက်ရှိသည်။

**အမျိုးသမီးရေးရာကော်မတီ၏ကြိုးပမ်းမှုများ**

မြန်မာနိုင်ငံတွင် အမျိုးသမီးများဘဝလုံခြုံမှုရှိစေရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ထိုကော်မတီ၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းကြီးများသည် အမျိုးသမီးများ သာတူညီမျှအခွင့်အလမ်းများရရှိခံစားနိုင်စေရန် အားသွန်ခွန်စိုက်လှုပ်ရှားဆောင်ရွက်လျက်ရှိကြသည်။

မြန်မာနိုင်ငံသည် အာဆီယံအမျိုးသမီးရေးရာကော်မတီနှင့် အာဆီယံအမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အမျိုးသမီးများကို နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကိုလည်း လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ မြန်မာနိုင်ငံသည် မဲခေါင်ဒေသတွင်းနိုင်ငံများအနက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပထမဆုံးရေးဆွဲပြဋ္ဌာန်းနိုင်သည့် နိုင်ငံလည်းဖြစ်သည်။

အမျိုးသမီးရေးရာကော်မတီသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲရေး၊ အမျိုးသမီးများအခွင့်အရေးနှင့် အမျိုးသား၊အမျိုးသမီးတန်းတူညီမျှမှုဆိုင်ရာ အသိပညာပေးမှုအစီအစဉ်များ၊ အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးကွန်ဗင်းရှင်းတွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များ၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်းတွင် ပါဝင်သည့်ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ဣန္ဒြေကြီးမားသူများ**

မြန်မာနိုင်ငံသည် ရှေးယခင်ကတည်းက ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့သည်ကို ပုံတောင်ကျောက်ဖြစ်ရုပ်ကြွင်းများက သက်သေတည်လျက်ရှိသည်။ ထိုသို့ယဉ်ကျေးမှုမြင့်မားမှုနှင့်အတူ မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ပြောဆိုနေထိုင်မှုအဆင့်အတန်းသည်လည်း မြင့်မားခဲ့သည်။ ခေတ်အဆက်ဆက်တွင် မြန်မာအမျိုးသမီးများဝတ်ဆင်ခဲ့သော ချိတ်ထဘီနှင့်ရင်ဖုံးအင်္ကျီသည် ကြည့်မဝနိုင်သော ဖက်ရှင်ပင်ဖြစ်သည်။ နက်မှောင်ရှည်လျားဖြောင့်စင်းနေသော ဆံကေသာအလှသည်လည်း မြန်မာအမျိုးသမီးများ၏ ကျက်သရေရှိသောအလှတွင် ပါဝင်လျက်ရှိသည်။ ထို့ပြင် မြန်မာအမျိုးသမီးများသည် ဣန္ဒြေကြီးမားသော အမျိုးကောင်းသမီးများပင်ဖြစ်ကြသည်။ ဆင်မယဉ်သာ၊ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်၊ "အမျိုးသမီးတို့ဣန္ဒြေ ရွှေပေးလို့မရ"ဆိုသော စကားများသည် မြန်မာအမျိုးသမီးများကို တင်စားပြောဆိုထားသည့်စကားရပ်ပင်ဖြစ်သည်။ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ယဉ်ကျေးသိမ်မွေ့လှသော မြန်မာအမျိုးသမီးတစ်ဦး၏ ခြေသလုံးသားကိုပင်မြင်တွေ့ရန် ခဲယဉ်းလှသည်။

**မွေးရာပါအခွင့်အရေးများ**

မြန်မာနိုင်ငံတွင် မြတ်စွာဘုရားလက်ထက်ကတည်းကပင် အမျိုးသမီးများကို အမျိုးသားများကဲ့သို့ တန်းတူအခွင့်အရေးများပေးခဲ့ရာ မျက်မှောက်ကာလထိပင် ဖြစ်သည်။ မြန်မာအမျိုးသမီးများသည် လွတ်လပ်စွာကိုးကွယ်ခွင့်၊ ပညာသင်ကြားခွင့်၊ သွားလာခွင့်နှင့် မိမိချစ်ခင်စုံမက်သူကို ရွေးချယ်လက်ထပ်ခွင့်များရှိကြသည်။ မြန်မာနိုင်ငံတွင် ခွဲခြားဆက်ဆံမှုနှင့်ကန့်သတ်ချုပ်ချယ်မှုမရှိသောကြောင့် အမျိုးသမီးများသည် ကြိုးစားလျှင် ကြိုးစားသလောက် ခံစားခွင့်ရှိကြသည်။ အထူးသဖြင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် နိုင်ငံ့ကိုယ်စားပြု သံအမတ်ကြီးများအဆင့်ကဲ့သို့ ကြီးလေးသောတာဝန်များကိုပင် အမျိုးသားများနည်းတူ တာဝန်ယူထမ်းဆောင်လျက်ရှိကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အမျိုးသားများနည်းတူ သာတူညီမျှအခွင့်အလမ်းများ ရရှိလျက်ရှိသောကြောင့် ကမ္ဘာပေါ်တွင် ကံကောင်းသောအမျိုးသမီးများဟုပင် ဆိုရမည်ဖြစ်သည်။ လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက ထူးချွန်သောအမျိုးသမီးများကို ထိုက်ထိုက်တန်တန်ချီးမြှောက်ပေးလျက်ရှိသည်။ ထိုအခွင့်အလမ်းကောင်းများကို လက်ဝယ်ပိုင်ဆိုင်နိုင်ရေးအတွက် အမျိုးသမီးများသည် အမျိုးသားများနှင့်အပြိုင် ကြိုးပမ်းအားထုတ်သွားရန် လိုအပ်သည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကဏ္ဍတွင်သာမက ကာကွယ်ရေးကဏ္ဍ၌ပင်လျှင် ပါဝင်ထမ်းဆောင်ခွင့် ရရှိနေပြီဖြစ်သည်။

**ခွဲခြားဆက်ဆံခံနေရသောအမျိုးသမီးများ**

မျက်မှောက်ခေတ်ကာလ၌ တိုးတက်ပြောင်းလဲမှုများ မည်မျှပင်ရှိနေစေကာမူ ကမ္ဘာပေါ်ရှိ အချို့သောနိုင်ငံများတွင် အမျိုးသမီးများကို ခွဲခြားဆက်ဆံနေဆဲပင်ဖြစ်သည်။ အဆိုပါနိုင်ငံများတွင် အားနွဲ့သည့်အမျိုးသမီးများကို ပညာသင်ယူခွင့်နှင့် အများပြည်သူများ၏ ရှေ့မှောက်တွင် လွတ်လပ်စွာသွားလာခွင့်တို့ကို ကန့်သတ်တားမြစ်ပိတ်ပင်ထားကြသည်။ အထူးသဖြင့် အမျိုးသမီးတစ်ဦးသည် မိမိချစ်ခင်စုံမက်သူကို လွတ်လပ်စွာရွေးချယ်ခွင့်မရှိပေ။ ဘာသာရေး၊ လူမျိုးရေး၊ ဇာတ်နိမ့်၊ ဇာတ်မြင့်ခွဲခြားပြီး ရှောင်ကုန်လိုပင်သဘောထားကာ ခွဲခြားဆက်ဆံခြင်းခံနေကြရသည်။ ထို့ပြင် တရားဥပဒေအများစုသည်လည်း အမျိုးသမီးများကို အကြမ်းဖက်မှုမှ အကာအကွယ်ပေးနိုင်ခြင်းမရှိချေ။ ထိုနိုင်ငံများတွင် ရုပ်ပစ္စည်းများတိုးတက်မှုရှိနေသော်လည်း စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်မူ ဆုတ်ယုတ်လျက်ရှိသည်။ ထိုသို့ အမျိုးသား၊ အမျိုးသမီးခွဲခြားဆက်ဆံမှုကြောင့် ကမ္ဘာပေါ်၌ဆင်းရဲသူ ၁၀ ဦးတွင် ခြောက်ဦးသည်အမျိုးသမီးများဖြစ်သလို ကမ္ဘာ့စာမတတ်သူသုံးပုံနှစ်ပုံသည်လည်း အမျိုးသမီးများပင်ဖြစ်နေကြသည်။

**ကံကောင်းသောမြန်မာအမျိုးသမီးများ**

မြန်မာနိုင်ငံတွင်မူ မိဘများသည် သားနှင့်သမီးနှစ်ဦးစလုံးကို ရတနာလိုပင် သဘောထားကြသည်။ မြန်မာ့လူမှုအဖွဲ့အစည်းတွင် သားနှင့်သမီးကို ခွဲခြားဆက်ဆံလေ့မရှိဘဲ တစ်ပြေးညီသာ ဆက်ဆံကြသည်။ မိဘများ၏အမွေကိုလည်း သားနှင့်သမီးများကို ညီတူညီမျှခွဲဝေပေးသည့် အလေ့အထကောင်းများရှိနေသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် လူဖြစ်ရသောအမျိုးသမီးများသည် ခွဲခြားဆက်ဆံခြင်းခံနေရသည့် ကမ္ဘာ့အခြားနိုင်ငံများရှိ အမျိုးသမီးများထက် အမျိုးသမီးအခွင့်အရေးများ ပိုမိုရရှိခံစားနေကြရသူများဖြစ်ကြသည်။ ထို့ကြောင့် မြန်မာအမျိုးသမီးများသည် မိမိတို့ရရှိထားသည့်အခွင့်အလမ်းများကို ပိုင်နိုင်စွာအသုံးချလျက် တိုင်းပြည်နှင့်လူမျိုးအကျိုးကို တတ်အားသရွေ့ သယ်ပိုးဆောင်ရွက်သွားသင့်သည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် အမျိုးသား၊ အမျိုးသမီးခွဲခြားဆက်ဆံခြင်းမခံရဘဲ အမျိုးသားများနည်းတူ သာတူညီမျှအခွင့်အလမ်းများရရှိပိုင်ဆိုင်ထားကြသည်။ အချို့သောနိုင်ငံများတွင် အမျိုးသမီးများကို ခွဲခြားဆက်ဆံနေချိန်တွင် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အမျိုးသားများနည်းတူ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍများတွင် ပါဝင်စွမ်းဆောင်ခွင့်ရရှိနေကြသည်။

**မြန်မာအမျိုးသမီးများကဏ္ဍမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ပေး**

ဆိုရလျှင် မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော နိုင်ငံပင်ဖြစ်သည်။ ထို့ကြောင့် ရေမြင့်ကြာမြင့်ဆိုသလို မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုသည်လည်း အဆင့်အတန်းမြင့်မားလျက်ရှိသည်။ ခေတ်အဆက်ဆက်တွင် မြန်မာအမျိုးသမီးများဝတ်ဆင်ခဲ့သော ဆင်ယင်ထုံးဖွဲ့မှုသည် တစ်မူထူးခြားမှုရှိသဖြင့် နိုင်ငံခြားသားများသည်ပင်လျှင် ခုံမင်နှစ်သက်စွာ ဝတ်ဆင်လျက်ရှိကြသည်။ ထို့ကြောင့် မြန်မာအမျိုးသမီးများသည် ယဉ်ကျေးမှုမြင့်မားသည့်မြန်မာတို့၏ ဝတ်စားဆင်ယင်မှု၊ အနေအထိုင်နှင့် အပြုအမူများကို စဉ်ဆက်မပြတ်ထိန်းသိမ်းသွားရန် လိုအပ်ပေသည်။ အချို့သောနိုင်ငံများတွင် အမျိုးသမီးများကိုခွဲခြားဆက်ဆံပြီး ဖျော်ဖြေရေးအဆင့်မျှသာ သဘောထားနေချိန်တွင် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အမျိုးသားများနည်းတူ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍများတွင် ပါဝင်စွမ်းဆောင်ခွင့်ရရှိနေကြသည်။ အထူးသဖြင့် မြန်မာအမျိုးသမီးများအားလုံး သက်ရှင်နေထိုင်စဉ်ကာလအတွင်း ကြောက်လန့်စိုးရိမ်မှုမှကင်းဝေးပြီး လုံခြုံစိတ်ချစွာဖြင့်ဂုဏ်သိက္ခာရှိရှိနေထိုင်နိုင်ရေးအတွက် မြန်မာအမျိုးသမီးတို့၏ကဏ္ဍမြှင့်တင်ရာတွင် တတ်နိုင်သမျှပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု အကြံပြုရေးသားလိုက်ရပါသည်။

❖ မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အမျိုးသားများနည်းတူ သာတူညီမျှအခွင့်အလမ်းများရရှိလျက်ရှိသောကြောင့် ကမ္ဘာပေါ်တွင် ကံကောင်းသောအမျိုးသမီးများဟုပင်ဆိုရမည်ဖြစ်သည်။ လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက ထူးချွန်သောအမျိုးသမီးများကို ထိုက်ထိုက်တန်တန်ချီးမြှောက်ပေးလျက်ရှိသည်။ ထိုအခွင့်အလမ်းကောင်းများကို လက်ဝယ်ပိုင်ဆိုင်နိုင်ရေးအတွက် အမျိုးသမီးများသည် အမျိုးသားများနှင့်အပြိုင် ကြိုးပမ်းအားထုတ်သွားရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကဏ္ဍတွင်သာမက ကာကွယ်ရေးကဏ္ဍ၌ပင်လျှင် ပါဝင်ထမ်းဆောင်ခွင့်ရရှိနေပြီဖြစ်သည်။❖

# ထိုင်းနိုင်ငံတွင် ကျင်းပမည့် International Ramayana Festival သို့ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) မှ သွားရောက်ဖျော်ဖြေမည်



**ရန်ကုန် ဇူလိုင် ၂**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် International Ramayana Festival သို့ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)မှ သွားရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) အတွင်းရေးမှူး ဦးနေဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ International Ramayana Festival ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဇူလိုင် ၉ ရက်မှစတင်ကာ ဇူလိုင် ၁၇ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို) ရာမယဏ ပညာရပ်ဆိုင်ရာ ကော်မတီမှ သွားရောက်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

"ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ကျင်းပမဲ့ အပြည်ပြည်ဆိုင်ရာ ရာမယဏပွဲတော်မှာ မြန်မာနိုင်ငံကိုယ်စားပြုပြီးတော့ ရာမယဏအဖွဲ့တစ်ဖွဲ့ သွားရောက်ဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်ပါတယ်။ သွားရောက်ဖျော်ဖြေတင်ဆက်မဲ့ အဖွဲ့ဝင်တွေအနေနဲ့လဲ ကြိုတင်ပြင်မှုတွေ ပြုလုပ်နေပါတယ်"ဟု မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို) အတွင်းရေးမှူး ဦးနေဝင်းက ပြောပြသည်။

အဆိုပါ International Ramayana Festival တွင် ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံ စသည့်ကမ္ဘာတစ်ဝန်းမှ ရာမယဏ အကအဖွဲ့ပေါင်း ၂၀ ကျော်တို့က နိုင်ငံအလိုက် ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Terminator ဇာတ်ကားသစ်၌ ပါဝင်ရန် မင်းသား ခရစ်ပရက် ဆန္ဒရှိနေ

**နယူးယောက် ဇူလိုင် ၂**

Terminator ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရန် ကမ္ဘာကျော်မင်းသား ခရစ်ပရက် ဆန္ဒရှိနေကြောင်း ဇူလိုင် ၁ ရက် သတင်းများအရ သိရသည်။

Terminator ဇာတ်ကားသည် မင်းသားကြီး အာနိုးရှဝါဇင်နက်ဂါနှင့်အတူ သရုပ်ဆောင်ရေးအတွက် ဆန္ဒရှိနေကြောင်း မင်းသား ခရစ်ပရက်ကိုယ်တိုင်က အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်းသားကြီး အာနိုးသည် ခရစ်ပရက်၏ ယောက္ခမလည်းဖြစ်ကြောင်း၊ မင်းသားကြီး အာနိုး နောက်ဆုံးသရုပ်ဆောင်ထားသည့် Terminator ဇာတ်ကားမှာ Terminator:Dark Fate ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Terminator ဇာတ်ကားသည် အခြေအနေနှင့် ပတ်သက်၍ မရေမရာမှုများရှိနေဆဲဖြစ်သည်။

သို့ရာတွင် Terminator ဇာတ်ကားသစ် ရိုက်ကူးရေးအတွက် ကမ္ဘာကျော် ဒါရိုက်တာကြီး စတီဗင် စပီးဘာ့ဂ က ပြင်ဆင်နေကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

လက်ရှိတွင် မင်းသား ခရစ်ပရက်သည် ယခုနှစ် နှစ်ကုန်ပိုင်းအတွင်း ထုတ်လွှင့်ပြသမည့် The Electric State ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# အဆိုတော် ဟဲလေးနှင့် အောင်အေးချစ်တို့ သီဆိုသရုပ်ဆောင်ထားသည့် လွမ်းခွင့်ပေးလို့ သီချင်း Music Video ထွက်ရှိမည်



**ရန်ကုန် ဇူလိုင် ၂**

အဆိုတော် ဟဲလေးနှင့် အောင်အေးချစ်တို့ သီဆိုသရုပ်ဆောင်ထားသည့် လွမ်းခွင့်ပေးလို့ သီချင်း Music Video(MV) ဩဂုတ်လအတွင်း ထွက်ရှိမည်ဖြစ်ကြောင်း အဆိုတော် ဟဲလေးက ပြောပြ၍ သိရသည်။

လွမ်းခွင့်ပေးလို့ သီချင်း Music Video(MV) ကို တေးရေး တေးဆို အောင်အေးချစ်က ရေးသားထားသည့် ကိုယ်ပိုင်သံစဉ် သီချင်းတစ်ပုဒ်ဖြစ်ပြီး အဆိုပါ တေးသီချင်းကို အဆိုတော် ဟဲလေး၊ အောင်အေးချစ်တို့က Cover Song အဖြစ် ပြန်လည်ဆန်းသစ် သီဆိုထားကြောင်း သိရသည်။

"ဒီသီချင်းက အောင်အေးချစ်ရဲ့ ကိုယ်တိုင်ရေး ကိုယ်တိုင်သီဆိုထားတဲ့ တေးသီချင်းလေးပါ။ ၂၀၁၉ ခုနှစ်က အောင်အေးချစ် တစ်ဦးတည်း သီဆိုပြီးတော့ သရုပ်ဆောင် ကောင်းမြတ်စံနဲ့ နော်ဖော်အယ်ထားတို့ တေးသရုပ်ဖော်ထားတဲ့ သီချင်း Music Video(MV) လေးပါ။ ဒီသီချင်းကို အခုပြန်ပြီးတော့ Cover Song အနေနဲ့ ပုံဖော်ရိုက်ကူးတင်ဆက်ပေးမှာပါ"ဟု အဆိုတော် ဟဲလေးက ပြောပြသည်။

အဆိုပါ သီချင်း Music Video (MV) တွင် အဆိုတော် ဟဲလေး၊ အောင်အေးချစ်နှင့်အတူ မော်ဒယ် စင်ဒီတို့က ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကာ ဒါရိုက်တာအဖြစ် အဆိုတော် ဟဲလေးက ပုံဖော် ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ASH

# Highlander ဇာတ်ကားသစ် ရိုက်ကူးရေးလုပ်ငန်းများ စတင်နေပြီဖြစ်

**နယူးယောက် ဇူလိုင် ၂**

Highlander ဇာတ်ကားသစ် ရိုက်ကူးရေးလုပ်ငန်းများကို Lionsgate ရုပ်ရှင်ကုမ္ပဏီက စတင်နေပြီဖြစ်ကြောင်း ဇူလိုင် ၁ ရက် သတင်းများအရ သိရသည်။

Highlander ဇာတ်ကားကို ဒါရိုက်တာ ချက်စတာဟဲစကီးက တာဝန်ယူရိုက်ကူးနေခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် Highlander(1986) လျှို့ဝှက်ဆည်းကြယ် အက်ရှင်ဇာတ်ကားကို ပြန်လည်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ဟင်နရီကာဗေးက အဓိက ဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်နေကြောင်း သိရသည်။

Highlander ဇာတ်ကားသစ် အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မိုက်ယန်ဂျေကွန်ဒဲနှင့် မိုက်ကယ်ဖင့်တို့က ရေးသားပေးထားသည်။

လက်ရှိတွင် Highlander ဇာတ်ကားသစ် ရုံတင်ပြသမည့်ရက်ကို Lionsgate ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# မအူပင်မြို့နယ် ဝဲဒေါင့်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မအူပင် ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလန်ကျေးရွာအုပ်စု ဝဲဒေါင့်ကျေးရွာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ မနားကြီးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဝဲဒေါင့်ကျေးရွာတွင် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၄၀၀ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅ ဒသမ ၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာစုဖွဲ့မှုဖြင့် မေလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးမှုကြောင့် ဝဲဒေါင့်ကျေးရွာရှိ အိမ်ခြေ ၉၇ အိမ်၊ လူဦးရေ ၃၉၉ ဦးနှင့် ကျွဲနွား တိရစ္ဆာန်တို့အတွက် နွေကာလ သောက်သုံးရေရှားပါးသည့်ပြဿနာများ မရှိတော့ဘဲ နှစ်ပတ်လည် ရေဖူလုံစွာသုံးစွဲနိုင်မည်ဖြစ်ကြောင်း မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေါက်တာ မနားကြီးက ပြောပြ၍ သိရသည်။

ကိုလှိုင်

# Myaungmya Township plans to cultivate 165,738 acres of monsoon paddy this season


Farmers growing monsoon paddy in a field.

**Myaungmya July 2**

In Myaungmya Township, Myaungmya District, Ayeyawady Region, 165,738 acres of monsoon paddy will be planted this monsoon paddy season, according to U Kyaw Moe Win, the head of the Myaungmya District Agriculture Department.

In Myaungmya Township, 165,738 acres of monsoon paddy will be planted this year. Planting will start in the first week of July, and the Agriculture Department is providing farmers with the necessary technical assistance to ensure that the paddy is planted to the fullest extent.

"This year's monsoon paddy planting season will see 165,738 acres planted. We have prepared in advance to prevent pest and disease infestations and have also been educating farmers about pests. The Agriculture Department staff are visiting villages to provide knowledge and support for planting quality and pure seeds," said U Kyaw Moe Win.

In Myaungmya Township, the Agriculture Department, in collaboration with the Irrigation and Water Utilization Management Department, is working to ensure proper use of paddy seeds, prevent damage from pests, and avoid floods. The local farmers are being assisted to plant paddy systematically and without difficulties, with measures such as raising embankments to protect against floods being implemented.

Kyaw Kyaw Lin

# Padamya Ngamauk mango fetches K1,300 per fruit in domestic market

**Mandalay July 2**

Padamya Ngamauk mango being reaped at present in Mandalay Region fetches K1,300 per fruit at the retail market, said U Kyaw Soe Naing, secretary of Myanmar Mango Market and Technological Development Association (Mandalay).

At present, such a fruit does not flow into the market with large volume. So, it gets good prices at the domestic market.

The Secretary explained, "The local market trades Padamya Ngamauk mango at K1,000 to K1,300 per fruit. Other mangoes ended their flows into the market. Padamya Ngamauk mango fetches good prices at domestic market. At the market, vendors sell such a mango in fruits but not use cartons."

Mandalay Region sees more than 35,000 acres of mango plantations. More than 180 strains of mangos are thriving across the nation. Of them, local farmers prefer to grow Yinkwe, hwehintha, Machitsu, Meithi and Padamya Ngamauk mango plants. These fruits are exported to neighbouring countries.

185


Padamya Ngamauk mangoes.

# Successful cultivation of 1,935 acres of vegetables in Yamethin Township for kitchen use this monsoon season

**Yamethin July 2**

In the Yamethin Township of Mandalay Region, 1,935 acres of vegetables have been cultivated for kitchen use this monsoon season, according to U Aung Myo Thant, the head of the Yamethin Township Agriculture Department.

He explained that in this township, 5,500 acres of vegetables were planned for cultivation this monsoon season. From the end of May, cultivation began, and as of now, 1,935 acres of vegetables have been successfully planted. The remaining acres are still being cultivated.

"This year, we plan to cultivate 5,500 acres of vegetables for kitchen use during the monsoon season. By growing these vegetables, household incomes will increase, and there will be no need to import vegetables from other regions. The vegetables are grown seasonally to ensure a steady supply for consumers. Local farmers can grow these vegetables within the township, providing nutritious produce. The main goal is to obtain healthy and balanced vegetables. We aim to ensure domestic consumption is sufficient, secure additional income, and produce pest-free vegetables," he explained.

In this township, during this monsoon season, vegetables such as coriander, tomatoes, eggplants, okra, gourds, pumpkins, cabbage, mustard, long beans, cucumbers, water spinach, roselle, and bitter gourd have been grown. To ensure the success and health of these crops, the department is providing on-field education and consultations to farmers to minimize pest risks and avoid losses, ensuring safe consumption for buyers.

185

# At least 39 killed in anti-tax protests as new round begins in Kenya

**Nairobi July 2**

At least 39 people were killed and many injured in the recent anti-tax hike protests across Kenya as youth took to the streets Tuesday for a new round of protests.

"Data from our records indicates that 39 people have died and 361 injured in relation to the protests countrywide," state-funded Kenya National Commission on Human Rights (KNCHR) Chairperson Roseline Odede said in a statement issued in Nairobi, the capital of Kenya, Monday evening.

The KNCHR said there were 32 cases of involuntary disappearances and 627 instances of arrests of protesters who were demonstrating against a wide range of unpopular tax increases that have now since been withdrawn.

The national human rights watchdog said the data, which covered the period from June 18 to July 1, show that Nairobi leads the number of fatalities, standing at 17.

Odede, who condemned the force that was inflicted on protesters, faulted those who destroyed and burned critical government infrastructure such as Parliament buildings and the National Library, urging them to respect the rule of law. "We maintain that the force used against the protesters was excessive and disproportionate," Odede said.

Xinhua

# N. India stampede death toll rises to "over 60," PM Modi sends condolences

**New Delhi July 2**

The death toll in Tuesday's stampede at a religious gathering in India's northern state of Uttar Pradesh rose to "over 60," according to a senior local administration official.

The stampede had occurred in Uttar Pradesh's Hathras area, around 150 miles southeast of New Delhi. Those injured were admitted to a government hospital in nearby Etah district. The death toll was feared to rise further.

Meanwhile, local media NDTV reported that 87 people, including women and children, were killed and many others injured in the tragedy.

Most people died by falling in a drain by the side of the road, an eyewitness told local media.

News agency "Press Trust of India" (PTI) quoted the eyewitness lady, identified as Shakuntala, as saying that after the religious ceremony had ended, people had started leaving the venue. "Outside the road was built on a height with a drain below. One after the other, people started falling into it. Some people got crushed," she added.

Prime Minister Narendra Modi expressed condolences at the loss of lives in the stampede. Speaking in Indian Parliament's lower house "Lok Sabha," Modi said, "All possible help will be provided to the victims."

Uttar Pradesh Chief Minister Yogi Adityanath directed a couple of his ministers to reach the spot. He also directed the local administration and police officials to provide all possible help to the injured.

Xinhua

# Bogalay Township sees surge in dried spiny eel exports to Yangon Market


Dried spiny eels in a market.

**Bogalay July 2**

During the month of June, 90,000 viss of dried spiny eels were exported from Bogalay Township, Pyapon District, Ayeyawady Region to the Yangon market, according to Daw Thiri, a businesswoman engaged in trading various types of dried fish in Bogalay Township.

In May, only 77,000 viss of dried spiny eels were exported from Bogalay Township to the Yangon market. However, from June 1 to June 30 this year, 90,000 viss were successfully exported to the Yangon market. The increased demand from Yangon Region contributed to the brisk sales of these dried spiny eels this month.

"Since the first week of June, sales to the Yangon market have been strong. We managed to export and sell up to 90,000 viss within a month. The Yangon market has been placing more orders for dried fish. The dried spiny eel industry is an important local economic activity for the residents of Bogalay.

With the current high demand for dried fish, those involved in the dried spiny eel industry are also benefiting," said Daw Thiri.

The local dried spiny eel exported to the Yangon market were priced at up to 255,000 kyats per 10 viss. The increased exports of dried fish from the region have provided benefits to fish traders, fishermen, and dried fish workers.

Kyaw Kyaw Lin

# Labutta transports 76,000 visses of flower crabs to Yangon in June

**Labutta July 2**

Up to 76,000 visses of flower crabs were exported from Labutta Township, Labutta District, Ayeyawady Region, to the Yangon market during June, said Daw Ei Ei Htay, the owner of fishery products trading fair in Labutta Township.

Locals from Labutta Township sold only 55,000 tons of flower crabs to the Yangon market in May, and from June 1 to 30, they transported and sold 76,000 tons of flower crabs.

"We have been transporting and selling fishery products from Labutta Township to the Yangon market, including flower crabs. In June, 76,000 tons of flower crabs were transported. Currently, the fishery products produced from here are being bought from the Yangon market in January. The reason they are buying is because there is a domestic demand and a foreign market. Now that the number of buyers is good, the entrepreneurs are doing more business," she said.

Fishery products, including flower crabs from Labutta Township, are being transported to Yangon market, and the price of flower crabs is up to 275,000 kyats for 10 visses.

KKL


Flower crabs.

# Pwintbyu Township introduces rural business fund

**Pwintbyu July 2**

A ceremony to set up rural business fund took place at Thayetok Village-tract Model Village of Pwintbyu Township in Magway Region in 2024-25 financial year.

The ceremony held on 29 June comprised establishment of the fund and implementation of the RBF project for regional development.

Head of Township Rural Development Department U Hla Htay Maung explained establishment of the rural economic promotion fund and implementation of RBF project.

Then, duty and functions for members of the RBF were explained. The Head of the Township Department and officials formed members of the RBF in accord with the wishes of rural people.

The government allocated K30 million for setting the RBF to create job opportunities for rural people and increasing incomes of families in the model village in 2024-25 financial year.

Under the supervision of the Rural Development Department, rural people will implement the projects on agriculture, livestock and other livelihoods, according to the head of Township Department.

Ye Win Naing (NyaungU)

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Kyonpyaw Township growers cultivate 1,429 acres of vegetables

**Kyonpyaw July 2**

A total of 1,429 acres of vegetables will be planted in Kyonpyaw Township, Kyonpyaw District, Ayeyawady Region in this year's rain crop planting season, said U Kyaw Kyaw, head of Department of Agriculture for Kyonpyaw District.

In the rainy season of this year, 1,429 acres of vegetables will be planted in the first week of July. Staff from the Department of Agriculture will take a field trip in order to plant in full acreage, increase the yield of fruits and produce good quality fruits.

"This year's vegetables will be grown in accordance with the region and most of the vegetables that are available in the market," said he said.

In this year's rain crop planting season in Kyonpyaw Township, 1,429 acres of vegetables were planted, including peppers, cabbage, onions, parsley, turnip, yardlong bean, eggplant, gourd, papaya, water convolvulus, okra, bitter gourd, and hyacinth bean.

KKL


A vegetable plantation.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားနိုင်ငံ၏ အောင်ပွဲရစစ်လက်နက်ပစ္စည်း Weapon Z အမည်အောက်တွင် SU-57 တိုက်လေယာဉ်ကိုထည့်သွင်းခဲ့



ရုရှားကာကွယ်ရေးဝန်ကြီးဌာနသည် ယူကရိန်းပဋိပက္ခများနှင့် ဆက်စပ်အသုံးပြုနေသည့် ၎င်း၏အောင်ပွဲရစစ်လက်နက်ပစ္စည်း **Weapon Z** စီးရီးအောက်တွင် ကိုယ်ပျောက်တိုက်လေယာဉ် **SU-57** ကို ထည့်သွင်းလိုက်ပြီဖြစ်ကြောင်း **Army Recognition** သတင်းဌာနက ဇွန် ၂၈ ရက်တွင် ရေးသားဖော်ပြထားသည်။

အောင်ပွဲရစစ်လက်နက်များဟု ရည်ညွှန်းလေ့ရှိသော အဆိုပါစစ်လက်နက်ပစ္စည်းသစ်ကို ယူကရိန်းအထူးစစ်ဆင်ရေးတွင် ယခုလက်ရှိ တရားဝင်အသုံးပြုနေသော အခြားစနစ်များနှင့်အတူ ထည့်သွင်းခဲ့ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။ ၎င်းတို့တွင် **AI** သုံးဒရုန်းအသစ်များ၊ အသံထက်မြန်သော ဟိုက်ပါဆောနစ် လေဟုန်စီးဒုံးယာဉ် **Avangard**၊ **Poseidon** နှင့် **Sarmat** တို့ကဲ့သို့သော နျူကလီးယားစွမ်းရည် ပိုင်ဆိုင်ထားသောစနစ်များ ပါဝင်သည့်အပြင် နာမည်ကျော် ကိုယ်ပျောက်တိုက်လေယာဉ် **SU-57** ပါ ပါဝင်လာခြင်းဖြစ်ကြောင်း သိရသည်။

**SU-57** တိုက်လေယာဉ်သည် ရုရှားနိုင်ငံထုတ် ဘက်စုံသုံးပဉ္စမမျိုးဆက် တိုက်လေယာဉ်အမျိုးအစားဖြစ်ပြီး ဝေဟင်၊ မြေပြင်နှင့် ရေတပ်ပစ်မှတ်အမျိုးအစားအားလုံးကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ **SU-57** ၏ အဓိကအင်္ဂါရပ်မှာ တိုက်လေယာဉ်နှင့် တိုက်ခိုက်ရေးလေယာဉ်နှစ်မျိုးစလုံးအဖြစ် လုပ်ဆောင်ချက်များကို ပေါင်းစပ်ထားသည်။ဆိုလိုသည်မှာ ဝေဟင်မှ ဘက်စုံတိုက်ပွဲဝင်နိုင်သည့် ကိုယ်ပျောက်တိုက်လေယာဉ်မျိုးဖြစ်သည်။ ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်များ၊ ဝေဟင်မှ မြေပြင်ပစ် ဒုံးကျည်များနှင့် ဝေဟင်မှ ကြဲချပစ်လွှတ်နိုင်သောဗုံးများ အပါအဝင် ပဲ့ထိန်းနှင့် ပဲ့ထိန်းမဲ့လက်နက်များကို အသုံးပြုတိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ **SU-57** သည် ၎င်း၏ အီလက်ထရွန်နစ် စစ်ဆင်ရေးစွမ်းရည်၊ အထူးဒီဇိုင်းထုတ် လေယာဉ်ပုံသဏ္ဍာန်၊ ရေဒီယိုလှိုင်းစုပ်ယူမှုနှင့် ရောင်ပြန်ဟပ်သည့် သတ္တုပစ္စည်းများ အသုံးပြုခြင်းကြောင့် ရန်သူ့ရေဒါများမှ ထောက်လှမ်းရန် ခက်ခဲမည်ဖြစ်ကြောင်း သိရသည်။

လေယာဉ်ပေါ်ရှိ စက်ကိရိယာများသည် မြေပြင်ထိန်းချုပ်မှုစနစ်များဖြင့် ပေးအပ်သောတာဝန်များကို အလိုအလျောက်လုပ်ဆောင်နိုင်ပြီး လေကြောင်းအဖွဲ့၏ တစ်စိတ်တစ်ပိုင်းအဖြစ် အချိန်နှင့်တစ်ပြေးညီ အချက်အလက်များကို မျှဝေလုပ်ဆောင်နိုင်မည်ဖြစ်သည်။ ဤစွမ်းရည်သည် တိုက်ပွဲစီမံခန့်ခွဲမှုစနစ်၏ အနောက်နိုင်ငံများထုတ် တိုက်လေယာဉ်အုပ်များ၏ စစ်ဆင်ရေးဆောင်ရွက်နိုင်မှုမူဝါဒနှင့် ကိုက်ညီသည်။

**SU-57** တိုက်လေယာဉ်သည် အမေရိကန်ထုတ် **F-22** နှင့်တစ်တန်းတည်းဖြစ်ရန် ရည်မှန်းထားသော်လည်း နည်းပညာဆိုင်ရာ အချက်အလက်များမှာမူ တိတိကျကျ ထုတ်ပြန်ဖော်ပြထားခြင်းမျိုး မရှိသေးပေ။ ဤလေယာဉ်သည် သိသာထင်ရှားသော ထင်ကြေးပေးမှုများပိုင်ဆိုင်ထားပြီး အံ့ဖွယ်လေကြောင်းစွမ်းအားအဖြစ် ပုံဖော်ထားရေးသားထားကြသည်။ သို့သော်လည်း ထိရောက်သော တိုက်လေယာဉ်အုပ်မျိုးကို ပိုင်ဆိုင်ထားနိုင်ရန်အတွက် လေယာဉ်အစင်းရေ ၂၅ စင်းခန့်သာ အကန့်အသတ်ဖြင့် ရှိနေသေးသည်။

ထို့ပြင် **SU-57** ၏ ကိုယ်ပျောက်စွမ်းရည်သည် မတူညီသောလမ်းကြောင်းအသီးသီးတွင် ရေဒါလှိုင်းများကို ပြန်ထွက်သွားရန်အတွက် ထောင့်ကွေးနှင့် ချောမွေ့သော လေယာဉ်ကိုယ်ထည် တည်ဆောက်မှုပုံစံများကိုအသုံးပြု၍ ကြီးမားစွာအားကိုးထားသည်။ လေယာဉ်၏ကိုယ်ပျောက်စွမ်းရည်ကို သိသိသာသာ လျော့နည်းစေသည့် ပြင်ပဒ္ဒလက်နက်တပ်ဆင်သည့် အပိုနေရာများလည်း တွေ့မြင်နေရသည်။

ရုရှားနိုင်ငံသည် **SU-57** တိုက်လေယာဉ်ကို ယူကရိန်းအထူးစစ်ဆင်ရေးတွင် တာဝေး ဗုံးကြဲတိုက်ခိုက်ရေးတာဝန်များအတွက် အကြိမ်ပေါင်းများစွာ အသုံးပြုခဲ့ကြောင်းလည်း သိရှိရသည်။ သို့သော်လည်း တိုက်ပွဲဝင်ရာတွင် ယူကရိန်းတို့၏ လေကြောင်းရန်ကာကွယ်ရေးရေဒါ လွှမ်းခြုံမှုအောက်ရှိ တပ်စခန်းနေရာများတွင် အသုံးပြုခဲ့ခြင်း ရှိ၊ မရှိကိုမူ သေချာစွာမသိရှိရပေ။ ထို့ပြင် **SU-57** ကိုယ်ပျောက်လေယာဉ်၏ တိုးတက်ဖွံ့ဖြိုးထုတ်လုပ်မှုဖြစ်စဉ်ကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်လုပ်ဆောင်နေခြင်း ရှိ၊ မရှိကိုလည်း ရုရှားဘက်က တရားဝင်ထုတ်ပြန်ထားခြင်းမရှိပေ။ လက်ရှိတွင် **Sukhoi** ဒီဇိုင်းဗျူရိုဌာနသည် ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းရှင်များမရှိခြင်းကြောင့် ထွက်ပေါ်လာနိုင်တော့ခြင်းမရှိသေးဟု နိုင်ငံတကာ လေ့လာအကဲခတ်သူများက ခန့်မှန်းထားသည့် SU-75 တစ်ယောက်မောင်း၊ ဘက်စုံသုံးကိုယ်ပျောက် တိုက်လေယာဉ် စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**Russia announces now using SU-57 as commisionned Jet under the Weapon Z name** ကို ဘာသာပြန်ဆိုထားပါသည်။

## ဂျာမနီနိုင်ငံက ယူရိုဖိုက်တာတိုက်လေယာဉ်များအတွက် ဆွီဒင်နိုင်ငံကုမ္ပဏီထုတ် Brimstone ဒုံးကျည်အစင်း ၃၂၀၀ ကျော် ဝယ်ယူမည်

ဂျာမနီနိုင်ငံ ပြည်ထောင်စုပါလီမန် ဘတ်ဂျက်ကော်မတီသည် နိုင်ငံ၏ ယူရိုဖိုက်တာ တိုက်လေယာဉ်များအတွက် **MBDA Brimstone** ဒုံးကျည်များ ဝယ်ယူနိုင်ရေးအတွက် ဆွီဒင်နိုင်ငံကုမ္ပဏီဖြစ်သော **Saab** နှင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြောင်း **The Defense Post** သတင်းဌာနက ဇွန် ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဝယ်ယူရေးမူဘောင် သဘောတူညီချက်တွင် ဒုံးကျည် ၃၂၆၆ စင်းထိ မှာယူထားပြီး ပထမအသုတ်တွင် ဒုံးကျည် ၃၇၈ စင်း ပါဝင်မည်ဖြစ်ကာ စုစုပေါင်း ယူရို ၃၇၆ သန်းထိ ကျသင့်မည်ဖြစ်သည်။

စစ်ဆင်ရေးအတွက် တိုက်ပွဲဝင်အသင့်အသုံးပြုရန် ဒုံးကျည် ၂၇၄ စင်းကို သီးသန့်စုပုံထားမည်ဖြစ်ပြီး ဒုံးကျည် ၂၉ စင်းကို စမ်းသပ်ရန်၊ ကျန် ၇၅ စင်းကို လေ့ကျင့်ရေးအတွက် အသုံးပြုရန်ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။

တိုက်လေယာဉ်တွင် လက်နက်ချိတ်ဆွဲတပ်ဆင်သည့်တိုင်များ၊ အပိုပစ္စည်းများ၊ ပြစ်ချက်ရှာစက်ပစ္စည်း၊ ကိရိယာတန်ဆာပလာများနှင့် လေ့ကျင့်ရေးပစ္စည်းများကိုပါ တစ်ပါတည်း လက်ခံရရှိမည်ဖြစ်သည်။ လွှဲပြောင်းပို့ဆောင်မှုများကို လာမည့် ၂၀၂၈ ခုနှစ်တွင် စတင်နိုင်လိမ့်မည်ဟု ဂျာမနီက မျှော်မှန်းထားသည်။

ဂျာမနီသည် ၎င်း၏ ယူရိုဖိုက်တာ တိုက်လေယာဉ်များပေါ်တွင် စွမ်းဆောင်ရည်သစ်များ ပေါင်းစပ်ရန်အတွက် အစီအစဉ်အမျိုးမျိုးကို ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ စတင်လုပ်ဆောင်မှုများတွင် မကြာသေးမီက **Saab** ကုမ္ပဏီ၏ လှိုင်းထုတ်လွှင့်မှုတည်နေရာပြစနစ်၊ မိမိကိုယ်ကို ကာကွယ်မှုစနစ် **(Self-Protection System)** နှင့် **Northrop Grumman** ကုမ္ပဏီ၏ အဆင့်မြင့် ရေဒါဖျက်ပဲ့ထိန်း ဒုံးကျည်များ တပ်ဆင်ခြင်းတို့ပါဝင်သည်။

အဆိုပါ အဆင့်မြှင့်တင်မှုများကို ဂျာမနီပါလီမန်က ၂၀၂၃ ခုနှစ်တွင် ခွင့်ပြုပေးခဲ့ပြီး ယူရိုဖိုက်တာတိုက်လေယာဉ်များတွင် ရန်သူ့လှိုင်းထုတ်လွှင့်မှုများကို ရှာဖွေထောက်လှမ်း၊ တည်နေရာဖော်ထုတ်ခြင်းနှင့် လေကြောင်းရန်ကာကွယ်ရေး ရေဒါများကို ချေမှုန်းဖျက်ဆီးနိုင်စွမ်းများ ပိုင်ဆိုင်နိုင်ခဲ့ကြသည်။



ဘက်စုံသုံး ယူရိုဖိုက်တာ တိုက်လေယာဉ်အုပ်များကို ဂျာမနီနိုင်ငံ၏ ထိပ်တန်းလေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့အဖြစ် အမွှမ်းတင်ထားသည်။ လက်ရှိတွင် ၁၃၈ စင်း တပ်တော်ဝင်၊ တာဝန်ထမ်းဆောင်လျက်ရှိပြီး ဒေသတွင်းဖြစ်ပွားနေသည့်ပဋိပက္ခများကို တုံ့ပြန်ရန်အနေဖြင့် နောက်ထပ် ယူရိုဖိုက်တာအစင်း ၂၀ ကို ယခုလအစောပိုင်းတွင် ထပ်မံမှာယူခဲ့သေးသည်။ ကာကွယ်ရေးကုမ္ပဏီ Airbus၊ BAE Systems နှင့် Leonardo တို့သည် ယူရိုဖိုက်တာ(Eurofighter)တိုက်လေယာဉ်၏ ဖက်စပ်ထုတ်လုပ်သည့် ကုမ္ပဏီများဖြစ်ကြကြောင်း သိရသည်။

**Germany to Buy 3200 Brimstone Missiles for Eurofighter Fleet** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၈၆၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇူလိုင် ၂**

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ပဲစင်းငုံ ၁၈၆၃ ဧက ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲစင်းငုံကေ ၂၄၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ပဲစင်းငုံသီးနှံ ဧက ၂၄၅၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ ထိ ၁၈၆၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံသီးနှံကို သီးသန့် စိုက်ပျိုးကြသလို သီးထပ်သီးညှပ် အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် တန့်ဆည်မြို့နယ်တွင် ပဲစင်းငုံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်း၊ မျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

တန့်ဆည်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသောတောင်သူများကို ရွက်ဖြန်း မြေဩဇာဝယ်ယူမှုသက်သာ လျော့ချနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချား ပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချားသုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များ ပိုးမွှားကင်းစင်၊ အပင်ဖြစ်ထွန်းမှုကောင်းမွန်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်ရွှေမြို့နယ် ကုန်းခြံအောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ညောင်ရွှေ ဇူလိုင် ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် သလဲဦးကျေးရွာအုပ်စု ကုန်းခြံအောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ စီမံကိန်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိဒေါ်ခင်မြတ်မြတ်မူက ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ အစည်းအဝေးတက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကော်မတီအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ကုန်းခြံအောက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းများနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်ရန် ချေးငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# အောင်လံမြို့နယ် ပြင်းပေါက်ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**အောင်လံ ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြလို့ကျေးရွာအုပ်စု ပြင်းပေါက်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေပိုက်များ ပျက်စီးမှုမရှိစေရေး၊ ရေရှည်အသုံးပြုနိုင်ရေးစနစ်တကျ ထိန်းသိမ်းသွားရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ပြင်းပေါက်ကျေးရွာ၌ ရေပိုက်လိုင်း အရှည် ၄၃၄၉ ပေ သွယ်တန်းခြင်းလုပ်ငန်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၅ ဒသမ ၇ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာစုဖွဲ့မှုဖြင့် မေလစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းသည် ပြင်းပေါက်ကျေးရွာရှိအိမ်ခြေ ၉၆ အိမ်၊ လူဦးရေ ၄၆၀ နှင့် ကျွဲ၊ နွားတိရိစ္ဆာန်တို့မှစ၍ နွေရာသီကာလ ရေဖူလုံစွာသုံးစွဲနိုင်ခြင်း၊ အိမ်တိုင်ရာရောက်ရေပေးရေးစနစ်ဖြစ်သဖြင့် အချိန်ကုန်သက်သာပြီး ပညာရေး၊ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်လာခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက သိရသည်။ **ကိုလှိုင်**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂-၇-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧည့်ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၆၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

၇ ရှေ့ဖုံးမှအဆက်

မတ်လပထမပတ်က မိုးကြီးလေပွဲများတပ်ဆင်မှုပြီးစီးခဲ့ပြီး ရှေးဟောင်းယဉ်ကျေးမှုဒေသပရိဝုဏ်အတွင်း၌ သန့်ရှင်းသာယာလှပစေရန် ချုံနွယ်များရှင်းလင်းခြင်း၊ လမ်းဘေးဝဲယာ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အမှိုက်ကန်ကြီးများနှင့် အမှိုက်ပုံးများထားရှိခြင်းတို့ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်လျက်ရှိရာ လာမည့်ပွင့်လင်းရာသီတွင် ပုဂံယဉ်ကျေးမှုဒေသ၏ အလှနှင့်သန့်ရှင်းသာယာလှပမှုကို ပိုမိုပေါ်လွင်စွာ တွေ့မြင်လာရမည်ဖြစ်ကြောင်း သိရသည်။

"ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသကို နိုင်ငံတော်အကြီးအကဲလမ်းညွှန်မှုနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ပွင့်လင်းရာသီမှာ ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လာရောက်လည်ပတ်တဲ့အခါ အဆင်ပြေအောင် ရွှေဆံတော်၊ မင်းနန်သူ၊ စူဠာမဏိ၊ အာနန္ဒာ၊ ဓမ္မရံကြီး၊ ဓမ္မရာဇကဘုရားအပါအဝင် အထင်ကရဘုရား၊ စေတီတွေကို သွားတဲ့လမ်းတွေ ပြုပြင်တာ၊ ရေနုတ်မြောင်းတွေဆယ်တာ၊ ရေဆင်းပိုက်လိုင်းကြီးတွေ တပ်ဆင်တာ၊ ရှေးဟောင်းရေကန်တွေ တူးဖော်တာနဲ့ လမ်းတွေပြုပြင်ဖာထေးတာစတဲ့ လုပ်ငန်းတွေကိုလည်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရဲ့ အလှဟာ ပိုပြီးပေါ်လွင်လာမှာဖြစ်တဲ့အတွက် ခရီးသွားတွေ ပိုမိုဝင်ရောက်လာမယ်လို့ ခန့်မှန်းထားပါတယ"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းကပြောသည်။

ထို့ပြင် ပြည်တွင်း၊ ပြည်ပခရီးသွားများ လေ့လာကြည့်ရှုရာတွင် အဆင်ပြေချောမွေ့စေရန် စူဠာမဏိနှင့် ထီးလိုမင်းလိုဘုရားဝင်းအတွင်း၌ အုတ်၊ သဲကျောက်ပြားတို့ဖြင့် ပတ်လမ်း၊ လျှောက်လမ်းဖော်ဆောင်ခြင်းနှင့် ပတ်လမ်းနှင့်ဘုရားအကြား လစ်လပ်နေသောနေရာများ ခင်းကျင်းခြင်းလုပ်ငန်းကို အဆိုပါဘုရားများမှ တာဝန်ရှိသူများက ဆောင်ရွက်သွားမည်ဖြစ်ပြီး ရွှေစည်းခုံစေတီတော်မြတ်အား လုံးတော်ပြည့်ရွှေစင်ရွှေပြားကပ်လှူခြင်းနှင့် လမ်းညွှန်အမှတ်အသားများ အသစ်ပြန်လည်ဆောင်ရွက်ခြင်းနှင့်ရုပ်စုံကျောင်းနှင့် ဦးကြံပေါ်တန်ဆောင်းပြုပြင်ခြင်းလုပ်ငန်းတို့ကိုလည်း ဆောင်ရွက်နေကြောင်း သိရသည်။



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် မိုးရာသီ၌ ခရီးသွားဝင်ရောက်မှု နည်းသော်လည်း နေ့စဉ်ခရီးသွားမပြတ် ဝင်ရောက်လျက်ရှိပြီး ပွင့်လင်းရာသီအောက်တိုဘာလမှစတင်၍ ခရီးသွားကဏ္ဍကောင်းမွန်လာမည်ဖြစ်ကြောင်း ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများက ခန့်မှန်းထားသည်။

ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရာ၌ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးသည် နိုင်ငံတော်က ချမှတ်ထားသော လူမှုရေးဦးတည်ချက်တွင် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံသားတိုင်း မြန်မာ့ယဉ်ကျေးမှုကို ချစ်မြတ်နိုးလာစေရန်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံတကာအဆင့်မီ ထိန်းသိမ်းနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရှေးဘိုးဘွားများထားရှိခဲ့သော တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ် ဒြပ်ရှိယဉ်ကျေးမှုရတနာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းကာ ကွယ်စောင့်ရှောက်သွားရန်နှင့် အမျိုးသားအမွေအနှစ်မှတစ်ဆင့် ကမ္ဘာ့အမွေအနှစ် ဒြပ်ရှိယဉ်ကျေးမှုများ ရေရှည်တည်တံ့စေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အများပြည်သူ နေ့စဉ်စားသုံးနေသည့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စတင်ထုတ်လုပ်ရာမှ စားသုံးသည်ထိ အစားအသောက်ကွင်းဆက်တစ်လျှောက်လုံး ကဏ္ဍအလိုက်ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းက ကျန်းမာရေးဝန်ကြီးဌာနရုံးအမှတ်(၄)၌ကျင်းပသည့် အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒပါ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ ချမှတ်ဆောင်ရွက်နိုင်ရေးအလုပ်ရုံဆွေးနွေးပွဲ ရလဒ်များအရ အသေးစိတ်ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားအစားအသောက်ဥပဒေပါ ရည်ရွယ်ချက်များဖြစ်သည့် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ဘေးဥပဒ်ကင်းရှင်းသည့် အစားအသောက်များကို အများပြည်သူစားသုံးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရကြောင်း၊ အစားအသောက်ကုန်ကြမ်းအဆင့်မှသည် စားသုံးသည်အထိ အစားအသောက်ကွင်းဆက်တစ်လျှောက်ရှိ နှီးနွယ်ဌာနဆိုင်ရာအသီးသီးအနေဖြင့် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာကိစ္စရပ်များကို ပိုမိုအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီကဖွင့်လှစ်ခဲ့သည့် Myanmar National Center for Disease Control and Medical Training Center တွင်လည်း ကူးစက်ရောဂါများသာမက အစားအသောက်ဓာတ်ခွဲစစ်ဆေးမှုများကို ယခင်ထက်ပိုမိုလုပ်ဆောင်သွားနိုင်တော့မည်ဖြစ်ကြောင်း၊ ထို့ပြင်နိုင်ငံတော်၏ အနာဂတ်ဖြစ်သည့် ကလေးသူငယ်များအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော၊ သန့်ရှင်းသော၊ အာဟာရပြည့်ဝသောအစားအသောက်များကို ရရှိစားသုံးစေနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကျောင်းကျန်းမာရေးဌာနခွဲနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းကာ **School Meal Program** ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။



ယခုအစည်းအဝေးတွင် နယ်စပ်မှတရားမဝင် အစားအသောက်တင်သွင်းမှုထိန်းချုပ်ခြင်းလုပ်ငန်းစဉ်များ၊ တက္ကသိုလ်စားသောက်ဆိုင်များနှင့် Catering Service လုပ်ငန်းစဉ်များ၊ အဝေးပြေးလမ်းမတစ်လျှောက်နှင့် ကားရပ်နားစခန်းများရှိ စားသောက်ဆိုင်များ၊ ဟိုတယ်၊ မိုတယ်များရှိစားသောက်ဆိုင်များ၏ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များ၊ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ အင်းဆက်များ၊ ပိုးကောင်များ၏ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်များ၊ အစားအသောက် စံချိန်စံညွှန်းများရေးဆွဲထုတ်ပြန်ခြင်းလုပ်ငန်းစဉ်များ အစရှိသည့် ကဏ္ဍခြောက်ခုကို အသေးစိတ်ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ သို့မှသာ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို ပြည်သူများစားသုံးနိုင်မည်ဖြစ်သည့်အတွက် အစားအသောက်ကွင်းဆက်တစ်လျှောက် တာဝန်ယူဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများအနေဖြင့် မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက်ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အများပြည်သူ နေ့စဉ်စားသုံးနေသည့် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်၊ ဌာန၊ အဖွဲ့အစည်းတစ်ခုတည်းအနေဖြင့် ဆောင်ရွက်၍မရသည့်အတွက် အစားအသောက်စတင်ထုတ်လုပ်ရာမှ စားသုံးသည်ထိ အစားအသောက်ကွင်းဆက်တစ်လျှောက်လုံးနှင့် သက်ဆိုင်သည့်ဌာနအားလုံးသာမက အစားအသောက်ထုတ်လုပ်သူများ၊ သိုလှောင်သူများ၊ ဖြန့်ဖြူးရောင်းချသူများ၊ စားသုံးသူများ၊ နည်းပညာဆိုင်ရာပညာရှင်များ၊ အသင်းအဖွဲ့များအားလုံးက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး မူဝါဒပါတာဝန် အခန်းကဏ္ဍနှင့် ဝတ္တရားများကို တိတိကျကျ အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုကြောင်းဖြင့်ပြောကြားသည်။

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ဇော်က အလုပ်ရုံဆွေးနွေးပွဲရလဒ်များနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (အစားအသောက်) ဒေါက်တာပြည့်ဖြိုးက အလုပ်ရုံဆွေးနွေးပွဲရလဒ်များအရ ထပ်မံဆွေးနွေးမည့် အကြောင်းအရာများနှင့် ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နှီးနွယ်ဌာနအသီးသီးမှ တာဝန်ရှိသူများကဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပြီး အဆိုပါ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက အတည်ပြုခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ နှီးနွယ်ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ ကျောဖုံးမှအဆက်

ရမည်းသင်းခရိုင်အသင်းနှင့် ကျောက်ဆည်ခရိုင် အမျိုးသမီးဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြကာ ရမည်းသင်းခရိုင်အသင်းက ကျောက်ဆည်ခရိုင်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသည့် ရမည်းသင်းခရိုင်အသင်းကို တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ပထမဆုရရှိသည့် ရမည်းသင်းခရိုင်အသင်းမှ ကစားသမားတစ်ဦးချင်းစီအား ဆုတံဆိပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌတို့က ဒုတိယဆုရရှိသည့် ကျောက်ဆည်ခရိုင်အသင်းနှင့် တတိယဆုရရှိသည့် မဟာအောင်မြေခရိုင်အသင်းတို့ကိုငွေသားဆုများနှင့် ကစားသမားတစ်ဦးချင်းစီကို ဆုတံဆိပ်များ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆု၊ ရှေ့တန်း၊ အလယ်တန်းနှင့် နောက်တန်းအကောင်းဆုံးဆုနှင့် ဂိုးသမားအကောင်းဆုံးဆုရရှိကြသူတို့ကို ဆုတံဆိပ်များနှင့် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်တတ်မြောက်စေရုံမျှမက မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိသော လူတော်လူကောင်းများဖြစ်အောင် လေ့ကျင့်သင်ကြားပေး




**နေပြည်တော် ဇူလိုင် ၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အခြေခံပညာစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့်အတူ ယနေ့နံနက်ပိုင်းက မိတ္ထီလာတက္ကသိုလ်၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ်နှင့် မိတ္ထီလာမြို့ရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ ကျောင်းဥပမိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာတက္ကသိုလ်သို့ရောက်ရှိပြီး သဟာယခန်းတွင် မိတ္ထီလာတက္ကသိုလ်၏ Master plan ကို ကြည့်ရှုစစ်ဆေး၍ စာသင်ဆောင်များ၊ အရာထမ်း၊ အမှုထမ်းအိမ်ရာနှင့် ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များ တည်ဆောက် နေရာချထားမှုများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက္ကသိုလ်ဝင်းအတွင်း လှည့်လည်၍ မိတ္ထီလာတက္ကသိုလ် သုတေသနစင်တာ တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် ကျောင်းဥပမိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာသင်ခန်းအတွင်း အေးချမ်းစွာ ပညာသင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ စီမံဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို ဗလငါးတန်နှင့်ပြည့်စုံပြီး အမှန်တကယ် ကျွမ်းကျင်တတ်မြောက်သူများဖြစ်အောင် သင်ကြားပို့ချပေးကြစေလိုပါကြောင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်တတ်မြောက်စေရုံမျှမက မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိသော လူတော်လူကောင်းများဖြစ်အောင် လေ့ကျင့်သင်ကြားပေးစေလိုပါကြောင်းဖြင့် မှာကြားပြီး ဌာနအလိုက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း(ရှမ်းတဲ)၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းတို့သို့ သွားရောက်၍ ကျောင်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၂**

ဇူလိုင် ၃ ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူး၍ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မိုးဝေလမ်းနှင့် ရတီလမ်းကြား ရွှေပြည်တော်ဝင် လမ်းမကြီးဘေးတွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ဦးဆောင်ကော်မတီဝင်များ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ အမျိုးသမီးအဖွဲ့အစည်း ငါးဖွဲ့မှ နာယက၊ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်နေရာတွင် ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး အခမ်းအနားတက်ရောက်လာသူများက သတ်မှတ်နေရာအသီးသီးတွင် ကံ့ကော်၊ ခရေ၊ မဟော်ဂနီ၊ ပိတောက်၊ စိန်ပန်းပင် စသည့်ပျိုးပင်များစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ယနေ့အခမ်းအနားတွင် အရိပ်ရနှစ်ရှည်ပင်များအပါအဝင် ပျိုးပင် ၁၅၀ စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇူလိုင် ၂ ရက်**

၂၆-၆-၂၀၂၄ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါဘာဏ်များနှင့်ပတ်သက်သည့် ဖော်ပြချက်များတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့က ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုမှုများ စသည့်ရေးသားဖော်ပြချက်များမှာ မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသဖြင့် အဆိုပါရေးသားချက်အပေါ် ပြင်းထန်စွာကန့်ကွက်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ခဲ့ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ဖော်ပြချက်သည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် ကိုက်ညီမှုမရှိဘဲ အများပြည်သူ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့်အချက်များ ပါဝင်နေသည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပြင်းထန်စွာ ကန့်ကွက်ကြောင်း ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)အနေဖြင့် အပြည့်အဝထောက်ခံကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၇/၂၀၂၄) ထုတ်ပြန်

၁။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ဖွဲ့စည်းခဲ့သည့် ဇူလိုင် ၃ ရက်ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်က သတ်မှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံရှိ လူဦးရေ၏ ထက်ဝက်ကျော်မှာ အမျိုးသမီးများဖြစ်ပြီး နိုင်ငံအတွက် အဖိုးတန်သော လူသားအရင်းအမြစ်များဖြစ်ပါသည်။ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီမျှအခွင့်အရေးရှိပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ခွဲခြားဆက်ဆံမှုကင်းစွာ ပါဝင်ဆောင်ရွက်ခွင့်ရှိသူများဖြစ်ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် အမျိုးသားနှင့် အမျိုးသမီး တန်းတူအခွင့်အရေးရှိကြောင်း ဖော်ပြထားရှိသကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင်လည်း အမျိုးသမီးအခွင့်အရေးများ ခံစားခွင့်ရရှိစေရေးနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများ၏ အခွင့်အရေးများကို လေးစားပြီး အသိအမှတ်ပြုသည့်အားလျော်စွာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်ကြီးတစ်ခုဖြစ်သော အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of All forms of Discrimination Against Women -CEDAW)၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၇ ခုနှစ်က ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး အမျိုးသမီးများ၏ အခွင့်အရေးများကို ဖြည့်ဆည်းကာကွယ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးလျက်ရှိရာတွင် ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများ၊ အမျိုးသမီးငယ်များ၊ သက်ကြီးရွယ်အိုများအပါအဝင် အမျိုးသမီးများ၏အခွင့်အရေးများကို ထည့်သွင်းပို့ချလျက်ရှိပါသည်။ ထို့ပြင် ကော်မရှင်ဥပဒေနှင့်အညီ အမျိုးသမီးများ၏ အခွင့်အရေးနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ ဘိုးဘွားရိပ်သာ၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာနများသို့ သွားရောက်စစ်ဆေးလျက်ရှိပြီး သက်ဆိုင်ရာဌာနများသို့ အကြံပြုချက်များပေးပို့ကာ အမျိုးသမီးအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

၄။ ၂၀၂၄ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ဆောင်ပုဒ်မှာ **"Invest in Women: Accelerate Progress" "အရှိန်အဟုန်ဖြင့် တိုးတက်ရေး အမျိုးသမီးများတွင်မြှုပ်နှံပေး"** ဖြစ်ရာ နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံ၊ နယ်ပယ်စုံတွင် အမျိုးသမီးများပါဝင်မှုကို မြှင့်တင်ဖော်ဆောင်ကြပါရန် တိုက်တွန်းလျက် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉တို့ သို့လည်းကောင်း၊KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနိုးဆော်ထားသည်။

**(သတင်းစဉ်)**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
- (ခ) နိုင်ငံ့ဝန်ထမ်းများ။
- (ဂ) ပညာသင်ကြားနေသူများ။
- (ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
- (င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
- (စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

- (က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
- (ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
- (ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
- (ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
- (င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ဓားပြတိုက်၊ သတ်ဖြတ်၊ ပြန်ပေးဆွဲလုပ်ရပ်များနဲ့ မစ္ဆရိယအမှောင်ဖုံးနေတဲ့ အကြမ်းဖက်သမားများရဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ၃-၇-၂၀၂၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လက်နက်ကိုင် သောင်းကျန်းသူများနှင့် မူးယစ်ဆေး"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် မြစ်ကြီးနားမြို့နှင့် ခန္တီးမြို့တို့ရှိ ရပ်ကွက်၊ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဇူလိုင် ၂

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ဧရာဝတီမြစ်ရေ မြင့်တက်လျက်ရှိပြီး မြစ်ကြီးနားမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများအတွင်း၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများကို ယနေ့တွင်လည်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးပြီး လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးနေမှုများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ခန္တီးမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်စဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက မြစ်ကြီးနားမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်စဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက မြစ်ကြီးနားမြို့ပေါ်ရှိ ရေဘေးလွတ်ရာနေရာများသို့ ပစ္စည်းများကူညီရွှေ့ပြောင်းပေးစဉ်။




အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ခန္တီးမြို့နယ် စာသင်ကျောင်းအတွင်းရှိ ပစ္စည်းများကို ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။






ခန္တီးမြို့နယ်အတွင်း၌ ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် မြစ်ရေဝင်ရောက်နေမှုကို တွေ့ရစဉ်။

တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်လျက်ရှိရာ ခန္တီးမြို့၏ စိုးရိမ်ရေမှတ်သည် ၁၃၆၀ စင်တီမီတာဖြစ်ပြီး ယနေ့တွင် ၁၅၃၅ စင်တီမီတာထိ မြင့်တက်လာသဖြင့် စိုးရိမ်ရေမှတ်ထက်၁၇၅စင်တီမီတာကိုကျော်လွန်ခဲ့ကာ ခန္တီးမြို့နယ်အတွင်းရှိ မြို့မရပ်ကွက်၊ ပေါမိုင်းရပ်ကွက်၊ ဇီးဖြူကုန်းရပ်ကွက်၊ အောင်သာယာကျေးရွာနှင့် ဆင်သေကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါမြစ်ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၈၈စု၊ လူဦးရေ ၆၅၈ ဦးတို့ကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးကင်းလွတ်ရာ နေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ သောက်ရေသန့်၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ သိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့်ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebookစာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ရုပ်ပြောင်း ရုပ်လွှဲ၊ သို့မဟုတ် အင်္ဂါးခန္ဓာမြောင်ကြတယ် (၃)

ဗျည်းအက္ခရာတစ်ခုသည် အခြားဗျည်း အက္ခရာတစ်ခုသို့ ပြောင်းတတ်သည်။ ထိုသို့ ပြောင်းသည်မှာ အကြောင်းမဲ့ပြောင်းသည်မဟုတ်၊ စနစ်တကျပြောင်းသည်ဟု ဆိုရမည်။ သဘာဝ ကျကျပြောင်းသည်ဟု ဆိုရမည်။ (ဗျည်းသာမက သရလည်း တစ်ခုမှတစ်ခုသို့ ပြောင်းတတ်သည်ပင် ဖြစ်သည်။) ဗျည်းတစ်ခုသည် အခြားဗျည်းတစ်ခုသို့ ပြောင်းရာတွင် မာယာပရိယာယ်များပြီး အပြောင်း အလဲ ညင်သာသိမ်မွေ့သဖြင့် မည်သို့မည်ပုံ ပြောင်းသွားသည်ကိုပင် ရုတ်တရက် မမြင်လိုက် မသိလိုက်ရဘဲဖြစ်တတ်သည်။ ဤသို့ဖြင့် အတု အယောင်သည် အစစ်သဖွယ်ဖြစ်သွားရသည်။ ရုပ်ပြောင်း၊ ရုပ်လွှဲ သို့မဟုတ် အင်္ဂါးခန္ဓာမြောင် ခြင်းဟု ဆိုချင်ပါသည်။

နကန် < နှင်ကန် <လှင်ကန် /

နကန် < လှကန် < လှင်ကန်

စစ်ကိုင်းမင်း (ဘကြီးတော်ဘုရား) လက်ထက် တွင် ပေါ်ထွန်းခဲ့သော စာဆိုတော်ဦးဆောင်း၏ လွမ်းချင်းတစ်ပုဒ်တွင် 'လယ်ထွန်ပြန်တွင်၊ နကန် ပစ်ချ၊ ဆာမွတ်ချိန်ကျသော်ကြောင့်' ဟူသော စာပိုဒ်လေးကို လူအများကြားဖူးကြ၊ နှုတ်တက်ရ ဖူးကြပါသည်။ လယ်သမားကြီးသည် တစ်မနက်လုံး လယ်ထွန်ပြီး မောမောပန်းပန်းနှင့် အိမ်သို့ပြန်လာကာ မောကလည်းမော၊ ဆာကလည်းဆာလှသဖြင့် ဣန္ဒြေပင်မဆည်နိုင်တော့ဘဲ အိမ်ထဲသို့ ဝင်ဝင်ချင်း နကန်ကို ပစ်ချသည့် သရုပ်ပေါ်လှသဖြင့် လူအများ နှစ်သက်သော အပိုဒ်ကလေးဖြစ်နေပါသည်။ ဤနေရာတွင် အချို့မူများ၌ 'နကန်'ပစ်ချဟူ၍ တွေ့ရ ပြီးမူအချို့တွင် 'နွားကန်' ပစ်ချဟု တွေ့ရပါသည်။ စာဆိုတော်ကြီးက 'နကန်'ဟု သုံးခဲ့သလော၊ 'နွားကန်' ဟု သုံးခဲ့သလော မသိနိုင်ပါ။ နောင်းခေတ် စာစုသူ၊ စာကူးသူ၊ ပုံနှိပ်သူ၊ တည်းဖြတ်သူတို့က သူတို့မှန်သည်ဟု ထင်မြင်ယူဆကြသည့် စာလုံးပေါင်း ကို ယူခဲ့ကြခြင်း ဖြစ်တန်ရာသည်။ မည်သို့ပင် စာလုံး ပေါင်းစေ အသံထွက်မှာမူ 'နဂန်' သာ ဖြစ်ပေသည်။ 'နကန်' ဟူသော စာလုံးပေါင်းကို နှစ်သက်သူက 'နကန်'၊ 'နွားကန်' ဟူသော စာလုံးပေါင်းကို နှစ်သက်သူက 'နွားကန်' ဟု ရေးခဲ့ကြခြင်းဖြစ်ပါ သည်။ စာလုံးပေါင်းကွဲသော်လည်း အသုံးအဆောင်၊ ကိရိယာ၊ အဆောက်အဦကမူ တစ်ခုတည်းပင် ဖြစ်သည်။

သို့ရာတွင် 'နကန်' ၏ မူလဝေါဟာရ၊ မူလ အနက်အရမူ 'နကန်' ဟူသော အရေးသည် သင့်လျော်သော အရေးဖြစ်သင့်သည်ဟု ယူဆရန်ရှိပါ သည်။ အကြောင်းမူကား 'နကန်' ၏ရင်းမြစ်စကားမှာ 'လှင်ကန်' ဖြစ်သောကြောင့်တည်း။ 'နကန်' ကို 'နွားမောင်းသောတုတ်'ဟု (မြန်မာအဘိဓာန်၊ ၁၉၉၁ နှင့်) အဘိဓာန်များက အဓိပ္ပာယ်ဖွင့်ထားသော်လည်း 'နကန်' ၏ ရင်းမြစ်အနက်မှာ 'နွား' နှင့် မည်သို့မျှ ဆက်နွယ်ပတ်သက်ခြင်းမရှိပါ။ 'လှင်ကန်' သာလျှင် 'နကန်' ၏ ရင်းမြစ်စကားဖြစ်၍ 'နကန်'၏ အနက်၊ 'နကန်' ၏ အဓိပ္ပာယ်ကို သိလိုပါက 'လှင်ကန်' ၏ အနက်၊ အဓိပ္ပာယ်ကို ဖော်ထုတ်ရမည်သာ ဖြစ်ပါ သည်။

'လှင်ကန်' မှ 'လှင်' ၏ အနက်ကို ဦးစွာ ဖော်ထုတ်ရပါမည်။ 'လှင်'၏ အနက်မှာ 'လှုပ်၊ မြန်' ဖြစ်သည်။ 'လှင်' သည် 'လျှင်' နှင့်လည်း အနက် တူပါသည်။ 'လျှင်' လည်း 'လှုပ်၊ မြန်' ဖြစ်ပါသည်။ 'လှုပ်' အနက်ရှိသော ဝေါဟာရသည် 'မြန်' အနက် ရှိသည်။

'ကန်'၏ အနက်မှာ 'ထောက်၊ ထိ' ဖြစ်သည်။ တစ်ခုသည် တစ်ခု၌ 'ထောက်သည်၊ ထိသည်' ကို 'ကန်သည်'ဟု ဆိုသည်။ 'ကန်'၏ အနက်ကို (မြန်မာအဘိဓာန်၊ ၁၉၉၁တွင်) ၁။ ခြေဖြင့်ခတ်သည်။ ၂။ တစ်စုံတစ်ရာဖြင့် ထောက်ကန်သည်။ ၃။ အရှိန်ဖြင့် လှန်တွန်းသည်။ 'စပရင်ကန်သည်။ မောင်းကန် သည်။' ၄။ ခွာသည်။ 'ဆိပ်ကမ်းမှ ဖောင်တော် ကန်သည်။' ၅။ ပွင့်ထွက်သည်။ 'အပူကန်သည်။ အခိုးကန်သည်' ဟူ၍လည်းကောင်း၊ ဆံ့သည်။ ကာသည်။ 'ဤအခန်းနှင့်မတန်ပါ။' ဟူ၍လည်း ကောင်း ဖော်ပြထားပါသေးသည်။ အဓိပ္ပာယ် အားလုံး၏ အနက်အချုပ်မှာ 'ထိသည်၊ ထောက် သည်'ပင် ဖြစ်သည်။ သို့ဖြစ်၍ 'လှင်ကန်' ၏ အနက်ကို 'လျှင်မြန်စွာလှုပ်ရှား၍ ထောက်ကန် ထိခတ်' ဟူ၍ ဆိုရပါမည်။ လျှင်မြန်စွာလှုပ်ရှား၍ 'ထောက်ကန် ထိခတ်သောအရာ' မှာ 'တုတ်' ဖြစ်ပါသည်။ ထို့ကြောင့် 'လှင်ကန်' ၏ မူလ အဓိပ္ပာယ်မှာ 'တုတ်' ဖြစ်သည်။ လက်နက်အဖြစ် သုံးသည်ဖြစ်စေ၊ နွားမောင်းရာ၌ သုံးသည်ဖြစ်စေ 'တုတ်' ကို သုံးသည်။ 'လှင်ကန်' ကို သုံးသည်။

သို့ဖြစ်သောကြောင့် လှင်ကန်ဆိုသည်မှာ သာမန်တုတ်၊ ရန်သူနှင့် တိုက်ခိုက်ရာတွင် သုံးသော တုတ်၊ နွားမောင်းသော တုတ်ဖြစ်သည်ဟု ဆိုရပါ မည်။ 'တုတ်' ၏ အနက်အဓိပ္ပာယ်အရ 'လှင်ကန်' သည် ရှည်လံသောကိရိယာမဟုတ်။ တိုတို တုတ်တုတ် ကိရိယာဖြစ်သည်ဟု ဆိုရပါမည်။ 'လှင်ကန်'ကို အနီးကပ် ရိုက်နှက်တိုက်ခိုက်ရာ တွင်လည်း သုံးနိုင်သည်။ အဝေးသို့ ပစ်လွှတ်တိုက် ခိုက်ရာတွင်လည်း သုံးနိုင်သည်။ 'မရည်ရွယ်ဘဲ၊ ကျောက်ခဲလှင်ကန်၊ ပစ်ရာမှန်ဟု' (စွယ်စုံ၊ ဒု၊ ၃၇၅) ဟူ၍ တွေ့ရသည်။ လှင်ကန်သည် တိုတောင်း သောလက်နက်ဖြစ်သဖြင့် 'လှင်ကန်တောင်း' ဟူ၍ လည်းခေါ်ပြန်သည်။ တုတ်တိုဟု ဆိုလိုသည်။ ထို့ကြောင့် 'မိုးမြှောက်ရင်ပြန်၊ လှင်ကန်တောင်းရေး၊ မှာပြေးမှာဝန်း' (သံဝရ ၁၆၈) ဟူ၍လည်းကောင်း ဆိုခဲ့ကြခြင်းဖြစ်သည်။ ယင်း 'လှင်ကန်တောင်း' မှာ အဝေးသို့ ပစ်လွှတ်တိုက်ခိုက်ရသော လက်နက် ဖြစ်ပေသည်။ (ဆက်လက်ဖော်ပြပါမည်)

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်၊ စားသောက်ကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ









**နေပြည်တော် ဇူလိုင် ၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့် အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်တစ်ခုအတွင်းမှ တရားဝင်စာရွက် စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် **Cosmetic**မျိုးစုံ ၉၉ ဘူး ခန့်မှန်း တန်ဖိုးငွေကျပ် ၉၀၀၀၀၀ ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာ သည့် တရုတ်နိုင်ငံထုတ် **Hand Manual Hydraulic Stacker** တစ်ခု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက် ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေး ယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၈ ရက်တွင် နေပြည်တော် ကောင်စီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက် ခဲ့ရာ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၄၃၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၅၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ဇွန် ၃၀ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ် မယ်ယန်းပူးပေါင်းစစ်ဆေးရေး စခန်းအနီး ကျိုင်းတုံလမ်းမကြီးဘေး၌ စုပုံ ထားရှိသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ် သည့် **Total** တံဆိပ်ပါ **Rotary Hummer** ၁၁ခု အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၅၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

အလားတူပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၃၀ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၂၆၃ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၉၆၈ ကို သစ်တောဥပဒေအရလည်းကောင်း၊ ဇူလိုင် ၁ ရက်တွင် ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၄၂၇ တန်၊ သစ်မာ ၂ ဒသမ ၀၉၅ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၅၃၆ကို သစ်တောဥပဒေအရလည်း ကောင်း၊ ဝေါမြို့နယ် အဗျားငှက်ချေးဝင်း ကျေးရွာအနီး၌ လိုင်စင်မဲ့ **Honda Fit** မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ ဘုရားကြီးမြို့ **(Denko)** ဆီဆိုင်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် **Glory Deluxe** ခြင်ထောင်အလုံး ၃၀၀အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် **Dong Feng Tractor Head** တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၉၂၀၃၂၅၀၄ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁ ရက်တွင် မန္တလေးတိုင်း ဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ကြီးမြို့နယ် ဆင်ရွာ ကြီးနှင့် ကျွဲရေကုန်းရွာကြား၌ မြစ်ကြီးနား မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသော စားသောက်ကုန်ပစ္စည်း များဖြစ်သည့် တရုတ်နိုင်ငံထုတ် ပုစွန်လုံး ပင်လယ်စာကီလိုဂရမ် ၁၀၀၀၀ နှင့် သက် တံလိပ် ကီလိုဂရမ် ၅၅၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် **Nissan Condor Van** တစ်စီးနှင့် **Isuzu Forward Van Truck** တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ် နည်းများအရလည်းကောင်း၊ ရွှေကျင် စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်သုံးစီး ပေါ်မှ တရားမဝင်စက်သုံးဆီ ပရီမီယမ် ဒီဇယ်ဆီဂါလန် ၁၁၉၆၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၃၀၄၆၆၀၀ နှင့် အဆိုပါစက် သုံးဆီများ တင်ဆောင်လာသည့် **Nissan Diesel Truck** တစ်စီး၊ စက်မှုဇုန်ထုတ် **TTTruck** တစ်စီးနှင့် **Mitsubishi Fuso Truck**တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀ ကို ရေနံနှင့်ရေနံထွက်ပစ္စည်း ဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၅၄၆၆၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက် ခဲ့ရာ မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပထက်ကျွန်း အနောက်ဘက် ၁ ဒသမ ၅ မိုင်ခန့်အကွာ ၌ စက်လှေတစ်စီးပေါ်မှ တရားမဝင်အခြား သစ် ၅ ဒသမ ၃၃၈တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၆၇၇၂၀ နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် စက်လှေတစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၇၇၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၈ ရက်၊ ၃၀ရက်နှင့် ဇူလိုင် ၁ ရက်၊ ၂ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၁၉ မှုမှ ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆၄၃၈၅၈၂၄ဖြစ်ကြောင်း တရား မဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင် ကော်မတီမှ သတင်းရရှိသည်။**(သတင်းစဉ်)**

# စီးပွားရေးသမား

ချင်းတောင်လတ်ငြိမ်း



(၁)

ရွာထဲမှ လူအားလုံးက သူ့ကို ကိုရှဲဒိုးဟု ခေါ်ကြသည်။ သူ့မှာ အမေနှင့် ညီတစ်ယောက်သာရှိသည်။ ကိုရှဲဒိုး စီးပွားရေးလုပ်ပြီဆိုကတည်းကသူကြိုက်တတ်သည့် ဆေးလိပ်ကို ကြုံရာအိမ်တွင် တောင်းသောက်တတ်သူဖြစ်သည်ဟု ပြောကြသည်။ သူကိုယ်တိုင်ဝယ်သောက်လျှင် ပိုက်ဆံကုန်မည်စိုး၍ ထင်သည်။

ကိုရှဲဒိုးသည် စီးပွားရေးအဖြစ် လယ်ကို မြေစုခပေး၍ စတင်လုပ်ကိုင်သည်။ သူ့ညီနာမည်က ဂုတ်တိုဖြစ်သည်။ သူ့ညီကလည်း အစ်ကိုရှေ့ကသွားလျှင် နောက်ကလိုက်တတ်သည့် လူမျိုးဖြစ်သည်။ သူ့ညီက အနေအေးသည်။ အသောက်အစားကင်းသည်။ အလုပ်ကို ကြိုးစားလုပ်ကိုင်သည်။ သူ့အစ်ကိုနှင့် စိတ်တူကိုယ်တူ လယ်ယာကို လုပ်ကိုင်တတ်သူဖြစ်သည်။

ကိုရှဲဒိုးအမေကလည်း ကျန်းမာရေးသိပ်မကောင်းပေ။ လေဖြန်းချင်သလိုဖြစ်၍ ဆေးရုံတက်လိုက်ရသေးသည်။ ဆေးအလျင်ကုနိုင်၍ ကိုရှဲဒိုးအမေမှာ ပါးစပ်အနည်းငယ်သာ ရွဲ့သွားသည်။ စကားကို ပီသအောင် မပြောနိုင်သလို မှတ်ဉာဏ်လည်း အားနည်းသွားသည်။ လမ်းလျှောက်နိုင်၊ စားနိုင်သောက်နိုင် လူကောင်းပကတိကဲ့သို့ဖြစ်သည်။

"ဂုတ်တို"

"ဗျာ အစ်ကို"

"ဒီလယ်လေး ထွန်ပြီးရင် နားရအောင်ဟေ့။ နေမြင့်နေပြီ"

"ဟုတ်ကဲ့ အစ်ကို"

သည်နှစ်မှာ ကိုရှဲဒိုးက ဦးအုန်းကြိုင်၏ လယ်သုံးကေနှင့် ဦးထွေး၏လယ်လေးကေကို လုပ်ကိုင်နေသူဖြစ်သည်။ လယ်ချင်းက အလှမ်းဝေးသည်။ ယခု ဦးထွေး၏ လယ်ကို သုံးရက်အတွင်း အပြီးထွန်နိုင်ဖို့ လုံးပန်းနေရသူလည်းဖြစ်သည်။ လယ်တစ်ကေကို စပါးတင်းနှစ်ဆယ်နှုန်းနှင့် မြေစုခပေး၍လုပ်နေသူဖြစ်သည်။

(၂)

"ကိုရှဲဒိုး ဒီနှစ် စပါးဘယ်လောက်ရလဲဗျ"

"လေးရာကျော်ရတယ်ဗျ။ တစ်ရာ့လေးဆယ်က လယ်ခ ပေးလိုက်ရတယ်"

"ဒီနှစ်လဲ ကိုရှဲဒိုးက နေကြာစိုက်အုံးမှာလား"

"စိုက်ရမှာ။ မြေစိုနေသေးလို့ မထွန်ရသေးတာ။ မင်းကော မစိုက်ဘူးလား"

"ကျွန်တော်က စိုက်ခဲ့ပြီးပြီဗျ။ မနေ့က ထွန်စက်ခေါ်ပြီး ထွန်ခိုင်းလိုက်တာ"

"ကိုရှဲဒိုးက ဒီနှစ် အိမ်ထောင်ပြုမယ်ဆိုဟုတ်လား"

"ဟုတ်တယ်ဗျ။ အိမ်ထောင်ပြုမလို့"

"ကောင်းပါတယ်ဗျာ။ ကိုရှဲဒိုးလဲ အိမ်ထောင်ပြုသင့်ပါပြီ"

ကိုရှဲဒိုးက အိမ်ထောင်ပြုရမည့်အရေးကို စဉ်းစားကြည့်ပြန်သည်။ မိန်းကလေးရှင် မိဘတွေကို တင်းတောင်းရမည့်ငွေက သိန်းသုံးဆယ်ဖြစ်သည်။ မင်္ဂလာစရိတ်က ဆယ်သိန်းခန့်ကုန်ကျမည်ဖြစ်သည်။ လိုရမယ်ရ ဝယ်သည့်အရာတွေပါ ထည့်ပေါင်းလျှင် သိန်းငါးဆယ်ခန့်ကုန်ကျမည်ဖြစ်သည်။ ထိုအရာတွေအတွက် ကိုရှဲဒိုး ခေါင်းခြောက်ရပြန်သည်။

"ဒါထက် ကိုရှဲဒိုးအမေ နေကောင်းရဲ့လားဗျ။ လွန်ခဲ့တဲ့လက လေဖြန်းသလိုဖြစ်လို့ ဆေးရုံတက်ရတယ်ကြားတယ်"

"ဟုတ်တယ်ဗျ။ ဆေးကုမီလို့ပေါ့ဗျာ။ မဟုတ်ရင် အသက်ကို စိုးရိမ်ရတယ်။ အခုနောက်ပိုင်း အမေက မေ့မေ့လျော့လျော့ ဖြစ်လာတယ်"

"သြော်. . . ဂရုစိုက်ပေါ့ဗျာ။ ပြေးကြည့်မှာ ဒီသားအမိသုံးယောက်ရှိတာပဲဟာ"

(၃)

ကိုရှဲဒိုးမင်္ဂလာပွဲသည် သူမျှော်လင့်ထားသလို ပြီးဆုံးသွားသည်။ မင်္ဂလာစရိတ်မှာ သိန်းလေးဆယ်ခန့်ကုန်သည်။ လက်ဖွဲ့ငွေက ဆယ်သိန်းခန့်ပြန်ရလေသည်။ ကိုရှဲဒိုးရင်ထဲက ဆို့နေသည့် အလုံးကြီးကျသွားပြီဟု မှတ်ရပေမည်။

"အစ်ကိုက အိမ်ထောင်ပြုပြီးပြီဆိုတော့ ငါ့အလှည့်ကျန်တော့တာ"

"နေပါအုံး ဂုတ်တိုရဲ့။ လက်ထဲမှာ ငွေနည်းသွားပြီဟ"

"အေးပါ။ ငါလဲ အခုအိမ်ထောင်ပြုမယ်လို့ မဆိုလိုပါဘူး။ ပြောပြတာပါ"

ညီထံမှ အိမ်ထောင်ပြုမည်ဆိုသည့် အသံကြားရသောအခါ ကိုရှဲဒိုး ခေါင်းကြီးသွားဟန်တူသည်။ သူ့မင်္ဂလာပွဲအတွက် ကုန်ကျထားသည့်ငွေကို မည်ကဲ့သို့ပြန်ရှာရမည်လဲဟု စဉ်းစားနေရသောအချိန်ဖြစ်သည်။

"ဂုတ်တို ရေ ထမင်းစားမယ်"

"နုနုရေ အမေကထမင်းစားမယ်တဲ့"

ကိုရှဲဒိုးအမေက ထမင်းစားမည်ဆိုလျှင် ဂုတ်တိုကိုသာ ထမင်းပြင်ခိုင်းလေ့ရှိသည်။ သို့သော်လည်း ကိုရှဲဒိုးက သူ့မိန်းမကို ခိုင်းလိုက်သည်။

"ဟုတ်ကဲ့အစ်ကို"

အိမ်ပေါ်မှ စကားတစ်ခွန်းကို မပီကလာ ပီကလာနှင့် ပြောနေသည့်အမေအတွက် ကိုရှဲဒိုးမိန်းမ နုနုက မီးဖိုထဲတွင် ထမင်းပြင်နေသည်။

"အမေ ထမင်းစားရင် ကောင်းကောင်းစားနော် မဖိတ်စေနဲ့။ မနေ့က အမေထမင်းစားတာ ထမင်းလုံးတွေ ဖွေးနေတာပဲ။ ထမင်းဖြစ်အောင် လုပ်ကိုင်ရတာ လွယ်တာမဟုတ်ဘူး အမေရေ"

ကိုရှဲဒိုးနှင့် ဂုတ်တိုတို့က နုနုပြောသည့်စကားများကို လုံးစေ့ပတ်စေ့ ကြားနေရသည်။ သို့သော်လည်း နုနုကို အပြစ်တင်စကား တစ်လုံးတစ်ပါဒမျှ မပြောကြပေ။

(၄)

"ဂုတ်တို ရေချိုးလေကွာ။ နောက်ကျနေပြီ။ အကျီတွေက နောက်မှလျှော်"

"ကျွန်တော့်အကျီတွေ မဟုတ်ပါဘူးဗျာ။ အမေ ထဘီနဲ့ အကျီတွေ လျှော်ပေးနေတာပါ"

"မင်းမရီးက မင်းအမေအဝတ်တွေကို မလျှော်ပေးဘူးလား"

"မလျှော်ပေးချင်ဘူးထင်လို့ ကိုယ့်အမေအဝတ်အစားတွေကို လျှော်ပေးနေတာ။ ကုသိုလ်ရပါတယ်ဗျာ"

ကိုရှဲဒိုးမိန်းမက သူ့ယောက္ခမကို ရွံဟန်တူသည်။ ကိုရှဲဒိုးအမေနှင့် ထမင်းတစ်ဝိုင်းထဲ ထိုင်မစားချင်ဘူးဟု ကိုရှဲဒိုးကို ပြောဖူးသေးသည်။ ယခုလည်း ကိုရှဲဒိုးအမေ၏ အဝတ်အစားများကို မလျှော်ချင်၍ ပစ်ထားသည်ကို ဂုတ်တိုက တွေ့သွားကာ ကိုယ်တိုင်လျှော်ပေးနေရခြင်းဖြစ်သည်။ ဂုတ်တို၏ အသက်အရွယ်ကလည်း ငယ်သည့်အရွယ် မဟုတ်တော့ပေ။ ၂၄နှစ် ပြည့်၍ ၂၅နှစ်သို့ ရောက်နေပြီ ဖြစ်သည်။

ရေချိုးအဝတ်လျှော်ပြီး၍ အိမ်ပေါ်တက်လာသောအခါ ဂုတ်တိုဖုန်းမှ ဖုန်းသံမြည်လာသည်။

"ဘယ်သူခေါ်တာလဲ ဂုတ်တို"

"ဘယ်သူမှ မဟုတ်ပါဘူး။ သူငယ်ချင်းဆီက ဖုန်းခေါ်နေတာပါ"

ယခု တစ်ပတ်အတွင်း ဂုတ်တိုဖုန်းကို ခေါ်သူရှိနေပြီဖြစ်ကြောင်း ကိုရှဲဒိုး သတိထားမိသည်။ အကယ်၍ ဂုတ်တိုသာ အိမ်ထောင်ပြုလျှင်ဟု တွေးမိသည်။

(၅)

"ဂုတ်တို မင်းကောင်မလေးရနေပြီလား"

"ရနေပြီ။ ဒီနှစ် အိမ်ထောင်ပြုချင်တာ"

"မင်းကောင်မကလေးက ဘယ်ကလဲ"

"ဒေါ်ပုဝိုင်း သမီးအငယ်မလေးပါ"

"အိမ်ထောင်ပြုမယ်ဆိုတော့ သူတို့ဘက်က ဘယ်လောက်တင်ရမယ်လို့ ပြောလဲ"

"ငါးဆယ်တော့ တင်ရမယ်တဲ့"

သိန်းငါးဆယ်ဆိုသည့် စကားကိုကြားလိုက်သောအခါ ကိုရှဲဒိုး ခေါင်းကြီးရုံတင်မက တစ်ကိုယ်လုံး ချွေးပြန်သွားသည်ဟု ထင်လိုက်မိသည်။ သူ့အိမ်ထောင်ပြုစဉ်က မိန်းကလေးရှင်ဘက်ကို သိန်းသုံးဆယ်တင်တောင်း၍ မင်္ဂလာစရိတ်ပါ ထည့်တွက်လျှင် သိန်းလေးဆယ်နီးနီးသာ ကုန်ကျခဲ့သည်။ ယခု ဂုတ်တိုမိန်းကလေးရှင်ဘက်သို့တင်တောင်းရမည့်ငွေက သိန်းငါးဆယ်ဖြစ်၍ မင်္ဂလာစရိတ်ပါထည့်တွက်လျှင် သိန်းခုနစ်ဆယ်နီးနီးခန့် ကုန်ကျမည်ဖြစ်သည်။

"မင်းကောင်မလေးဘက်က မလျှော့တော့ဘူးတဲ့လားကွာ။ များတာဟ။ သိန်းငါးဆယ်ဆိုတာ နည်းတာမဟုတ်ဘူးနော်။ ငါ့မင်္ဂလာပွဲတုန်းက လေးဆယ်လောက်ဘဲကုန်တာပါကွာ"

"မိန်းမတောင်းပါတယ်ဆို အစ်ကိုရယ်။ ဈေးတွက်တွက်ပြီး ဈေးဆစ်ဝယ်လို့ရမယ်များ ထင်နေလား"

"ဒါတော့ မင်းပြောမှလားကွ။ ငါလဲ သိပါတယ်။ အခုဟာက ငါ့လက်ထဲမှာ ငွေနည်းနေပြီ။ ရင်းနှီးထားတာတွေက ငွေမပေါ်သေးဘူး"

"ဒါဆို ငွေပေါ်တဲ့အခါ သွားတောင်းပေးမလား"

"အေး" ဟူ၍ တစ်ခွန်းသာပြောပြီး ဆက်မပြောသေးဘဲ စကားကို ရပ်ထားလိုက်လေသည်။

ဤနေရာတွင် ကိုရှဲဒိုးစိတ်တိုသွားဟန်တူသည်။ အသံအနည်းကျယ်သွားသည်။

"ငွေပေါ်ရင်တောင် မင်းပြောတဲ့ သိန်းငါးဆယ်က မရနိုင်လောက်ဘူး။ ဒီကြားထဲ အမေ့ကျန်းမာရေးကလည်း ရှိသေးတယ်လေ။ ပြီးတော့ မင်းအစ်မ နုနုဝင်းကလဲ နေ့စေ့လစေ့ဆိုသလို ကိုယ်ဝန်ကရင့်နေပြီ။ ပြီးတော့ မိန်းကလေးရှင်ဘက်ကိုတင်တောင်းငွေနဲ့တင် မပြီးဘူး။ မင်္ဂလာညှေ့ခံပွဲစရိတ်ဆိုတာ ရှိသေးတယ်။ အဲဒါကြောင့် ဒီနှစ်တော့ သည်းခံပြီးနေပေးပါအုံး"

"ဒါတော့ ဘယ်ဖြစ်မလဲကွ။ ငါ့ကောင်မကလေးကို ဒီနှစ်လာတောင်းမယ်လို့ ကတိပေးထားတာ"

"ဒါတော့ မင်းတို့နှစ်ယောက်ရဲ့ အခြေအနေကို ငါမှ မသိတာ။ ဒီနှစ်တော့ သည်းခံပြီးစောင့်ပေးပါအုံးကွာ။ လာမယ့်နှစ် အဆင်ပြေမှ မင်းပြောတဲ့ငွေကို အပြည့်အဝ တောင်းပေးမယ်။ ဟုတ်ပြီလား"

"လာမဲ့နှစ် အဆင်ပြေမှ" ဆိုသည့်စကားကြောင့် ဂုတ်တို စိတ်ထဲတွင် ဒေါသထွက်နေမိသည် ထင်သည်။ မျက်နှာကိုတစ်ဖက်သို့ လွှဲထားလိုက်လေသည်။ ကိုရှဲဒိုးအိမ်ထောင်သက်က ကိုးလကျော်သာ ရှိသော်လည်း သူ့မိန်းမလွယ်ထားရသည့်ကိုယ်ဝန်က ကိုးလပြည့်ပြီဖြစ်သည်။

(၆)

ဂုတ်တိုက လယ်တောတဲပေါ်တွင် ထိုင်နေသည်။ ဘေးနားတွင် နွား ချည်ကြိုးခွေကို ပုံလျက်ချထားသည်။ သူ့စိတ်ထဲတွင် မကျေနပ်ချက်တွေက များပြားလွန်းလှသည်။ သူ့အစ်ကို၏မိန်းမဖြစ်သူ နုနုဝင်းက သူ့အမေအပေါ် ဆက်ဆံပုံကို နည်းနည်းလေးမျှမကြိုက်ပေ။ သူ့အမေထဘီနှင့် အကျီကို မလျှော်ချင်၊ ထမင်းအတူတူမစားချင် စသည့်အရာတွေကို မနှစ်မြို့ပေ။ လူလူချင်း ထမင်းစားကြီးလာသောသူများဖြစ်၍ ဘာကို ရွံနေစရာရှိသည်လဲ တွေးမိသည်။

စာမျက်နှာ ၂၅ သို့ ➤

၈

➤ **စာမျက်နှာ ၂၄ မှအဆက်**

ပြီးနောက် သူ့အစ်ကိုကလည်း သူ့မိန်းမ မကောင်းကြောင်းပြောလျှင် နည်းနည်းမျှ မကြိုက်ချင်ပေ။

"ဂုတ်တို မပြန်သေးဘူးလား"

ကိုမောင်လွင်က ဂုတ်တိုကို လယ်ထွန်အပြန် မေးနေခြင်းဖြစ်သည်။ ကိုမောင်လွင်လည်း လယ်ထွန်အပြန်ဖြစ်သောကြောင့် နားရန် ဂုတ်တို ထိုင်နားနေသည့် တဲပေါ် သို့တက်သွားလေသည်။

"လာ ကိုမောင်လွင် ထိုင်အုံး"

"ဂုတ်တို မင်းလဲ အိမ်ထောင်ပြုတော့မယ်ဆို ဟုတ်လား"

"ဟုတ်တယ်ဗျ။ ဒေါ်ပုဝိုင်းသမီးအငယ်မလေးဗျ"

"ဟား. . . ပိုင်လှချည်လား။ ယူမယ်ဆိုလဲ အမြန်ယူဟေ့"

"ဒီနှစ် ဝါမဝင်ခင် ယူမလို့ပဲ။ ဒါပေမဲ့ မယူနဲ့အုံးတဲ့ဗျာ"

"ဘာလို့လဲ။ မင်းတို့မှာ ငွေမရှိတာလဲမဟုတ်"

"အစ်ကိုက မယူပါနဲ့အုံးတဲ့။ ကျွန်တော်က ယူချင်ပြီ"

"မင်းကလဲ အဖြစ်သည်းတာကွာ"

ကိုမောင်လွင်က ရယ်လျက် ဂုတ်တိုကို ကြည့်နေလေသည်။

"အဖြစ်သည်းတာ မဟုတ်ဘူးဗျ။ စိတ်ညစ်လို့ယူချင်တာ။ မနုနုဝင်းက အမေနဲ့ ထမင်းမစားချင်ဘူး။ ရွံလို့တဲ့။ အမေ့အဝတ်အစား မလျှော်ပေးချင်ဘူး။ တကယ်ဆို ယောက္ခမလဲ အမေပါပဲဗျာ။ စိတ်ထားတတ်ရင် ကုသိုလ်ရပါတယ်"

"မင်းအစ်ကိုက အဲ့အကြောင်းတွေကို မသိဘူးလား"

"ကျွန်တော် ပြောပြတယ်။ အစ်ကိုက ဘာပြန်ပြောတယ်ထင်လဲ။ သူလဲ သူ့အမေအရင်းလိုတော့ ဘယ်လိုစိတ်ထားနိုင်ပါ့မလဲတဲ့"

"ဂုတ်တို ဘာမှ စိတ်ညစ်မနေနဲ့။ အဆင်ပြေမှာပါ"

"ကိုမောင်လွင်က ကိုယ်တိုင်ခံစားရတဲ့သူမဟုတ်တော့။ ပြောအားရှိတာပေါ့။ ဒီနှစ် ဝါမဝင်ခင် အိမ်ထောင်မပြုရရင်တော့"

ဂုတ်တိုက ဘေးနားက ကြိုးခွေကို လှည့်ကြည့်လိုက်သည်။

"အိမ်ထောင်မပြုရရင် ဘာလုပ်မှာလဲ"

"စိတ်ထင်ရာလုပ်မှာပေါ့ဗျာ"

(၇)

"အမေ့ ဂုတ်တိုလေ။ နွားချည်ကြိုးနဲ့ငြိပြီး ဆုံးသွားတယ်။ အမေစိတ်ခိုင်ခိုင်ထားနော်"

လေဖြန်းရောဂါကို ခံစားနေရသည့် ကိုရှဲဒိုးအမေက သူ့သားဆုံးသွားကြောင်းကို သိရသော်လည်း ဝမ်းနည်းရကောင်းမှန်းမသိပေ။ ရှဲဒိုးကို ငိုင်ငိုင်ကြီးထိုင်ကြည့်နေသည်။

"ဂုတ်တိုက ဘာလို့ ကြိုးဆွဲချ သေကြောင်းကြံရတာလဲ"

"ငါလဲ ဂဃနဏတော့မသိဘူး။ သူ့အစ်ကိုက သူ့ကိုမိန်းမမတောင်းပေးလို့တော့ ပြောနေကြတာပဲ"

"သူ့အမေကတော့ စိတ်မကောင်းဖြစ်ဟန်မတူဘူးနော်"

"သြော်. . . ဒါကလဲ ကိုရှဲဒိုးအမေက လေဖြန်းထားတာလေ။ မှတ်ဉာဏ်တွေပျက်စီးနေတာ။ ရိုင်းရိုင်းပြောရရင် ယဉ်ယဉ်လေးနဲ့ ရူးနေတဲ့သဘောပေါ့"

"ကိုရှဲဒိုးက သူ့အမေကို ဂုတ်တိုဆုံးတာ နွားချည်ကြိုးနဲ့ငြိတာလို့ လိမ်ထားတာတဲ့"

"သူ့အမေကတော့ သူ့သားလိမ်တာကိုလဲ မသိရှာဘူး။ တကယ်ယုံနေရှာတယ်။ ဂုတ်တိုကောင်မကလေးလဲ သနားပါတယ်။ မနေ့ညက တစ်ညလုံးနီးပါး ငိုနေတာလို့ကြားတယ်"

အိမ်နီးနားက ဂုတ်တိုနာရေးကို ဝိုင်းကူညီရန်လာကြသည့် မိန်းမသားတစ်စုက ဂုတ်တိုအကြောင်းကို တိုးတိုး ပြောနေကြလေသည်။ တန်းလျားတွင်ထိုင်နေသည့် ကိုမောင်လွင်တို့ကလည်း စကားပြောလျက် ရေနွေးကြမ်းသောက်နေကြသည်။

"ရှဲဒိုး ဘယ်လိုဖြစ်တာလဲကွာ"

"ဂုတ်တိုက မိန်းမတောင်းခိုင်းတာလေ။ ကျွန်တော်က မတောင်းပေးနိုင်သေးဘူး။ စောင့်အုံးလို့ပြောတာကို မရဘူး။ ညကအမေ အိပ်ရာကထပြီး သူ့ကိုရှာတာ မတွေ့ဘူးလေ။ သူ့အကြံအစည်ပျက်မှာစိုးလို့ အမေ့ကို ပုန်းနေတာထင်တယ်။ အမေအိပ်ပြီးလို့ ဆယ့်တစ်နာရီထိုးမှ အိမ်ဝင်းထဲရှာမှ သရက်ပင်မှာ ကြိုးတန်းလန်းနဲ့မြင်လိုက်ရတာပဲ။ သူ့လက်ကိုစမ်းကြည့်တော့ နွေးနေတုန်းရှိသေးတယ်"

"သြော်. . ."

ကိုရှဲဒိုးလည်း ကိုမောင်လွင်တို့နှင့် စကားပြောပြီး၍ လူကြီးများရှိရာသို့ ထွက်သွားလေသည်။

"ဒီကလေးကို ဒီလိုလုပ်မယ်လို့ မထင်ထားဘူးလေ"

"သူလဲ ဒီလိုသေဖို့ကံပါလာဟန်တူပါရဲ့ဗျာ"

"ဂုတ်တို ဆုံးတာ ရှဲဒိုးပယောဂမကင်းဘူးကွ"

"တိုးတိုးပြောပါ ကိုမောင်လွင်ရာ။ ကိုရှဲဒိုးကြားမှ အားနာစရာဖြစ်ကုန်မယ်"

"ကြားလဲ မတတ်နိုင်ဘူး။ ရှဲဒိုးအကြောင်းကို တစ်ရွာလုံးသိတာပဲ။ စီးပွားရေးသမား ငွေမျက်နှာ ကြည့်တဲ့အကောင်။ အခုလဲ ကြည့်လေ ရှဲဒိုး သူ့ညီဆုံးတာကို စိတ်ညစ်တဲ့ပုံပေါက်နေလားဆိုတာ။ သူ့စိတ်ထဲမှာတော့ သူ့ညီအတွက် မိန်းမ မတောင်းပေးရလို့ ဝန်ထုပ်ဝန်ပိုးကြီးကျသွားပြီလို့ အောက်မေ့နေအုံးမယ်ထင်တယ်"

"ဟုတ်တယ်ဗျ။ ဂုတ်တိုလေးကို နှမြောတယ်။ ဒီကောင်ကလေးက လိမ္မာတယ်။ အလုပ်ကြိုးစားတယ်။ သူ့အစ်ကိုကလဲ သူ့မှာ ငွေနည်းတယ်ဆိုလဲ အခြားသူဆီက ချေးပြီး မိန်းမတောင်းပေးလဲ ရတာကို"

"မင်းတို့၊ ငါတို့တွေးသလိုမတွေးလို့ ဂုတ်တို အခုလိုဖြစ်သွားတာပေါ့ကွာ"

"ညီတစ်ယောက်ကို သူမို့ ငွေကြေးနဲ့လဲနိုင်တယ်ဗျာ။ ကျွန်တော်သာဆို"

"မင်းကမင်း သူကသူကွ။ ထားလိုက်ပါတော့ကွာ။ သေတဲ့သူလဲ သေသွားပြီပဲ"

ရင်ထဲမှဆို့တက်လာသောဝေဒနာကို မျိုသိပ်လျက် ကိုမောင်လွင်တို့ စကားပြောနေကြလေသသည်။

ဂုတ်တိုသေဆုံးသည့်ကိစ္စကို အချို့က ဂုတ်တိုကို မိုက်သည်ဟု ပြောကြသည်။ အချို့ကလည်း ကိုရှဲဒိုးကြောင့်ဟု ပြောကြသည်။ အချို့ကလည်း ဂုတ်တိုမှာ မကျေနပ်ချက်တွေ စိတ်ညစ်စရာတွေကို တစ်ယောက်တည်း မျိုသိပ်ထားရလွန်း၍ လုပ်မိလုပ်ရာလုပ်ရာက ယခုကဲ့သို့ သေဆုံးသည်ထိ ဖြစ်ရသည်ဟုပြောကြသည်။ မည်သို့ပင်ဖြစ်စေ ဂုတ်တိုသည် သေသွားပြီးဖြစ်သည်။ သူ့ဘဝသည် မနေ့ညမှစ၍ အဆုံးသတ်သွားခဲ့ပြီ။

# အပြီးသတ်ဒီကရီကို မှတ်ပုံတင်မထားသော်လည်း ဇာရီမှုဖွင့်လှစ်နိုင်

တရားရုံး တရားခွင် အသီးသီးတွင် တရားစွဲဆိုခြင်းဖြင့် စီရင်ဆုံးဖြတ်အမိန့်ချမှတ်ကြသည်မှာ တရားမမှုနှင့် ရာဇဝတ်မှုများဖြစ်ကြောင်း အများသိရှိကြသည်။ ရာဇဝတ်မှုတွင် တရားရုံးကချမှတ်သောအမိန့်နှင့်ပတ်သက်၍ မကျေနပ်သူက အယူခံဝင်ခြင်း၊ ပြင်ဆင်မှု တင်သွင်းခြင်းပြုကြရသကဲ့သို့ တရားမမှုတွင်လည်း ထို့နည်းတူ အယူခံပြင်ဆင်ဝင်ရောက်နိုင်သည်။ ထူးခြားသည်မှာ တရားမမှုတွင် တရားရုံးက နောက်ဆုံးအပြီးသတ်ချမှတ်လိုက်သည့် စီရင်ချက်နှင့် ဒီကရီကို အကောင်အထည်ဖော်ရန် **(ဇာရီမှု)** ဖွင့်လှစ်ရခြင်းဖြစ်သည်။

ဇာရီမှုဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ-၁၆ (ခ)ကို အကြောင်းပြု၍ အပြီးသတ်ဒီကရီတစ်ရပ်ကို မှတ်ပုံတင်ထားခြင်း မရှိသဖြင့် အဆိုပါ အနိုင်ဒီကရီကို ဇာရီမှုဖွင့်လှစ်၍ အတည်ပြုခွင့်ရှိ၊ မရှိ ဟူသော ပြဿနာတစ်ရပ်အပေါ် ၂၀၂၂ ခုနှစ် တရားစီရင်ထုံးများတွင် ဖတ်ရှုလိုက်ရသော ဒေါ်ကလျာမိုးနှင့် Mr.Gerald Schreiber စီရင်ထုံးကို အကြောင်းပြု၍ ဥပဒေဗဟုသုတအလို့ငှာ ရေးသားဖော်ပြပါဦးမည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၀ ပြည့်နှစ် တရားမ ဇာရီမှု အမှတ်(၄) တွင် တရားနိုင်က တရားရှုံးအပေါ် ဒီကရီကို အတည်ပြုပေးစေလိုကြောင်း လျှောက်ထားရာ တရားရှုံးဘက်မှ ၂၀၁၈ ခုနှစ် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေအရ အပြီးသတ်ဒီကရီကို မှတ်ပုံတင်ထားခြင်းမရှိသဖြင့် ဒီကရီကို အတည်ပြုရန်မသင့်ကြောင်း လျှောက်ထားချက်ကို တရားရုံးက ပလပ်ခဲ့သည်။ တရားရှုံးက ထိုအမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတင်သွင်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က ဇာရီမှုပြုလုပ်ရာတွင် ဒီကရီတွင် ပါရှိသည့်အတိုင်းသာလျှင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြုပြင်ပြောင်းလဲ၍ ဆောင်ရွက်ခြင်း မပြုနိုင်ကြောင်း ဒီကရီအတိုင်းဆောင်ရွက်ရန် နှစ်ဦးနှစ်ဖက် ပြေလည်မှုမရှိသည့်အခါ ဇာရီရုံးသည် တရားမကျင့်ထုံးဥပဒေပုဒ်မ-၅၁ အရ အပ်နှင်းထားသော လုပ်ကိုင်ခွင့်များဖြင့် ဒီကရီကို အတည်ပြုဆောင်ရွက်သွားရန်ဖြစ်ရာ ဒီကရီအတိုင်း ပစ္စည်းခွဲဝေနိုင်ရေးအတွက် ၎င်းဥပဒေပုဒ်မ-၅၁ (င) အရ ကော်မရှင်နာခန့်အပ်၍ ဒီကရီကို အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

တရားမမှုခင်းတစ်ခုတွင် ချမှတ်ခဲ့သည့် ဒီကရီတစ်ရပ်ကို တရားရုံးများက အတည်ပြုရာ၌ ဒီကရီချမှတ်သည့် တရားရုံးကဖြစ်စေ၊ အတည်ပြုပေးရန် ပေးပို့ခြင်းခံရသည့် တရားရုံးကဖြစ်စေ အတည်ပြုနိုင်ကြောင်း တရားမကျင့်ထုံးဥပဒေပုဒ်မ-၃၈ က ပြဆိုထားသည်။ **ဒီကရီကို အတည်ပြုသည့် တရားရုံးသည် ဒီကရီကို ကျော်နိုင်း၍မရ၊ တစ်နည်းအားဖြင့်ဆိုရသော် ဒီကရီကို မျက်ကွယ်ပြု၍ မရပေ။** သို့ရာတွင် သေသူအပေါ် ချမှတ်ထားသော ဒီကရီ၊ စီရင်ပိုင်ခွင့်မရှိဘဲ ချမှတ်ထားသော ဒီကရီ၊ အများပြည်သူအကျိုးအတွက် ပြဋ္ဌာန်းထားသော ဥပဒေကို ဖောက်ဖျက်၍ ချမှတ်ထားသော ဒီကရီဖြစ်လျှင်မူ အတည်မပြုဘဲနေနိုင်သည်။ အထက်ပါအကြောင်း(၃)ရပ်မှအပ ဇာရီရုံးသည် ဒီကရီကို အတည်ပြုရန် ငြင်းဆိုနိုင်ခြင်း မရှိကြောင်း **ဦးဘစောပေါ် ၂ နှင့် ဦးမြိုင်ပေါ် ၂ အမှု ၁၉၆၇ ခုနှစ်၊ မ.တ.စ စာ-၄၃၀ အမှုကို ရုံးတော်က ရည်ညွှန်းကိုးကားခဲ့သည်။**

ယခုဇာရီမှုတွင် တရားနိုင်က တရားရှုံးအပေါ် အတည်ပြုပေးရန် လျှောက်ထားခဲ့သည်မှာ **"အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့ လင်မယားအဖြစ် ပေါင်းသင်းစဉ် ဖြစ်ထွန်းလာသော လက်ထက်ပွား ပစ္စည်းများနှင့် လုပ်ငန်းများကို ဒီကရီပါအတိုင်း ထက်ဝက် ခွဲဝေခံစားခွင့်ရထိုက်သည်ဖြစ်၍ အတည်ပြုပေးရန် လျှောက်ထားခဲ့ခြင်းဖြစ်သည်"** ယခု အဆင့်သည် လင်မယားနှစ်ဦးပိုင်ပစ္စည်းများကို စိစစ်ပိုင်းခြားခွဲဝေပေးရန် ကနဦး သတ်မှတ်ပေးသည့် အဆင့်သာဖြစ်၍ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေပုဒ်မ-၁၆ (ခ)တွင် အကျုံးဝင်သော ပိုင်ဆိုင်ခွင့်ဆိုင်ရာ စာချုပ်စာတမ်းတစ်ရပ် မပေါ်ပေါက်သေးသည်မှာ မြင်သာကြောင်း အယူခံရုံးတော်က စိစစ်သုံးသပ်ခဲ့ပါသည်။



ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ပေးစေလိုမှု (ဇာရီမှု)များသည် မူလတရားမကြီးမှုတွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အမှုများဖြစ်သဖြင့် **မူလတရားမကြီးမှု၏အဆက် တရားမမှုခင်းတစ်ရပ်သာဖြစ်ကြောင်း၊ ဆုံးဖြတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီကို ထို ဇာရီမှုတွင် သက်သေခံအရာအဖြစ် တင်သွင်းလက်ခံခြင်းပြုလုပ်ရန် လိုအပ်မည်မဟုတ်ကြောင်း၊ သို့ဖြစ်၍ ဇာရီမှုတွင် တင်ပြလာသော စီရင်ချက်နှင့် ဒီကရီအပေါ် ပုဒ်မ- ၄၈ (ဂ)ပါ ကန့်သတ်ချက်အရ တရားဝင်အထောက်အထား သက်သေခံချက် ဟုတ်၊ မဟုတ် ဇာရီမှုတရားရုံးက သုံးသပ်ဆုံးဖြတ်ရန် အကြောင်းမပေါ်ပေါက်ဟု** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တိတိကျကျစိစစ်သုံးသပ်ခဲ့သည်။ အယူခံတရားလို၏ ရှေ့နေ ကိုးကားတင်ပြသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေနှင့် အေအယ်အေချစ်တီးယားဖမ်း နှင့် မောင်ဖိုးတော် ပါ ၂ The Rangoon Law Reports 1938 Rangoon P -583 အမှုနှင့် ယခုအမှုဖြစ်အကြောင်းခြင်းရာ တူညီခြင်းမရှိသဖြင့် ဤအမှုတွင်လက်ခံသုံးသပ်ရန်အကြောင်းမရှိကြောင်း ရုံးတော်က စိစစ်သုံးသပ်ဆုံးဖြတ်ခဲ့ပါသည်။

ဇာရီမှုမတင်သွင်းမီ မူလစီရင်ချက်နှင့် ဒီကရီအမိန့်တည်းဟူသော စာမှတ်စာတမ်းကိုမှတ်ပုံတင်ရန် ပျက်ကွက်ခဲ့သဖြင့် အဆိုပါဒီကရီအမိန့်အရ အတည်ပြုရမည့်ဇာရီမှုတွင် ထိုဒီကရီသည် တရားဝင်အထောက်အထား သက်သေခံချက်မဟုတ်ဟု မှတ်ယူမည်ဆိုပါက **နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ကျင့်သုံးလျက်ရှိသော အမြင့်ဆုံးတရားရုံးထိ အတည်ပြုထားသည့် ဒီကရီတစ်ရပ်ကိုပင် စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ- ၇၊ ၈ အရ အာဏာအပ်နှင်းခြင်းခံရသူ မြို့နယ်မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ရန် ငြင်းဆန်ရုံမျှဖြင့် အဆိုပါစီရင်ချက် ဒီကရီအမိန့်တို့သည် အဟောသိကံ ဖြစ်စေနိုင်သည်ကို သတိချပ်ရန် လိုအပ်ကြောင်း** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထောက်ပြဝေဖန်သုံးသပ်ခဲ့သည်။

တရားရုံး၏ ဒီကရီနှင့် အုပ်ချုပ်ရေးအာဏာပိုင်တို့၏ အဆုံးအဖြတ်များ ဝိရောဓိ မဖြစ်စေရန် တရားစီရင်ရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍတို့သည်ညီညွတ်မျှတစွာ ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဦးစံဝင်းထိန် နှင့် ဦးကံစိန်၊ဦးစံဝင်းထိန်နှင့် ဦးတင်လှိုင်ထွန်းပါ ၂ အမှု ၁၉၉၉ ခုနှစ်၊ မတစ စာ-၁၁၃ စီရင်ထုံးကို ရုံးတော်က ရည်ညွှန်းခဲ့ပါသည်။

ဥပဒေတစ်ရပ်ပါ ပြဋ္ဌာန်းချက်တစ်ရပ်ကို ကောက်ယူရာတွင် ပုဒ်မတစ်ခုပါ စာသား (Letter of Law) တချို့ကိုသာ ကွက်၍ ကောက်ယူရန်မဟုတ်။ ထိုဥပဒေပါ ရှေ့နောက် ပြဋ္ဌာန်းချက်များ၊ ဆက်စပ်နေသည့် အခြားတည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များအပြင် ဥပဒေ၏ ရည်ရွယ်ချက် (Spirit of Law) ကို ထည့်သွင်းစဉ်းစားကောက်ယူရန်လိုအပ်ကြောင်း အယူခံရုံးတော်က ညွှန်ပြခဲ့သည်။

မူလတရားမကြီးမှု၏ စီရင်ချက်နှင့်ဒီကရီအမိန့်ပါအတိုင်း မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်စုံတစ်ရာအပေါ် ကနဦးမြေပြင်စာရင်းကောက်ယူခြင်း၊ တိကျစွာတိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ခွဲဝေခြင်း၊ ပေးအပ်ခြင်း၊ မြေပုံရေးဆွဲခြင်း၊ မြေရာဇဝင် ရေးသွင်းခြင်းတို့ မပြုရသေးမီ ၎င်းစီရင်ချက်နှင့် ဒီကရီ သို့တည်းမဟုတ် အမိန့်တစ်ရပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားမည်ဆိုပါကလည်း **စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေပုဒ်မ-၂၀ ပါ မှတ်ပုံတင်ရာတွင်လိုအပ်သည့် အထောက်အထားများ ပြည့်စုံနိုင်မည်မဟုတ်သဖြင့် မှတ်ပုံတင်ခွင့်ရနိုင်မည်မဟုတ်ရာ တရားရုံး၏ စီရင်ချက်နှင့် ဒီကရီအရ နိုင်မာပြည့်စုံသည့် စာချုပ်စာတမ်းတစ်ရပ်မပေါ်ပေါက်မီ မှတ်ပုံတင်ရန် လိုအပ်မည်မဟုတ်ကြောင်း** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

အထက်ပါသုံးသပ်တွေ့ရှိချက်များအရ ယခုအမှုတွင် ဒီကရီချမှတ်ခြင်းခံရသူ တရားရှုံး ဒေါ်ကလျာမိုးအနေဖြင့် မိမိအပေါ် ကျရောက်သောဒီကရီကို မှတ်ပုံမတင်ထား၍ သို့တည်းမဟုတ် တံဆိပ်ခေါင်းခွန် ထမ်းဆောင်မထား၍ဟူသော အကြောင်းပြချက်များဖြင့် ထိုဒီကရီအရ ဇာရီဖွင့်လှစ်အတည်ပြုခွင့်မရှိဟု ငြင်းပယ်ခွင့်မရှိကြောင်း၊ သို့ဖြစ်ရာ တရားရုံးအဆင့်ဆင့် အတည်ဖြစ်လျက်ရှိသည့် ဒီကရီကိုအတည်ပြုသော ဇာရီရုံးသည် ဒီကရီကို အကျိုးသက်ရောက်အောင် ဆောင်ရွက်ရာ၌ ချမှတ်ထားသည့် ဒီကရီ၌ပါရှိသည့် ဆုံးဖြတ်ချက်များအတိုင်းသာ ဆောင်ရွက်ခွင့်ရှိကြောင်း၊ ဒီကရီကို ပြုပြင်ပြောင်းလဲ၍ ဆောင်ရွက်ခြင်းမပြုနိုင်ကြောင်း **ဦးဝင်းနီ နှင့် ဦးသာထွန်းပါ ၃ အမှု ၁၉၈၉ ခုနှစ်၊ မတစ စာ-၇၄** ကို အယူခံရုံးတော်က ရည်ညွှန်းကိုးကားခဲ့ပါသည်။

ထို့ကြောင့် တရားရုံး၏ အပြီးသတ်ဒီကရီတွင် လိုအပ်သော တံဆိပ်ခေါင်းခွန် ထမ်းဆောင်ထားခြင်း မရှိဟုလည်းကောင်း၊ မှတ်ပုံတင်ထားခြင်းမရှိဟုလည်းကောင်း အကြောင်းပြလျက် ဒီကရီကို အတည်ပြုခွင့်မရှိကြောင်း ကန့်ကွက်တင်ပြခြင်းအပေါ် ဇာရီတရားရုံးအဖြစ် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က လက်မခံဘဲ ဒီကရီတွင် ပါရှိသည့် ဆုံးဖြတ်ချက်များအတိုင်း တရားမကျင့်ထုံးဥပဒေပုဒ်မ-၅၁ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များဖြင့် ဒီကရီကိုအတည်ပြုဆောင်ရွက်ရန် ဖြစ်သည်ဟု အမိန့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေနှင့် ညီညွတ်မှုမရှိဟု မဆိုနိုင်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်သုံးသပ်ပြီးနောက် တင်သွင်းလာသော တရားမအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်ပါသည်။

**ဒေါ်ကလျာမိုးနှင့် Mr.Gerald Schreiber ၂၀၂၁ ခုနှစ် တရားမအယူခံမှုအမှတ်-၂၁၈အမှုကို** ရည်ညွှန်းကိုးကား ရေးသားဖော်ပြလိုက်ရပါသည်။

**စာကြွင်း။** ။ အချို့သောဒီကရီများကို ဇာရီမှုဖွင့်၍မရသည်များလည်းရှိပါသည်။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ (၄၂)အရ စွဲဆိုသော မြွက်ဟကြေညာပေးစေလိုမှုမျိုးဖြစ်သည်။ ရိုးရိုးမြွက်ဟဒီကရီကို ဇာရီမှုဆောင်ရွက်ခြင်းမပြုနိုင်ပါ။ မြွက်ဟကြေညာရုံ ကြေညာပေးသည့် ဒီကရီဖြစ်သည်။ မြွက်ဟကြေညာသည့် **ဒီကရီနှင့်အညီ မိမိရပိုင်ခွင့်ကို ရလိုပါက ခွဲဝေပေးရန် တရားတစ်ထုံးစွဲဆိုရမည်ဖြစ်ပါကြောင်း ဦးသန်းညွန့်နှင့် ဦးမြင့်အောင်ပါ ၇ ၁၉၄၈ မတစ စာ-၃၈** စီရင်ထုံးကို ဖြည့်စွက်ဖော်ပြလိုက်ရပါသည်။

စိန်လှိုင်ဗိုလ်

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၀၉၄၉၅ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၀၉၄၉၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခင်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် မိုးစပါး ၁၀၅၀၈၃ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် မိုးစပါး ၁၀၉၄၉၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လ တတိယပတ်မှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ မိုးစပါး ၁၀၉၄၉၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ မိုးစပါး သတ်မှတ်လျာထားချက်ပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးသွားမှာပါ။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးသွားမှာပါ"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အဖိုးအကာအောက် အချိန်မီရောက်ရှိစေရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် စိုက်ပျိုးမည့် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပျဉ်းမနားမြို့နယ် စည်ကောက်ကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများမှ စည်ကောက်ကျေးရွာ၌ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါနှင့် အင်ဂျင်နီယာဝန်ထမ်းများက စည်ကောက်ကျေးရွာတွင် ကျေးလက် ရေရရှိရေးအတွက် အရှည် ပေ ၃၃၀၀ ရှိ ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ရေရရှိရေးလုပ်ငန်းကို ရေရှည်တည်တံ့အောင် ကျေးရွာရေရရှိရေးကော်မတီများဖွဲ့စည်း၍ စနစ်တကျသုံးစွဲကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၄၇၅ သန်းကို အသုံးပြုကာ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းကာ ယခုနှစ် မေလ စတုတ္ထပတ်ကစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူ ၄၅၃ ဦးတို့အတွက် သန့်ရှင်းသော သောက်ရေ၊ သုံးရေများ ရာသီမရွေးဖူလုံစွာ ရရှိပြီဖြစ်ကြောင်း ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါထံမှ သိရသည်။

**ရှိုသန်းညွန့်**

# တိုက်ကြီးမြို့နယ် ညောင်လေးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**တိုက်ကြီး ဇူလိုင် ၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိမ္မော်ခြံကျေးရွာအုပ်စု ညောင်လေးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သူကိုကို၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ခိုင်၊ ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ညောင်လေးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)က စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တိုက်ကြီးမြို့နယ် လိမ္မော်ခြံကျေးရွာအုပ်စု ညောင်လေးပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦး စုစုပေါင်း အသင်းသား၊ အသင်း သူ ဦးရေ ၁၁၀ က မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၉၀ ဖြင့် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သူကိုကိုထံမှ သိရသည်။

**အိပိုးပိုး**

# မင်းလှမြို့နယ် လဲပင်ကျင်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**မင်းလှ ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီဝင်များရွေးချယ်ခြင်းကို ယနေ့နံနက်ပိုင်းက လဲပင်ကျင်းကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက လဲပင်ကျင်းကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းအကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များ၊ ဆောင်ရန်ရှောင်ရန်အချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေတွင်ပြဋ္ဌာန်းပါရှိသော ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာကော်မတီဝင်များ ရွေးချယ်ရာတွင်သတ်မှတ်ထားသည့် အရည်အချင်းများ၊ ထမ်းဆောင်ရမည့်တာဝန်ဝတ္တရားများ၊ ခံစားခွင့်များကိုရှင်းလင်းပြောကြားပြီးနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများဆန္ဒနှင့်အညီ လဲပင်ကျင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

မင်းလှမြို့နယ် လဲပင်ကျင်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မှထောက်ပံ့ရန်ပုံငွေကျပ် ၁၅၀ သိန်းကိုပေးအပ်သွားမည်ဖြစ်ကြောင်း၊ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ပြောပြ၍ သိရသည်။

**ကိုညီ**

# မိုင်းပန်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

**မိုင်းပန် ဇူလိုင် ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတွင် အထောက်အကူပြုနိုင်ရန် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်ပျိုးထောင်ပေးရန် ရည်ရွယ်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကုန်းကတ်ကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မိုင်းပန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟန်ဇော်မြင့်က အမှာစကားပြောကြားပြီး မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ မိုင်းပန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဇော်မြင့်နှင့် တာဝန်ရှိသူများက သင်တန်းသူများကို သင်တန်းအထောက်အကူပြုအသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ မိုင်းပန်မြို့နယ် ကုန်းကတ်ကျေးရွာအပါအဝင် အနီးနားဝန်းကျင်ရှိ ကျေးလက်ဒေသများမှ သင်တန်းသူ စုစုပေါင်း ဦးရေ ၂၀ ကို ကျွမ်းကျင်နည်းပြများက အင်္ကျီ၊ လုံချည်ချုပ်လုပ်နည်းအမျိုးမျိုးကို စာတွေ့၊ လက်တွေ့ဖြင့် ဇူလိုင် ၁ ရက်မှ ၃၀ ရက်ထိ သင်တန်းကာလ တစ်လကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

စာပေမြင့်မှ လူမျိုးတင့်မည်

# အိန္ဒိယနိုင်ငံရှိ တောရိုင်းတိရစ္ဆာန်များကျက်စားရာ အမျိုးသားဥယျာဉ်များ

ခိုင်ဇင်

အိန္ဒိယနိုင်ငံဟာ သစ်တောထူထပ်ပြီး စိမ်းလန်းစိုပြည်တဲ့ မြက်ခင်းပြင်တွေနဲ့ လွှမ်းခြုံထားပါတယ်။ ဒါကြောင့် တောရိုင်းတိရစ္ဆာန်တွေ အများအပြားပျော်မွေ့စွာ နေထိုင်ကျက်စားကြသလို ငှက်မျိုးစိတ်တွေနဲ့ သစ်ပင်ပန်းမန်တွေလဲပေါများပါတယ်။ ဒ့ါပြင် အိန္ဒိယနိုင်ငံရှိ တောရိုင်းတိရစ္ဆာန်များနေထိုင်ရာ အမျိုးသားဥယျာဉ်တွေမှာ ဘင်္ဂလားကျား၊ အိန္ဒိယဆင်နဲ့ ဦးချိုတစ်ချောင်း ကြံ့တို့လို အထင်ကရ ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်တွေ နေထိုင်ကြပါတယ်။ ဂေဟစနစ်ရဲ့ဟန်ချက်ညီမှုကို လေ့လာနိုင်တဲ့ အဲဒီနေရာတွေမှာ တွေ့ရခဲတဲ့သားကောင်တွေကို လေ့လာနိုင်ဖို့အတွက် အိန္ဒိယနိုင်ငံဟာ အမျိုးသားဥယျာဉ်တွေကို သေသေချာချာ ပြုလုပ်ထားပါတယ်။ အခုဖော်ပြပေးသွားမှာကတော့ အိန္ဒိယနိုင်ငံမှာရှိတဲ့ တောရိုင်းတိရစ္ဆာန်တွေကျက်စားတဲ့ အမျိုးသားဥယျာဉ်တွေနဲ့ အဲဒီဥယျာဉ်တွေမှာရှိတဲ့ တိရစ္ဆာန်တွေအကြောင်းပဲဖြစ်ပါတယ်။

**Jim Corbett အမျိုးသားဥယျာဉ်၊ ဥတ္တရာခန်းပြည်နယ်**



**Jim Corbett** အမျိုးသားဥယျာဉ်ဟာ ၁၉၃၆ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ အိန္ဒိယနိုင်ငံရဲ့ ရှေးအကျဆုံးအမျိုးသားဥယျာဉ်တစ်ခုဖြစ်ပါတယ်။ လက်ရှိအဲဒီဥယျာဉ်မှာ ကျားမျိုးစိတ် ထိန်းသိမ်းရေးစီမံကိန်းကို အဓိကထား လုပ်ဆောင်နေတာကြောင့် ကျားထိန်းသိမ်းရေးလုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး ကျော်ကြားပါတယ်။ ဟိမဝန္တာတောင်ခြေမှာရှိတဲ့ အဲဒီအမျိုးသားဥယျာဉ်ဟာ သစ်တောထူထပ်ပြီး သစ်ပင်ကြီးတွေ၊ မြက်ခင်းတွေနဲ့ တောရိုင်းတိရစ္ဆာန်တွေ ကျက်စားရာနေရာမျိုးစုံရှိပါတယ်။ ကျားတွေကို လေ့လာချင်တဲ့သူတွေအတွက် သွားလည်သင့်တဲ့နေရာဖြစ်ပြီး ကျားအကောင်ရေ အများအပြားကို အဲဒီမှာ တွေ့ရမှာဖြစ်ပါတယ်။ ကျားတွေအပြင် အာရှဆင်၊ ကျားသစ်၊ ဟိမဝန္တာဝက်ဝံနက်တွေနဲ့ သမင်မျိုးစိတ်အမျိုးမျိုးတို့ရှိတာကြောင့် တောရိုင်းတိရစ္ဆာန်လေ့လာရတာကို ဝါသနာပါသူတွေအတွက် နေရာကောင်းတစ်ခုဖြစ်ပါတယ်။

**Ranthambore အမျိုးသားဥယျာဉ်၊ ရာဂျစ်သန်ပြည်နယ်**



**Ranthambore** အမျိုးသားဥယျာဉ်ဟာ သူ့ရဲ့ရှေးဟောင်းသမိုင်းဝင် အပျက်အစီးတွေ၊ ကြီးကျယ်ခမ်းနားတဲ့ခံတပ်တွေကြောင့် နာမည်ကြီးပါတယ်။ ဒ့ါပြင် သဘာဝအလျောက် နေထိုင်ကျက်စားနေတဲ့ ဘင်္ဂလားကျားတွေလဲရှိပါတယ်။ အဲဒီအမျိုးသားဥယျာဉ်ဟာ ဘင်္ဂလားကျားတွေကို စောင့်ကြပ်ကြည့်ရှုထိန်းသိမ်းပေးတဲ့ နေရာတွေထဲက တစ်ခုဖြစ်ပါတယ်။ အဲဒီဥယျာဉ်မှာ ခြောက်သွေ့တဲ့ရွက်ကြွေတောတွေနဲ့ မြက်ခင်းပြင်တွေ ပေါများပြီး အိန္ဒိယမျိုးရင်းကျားသစ်၊ အာရှတောဆိတ်၊ တောဝက်နဲ့ ခြင်္သေ့တွေ ကျက်စားရာနေရာတစ်ခုလဲဖြစ်ကာ တောရိုင်းတိရစ္ဆာန်တွေ များပြားတာကြောင့် မတူကွဲပြားတဲ့ တောရိုင်းတိရစ္ဆာန်တွေရဲ့ အလေ့အထကို လေ့လာနိုင်တဲ့အတွေ့အကြုံကောင်းတွေကို ပေးစွမ်းနိုင်ပါတယ်။

**Kaziranga အမျိုးသားဥယျာဉ်၊ အာသံပြည်နယ်**

UNESCO က ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် သတ်မှတ်ထားတဲ့



**Kaziranga** အမျိုးသားဥယျာဉ်ဟာ အိန္ဒိယနိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာ နေရာတစ်ခုဖြစ်ပါတယ်။ အဲဒီအမျိုးသားဥယျာဉ်နဲ့တွဲပြီး လူသိများတဲ့ တိရစ္ဆာန်ကတော့ ဦးချိုတစ်ချောင်းကြံ့တွေပဲဖြစ်ပါတယ်။ ဦးချိုတစ်ချောင်းကြံ့အကောင်ရေများများ နေထိုင်ကျက်စားရာ အဲဒီနေရာဟာ ဗြဟ္မပုတ္တရမြစ်တစ်လျှောက်မှာ တည်ရှိတာဖြစ်ပါတယ်။ ရေလွှမ်းလွင်ပြင်တွေနဲ့ မြက်ခင်းပြင်တွေပေါများတာကြောင့် ဦးချိုတစ်ချောင်းကြံ့တွေ လာရောက်နေထိုင်ကျက်စားကြတာဖြစ်ပါတယ်။ ကြံ့တွေအပြင် ဘင်္ဂလားဆင်၊ တောကျွဲနဲ့ သမင်တို့လို ဇီဝမျိုးစုံမျိုးကွဲတွေကို လေ့လာနိုင်တဲ့နေရာ တစ်ခုဖြစ်ပါတယ်။

**Sundarbans အမျိုးသားဥယျာဉ်၊ အနောက်ဘင်္ဂလားပြည်နယ်**



ကမ္ဘာပေါ်မှာအကြီးဆုံးမြစ်ဝကျွန်းပေါ် ဒီရေတောတွေရှိရာအရပ်မှာ ရှိတဲ့ **Sundarbans** အမျိုးသားဥယျာဉ်ဟာ ရေပတ်လည်ဝိုင်းနေပါတယ်။ ရေ၊ မြေ၊ ရာသီဥတု မျှတတာကြောင့် အဲဒီနေရာမှာ တောရိုင်းတိရစ္ဆာန်တွေ ပေါများပါတယ်။ ရေပတ်လည်ဝိုင်းနေတာကြောင့် ရေကူးနိုင်စွမ်းရှိတဲ့ ကျားတွေနဲ့ အခြားသောတိရစ္ဆာန်တွေ အလွန်ကြိုက်တဲ့ ထူးခြားတဲ့ ဂေဟစနစ်ရှိရာနေရာတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်လဲ UNESCO က ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ **Sundarbans** အမျိုးသားဥယျာဉ်မှာ မြစ်ကမ်းစပ်မိကျောင်း၊ ဂင်္ဂါမြစ်လင်းပိုင်နဲ့ ငှက်မျိုးစိတ်ပေါင်းများစွာအပြင် သမင်၊ ကျားနဲ့ အခြားသော တောရိုင်းတိရစ္ဆာန်တွေကို တွေ့နိုင်ပါတယ်။

**Gir အမျိုးသားဥယျာဉ်၊ ဂုဂျာရတ်ပြည်နယ်**



**Gir** အမျိုးသားဥယျာဉ်ဟာ ရှားပါးအာရှခြင်္သေ့တွေ ကျက်စားရာ နေရာဖြစ်ပါတယ်။ **Gir** အမျိုးသားဥယျာဉ်မှာ အာရှခြင်္သေ့ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတွေဟာ အောင်မြင်တယ်လို့ဆိုရမှာဖြစ်ပါတယ်။ ခြောက်သွေ့တဲ့ရွက်ကြွေတောနဲ့ မြက်ခင်းပြင်ဂေဟစနစ်ဟာ အာရှခြင်္သေ့၊ အိန္ဒိယကျားသစ်၊ အစင်းကျားအကြီးနဲ့ ကျားတွေ၊ သမင်နဲ့ ကုလားအုတ်မျိုးစိတ်တို့ ပျော်မွေ့နေထိုင်ကျက်စားရာနေရာဖြစ်တာကြောင့် အိန္ဒိယနိုင်ငံရဲ့ မတူကွဲပြားတဲ့တောရိုင်းတိရစ္ဆာန်တွေကို လေ့လာနိုင်တဲ့နေရာဖြစ်ပါတယ်။

**Keoladeo အမျိုးသားဥယျာဉ်၊ ရာဂျစ်သန်ပြည်နယ်**



UNESCO က ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် သတ်မှတ်ထားတဲ့ **Keoladeo** ဟာ ကမ္ဘာ့ငှက်မျိုးစိတ်တွေ နေထိုင်ကျက်စား ပေါက်ဖွားဖို့အတွက် အရေးပါတဲ့နေရာဖြစ်ပါတယ်။ အဲဒီဥယျာဉ်ဟာ ရေတိမ်ဒေသမှာ တည်ရှိပြီး ငှက်များရွှေ့ပြောင်းရာ ဆောင်းရာသီမှာ ငှက်တွေနေထိုင်ကျက်စားလေ့ရှိတဲ့နေရာဖြစ်ပါတယ်။ ကြိုးကြာငှက်တွေ အပါအဝင် ရွှေ့ပြောင်းငှက်ထောင်ပေါင်းများစွာကို အဲဒီဥယျာဉ်ရဲ့ ရေမြေသဘာဝက ဆွဲဆောင်နိုင်တဲ့အတွက် ငှက်မျိုးစိတ်တွေ မျိုးဆက်ပြန့်ပွားဖို့ အရေးပါတဲ့နေရာဖြစ်ပါတယ်။ ငှက်တွေအပြင် အခြားသော တောရိုင်းတိရစ္ဆာန်မျိုးစုံလဲရှိတဲ့အတွက် ငှက်တွေကို ချစ်တဲ့သူတွေနဲ့ သဘာဝကိုချစ်မြတ်နိုးသူတွေအတွက် လေ့လာစရာ နေရာတစ်ခုဖြစ်ပါတယ်။

**Manas အမျိုးသားဥယျာဉ်၊ အာသံပြည်နယ်**



**Manas** အမျိုးသားဥယျာဉ် ဒါမှမဟုတ် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနယ်မြေဟာ UNESCO ရဲ့ သဘာဝဆိုင်ရာ ကမ္ဘာ့အမွေအနှစ်နေရာတစ်ခုဖြစ်ပြီး ကျားထိန်းသိမ်းရေးစီမံကိန်းကို အဓိကထားဆောင်ရွက်တဲ့နေရာတစ်ခုဖြစ်ပါတယ်။ အဲဒီ ဇီဝရပ်ဝန်းထိန်းသိမ်းရေးနယ်မြေဟာ အိန္ဒိယနိုင်ငံ အာသံပြည်နယ်မှာတည်ရှိကာ ရှားပါးပြီး မျိုးသုဉ်းလုနီးပါးဖြစ်တဲ့ မျိုးစိတ်များစွာ ကျက်စားတာကြောင့် အတော်လေးကျော်ကြားပါတယ်။ ဥယျာဉ်ထဲမှာ မတူညီတဲ့သစ်ပင်ပန်းမန်မျိုးစုံ၊ မြက်ခင်းပြင်တွေ၊ အပူပိုင်းသစ်တောတွေအပြင် ရှားပါးလိပ်မျိုးစိတ်တွေ၊ ဘင်္ဂလားကျားနဲ့ အိန္ဒိယကြံ့တွေ နေထိုင်ရာဖြစ်တာကြောင့် မျိုးစုံလှတဲ့ဇီဝမျိုးစုံမျိုးကွဲတွေ နေထိုင်ပါတယ်။

အခုဖော်ပြပေးခဲ့တာကတော့ အိန္ဒိယနိုင်ငံမှာရှိတဲ့ တောရိုင်းတိရစ္ဆာန်ဥယျာဉ်တွေနဲ့ အဲဒီဥယျာဉ်တွေမှာ ကျက်စားတဲ့ လူသိများကျော်ကြားတဲ့ တိရစ္ဆာန်တွေအကြောင်းပဲဖြစ်ပါတယ်။ အထက်မှာဖော်ပြထားတဲ့ ဥယျာဉ်တွေကို လေ့လာကြည့်တဲ့အခါ အိန္ဒိယနိုင်ငံဟာ တောရိုင်းတိရစ္ဆာန်တွေ ထိန်းသိမ်းမှုနဲ့ပတ်သက်ပြီး အလေးထားဆောင်ရွက်နေတာကို တွေ့မြင်နိုင်ပါတယ်။

**ကိုးကား**

– **INDIAN WILDLIFE PARKS AND THE ANIMALS THEY ARE FAMOUS FOR**

# အာရှ-ပစိဖိတ်ဒေသအတွင်း အမေရိကန်၏ တာဝေးတိုက်ခိုက်မှုစွမ်းရည်ရှိရေးကြိုးပမ်းမှု

အာရှ-ပစိဖိတ်ဒေသအတွင်း မြောက်ကိုရီးယား၏ ဒုံးကျည်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ တရုတ်နိုင်ငံ၏ ပဲ့ထိန်းဒုံးကျည်နှင့် ဟိုက်ပါဆောနစ်ဒုံးယာဉ်ပရိုဂရမ်ကလည်း လျင်မြန်စွာ လူသိရှင်ကြား တိုးတက်လာခဲ့သည်။ ရုရှား၏ ဟိုက်ပါဆောနစ်ဒုံးကျည်များလည်း အောင်မြင်လာခဲ့သည်။ ထိုအခြေအနေများက အမေရိကန်မူဝါဒချမှတ်သူများနှင့် စစ်ဘက်ခေါင်းဆောင်များအနေဖြင့် အင်ဒို-ပစိဖိတ်ဒေသတစ်လျှောက် ၎င်းတို့၏ မဟာဗျူဟာနှင့် သဘောထားကို ပြန်လည်အကဲဖြတ်ရန်လှုံ့ဆော်စေခဲ့သည်။ အဓိကအားဖြင့် မြောက်ကိုရီးယား၏ဒုံးကျည်တိုးတက်မှုများသည် အရှေ့မြောက်အာရှရှိ အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များအတွက် ကြီးမားသောခြိမ်းခြောက်မှုတစ်ခုအဖြစ် ဆက်လက်တည်ရှိစေသည်ဟုဆိုသည်။ ထို့ကြောင့် အမေရိကန်သည် အာရှ-ပစိဖိတ်ဒေသတွင် အန္တရာယ်ရှိသည့် ဒုံးကျည်များကို တာဝေးပစ်လက်နက်များဖြင့် တန်ပြန်ရန်လုပ်ဆောင်လာသည်။

**INF ကန့်သတ်ချက်အလွန်လုပ်ဆောင်ခြင်း**

၁၉၈၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း အမေရိကန်သည် တာလတ်ပစ်နျူကလီးယားတပ်ဖွဲ့စာချုပ်(INF) အရ ဆိုဗီယက်ယူနီယံနှင့်(နောက်ပိုင်းတွင် ရုရှားနိုင်ငံ) တို့နှင့်အတူ အကွာအဝေး ကီလိုမီတာ ၅၀၀ မှ ကီလိုမီတာ ၅၅၀၀ ကြားအကွာအဝေးရှိ မြေပြင်ပစ်ပဲ့ထိန်းဒုံးကျည်များနှင့် ခရုဇ်ဒုံးကျည်များကို တီထွင်ခြင်းသို့မဟုတ် ဖြန့်ကြက်ခြင်းမှ ကန့်သတ်ခြင်းခံခဲ့ရသည်။ ဆိုလိုသည်မှာ အာရှ-ပစိဖိတ်ဒေသရှိ အမေရိကန်အခြေစိုက်စခန်းများ၊ ရေကြောင်းနှင့် ဝေဟင်ပိုင်နက်များအတွက် ရှေ့တန်းစစ်ဆင်ရေးနေရာများသည် သင်္ဘောနှင့် မြေပြင်အခြေစိုက် ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်များမှီခိုနေရသည့် ခံစစ်အနေအထားသို့ လျော့ကျသွားခဲ့ရသည်။ ၂၀၁၉ ခုနှစ်တွင် INF စာချုပ်ပျက်ပြယ်မှုက ရုရှားအနေဖြင့် ၎င်းစာချုပ်ကို ဆက်လက်လိုက်နာရန် မလိုအပ်စေသော်လည်း အမေရိကန်အနေဖြင့် အင်ဒို-ပစိဖိတ်ဒေသတွင် ဖြန့်ကြက်ရန် တာဝေးပစ်မြေပြင်အခြေစိုက်တိုက်ခိုက်မှုစွမ်းရည်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအသစ်များ လုပ်ဆောင်ခွင့်ရရှိစေသည်။

၂၀၁၉ ခုနှစ်တွင် INF စာချုပ် ပျက်ပြယ်ပြီးကတည်းက အမေရိကန်တပ်မတော်သည် INF ဖြင့် ကန့်သတ်သည့်လက်နက်များကို တရုတ်ပြည်မကြီး၏ အကွာအဝေးအတွင်းသာမက ဂူအမ်ကဲ့သို့သောနေရာများမှ ပထမဆုံးကျွန်းကွင်းဆက်များတွင် ထားရှိရန် စိတ်ဝင်စားကာ INF ဖြင့် တားဆီးခဲ့သည့် အမျိုးအစားလက်နက်များတွင် လျင်မြန်စွာ ရင်းနှီးမြှုပ်နှံခဲ့သည်။ အမေရိကန်ကြည်းတပ်နှင့် ရေတပ်တို့သည် Common Hypersonic Glide Body (C-HGB) ဟု လူသိများသော HGV ကို ပူးတွဲ၍ တီထွင်ထုတ်လုပ်လျက်ရှိပြီး ၎င်းစီမံကိန်းက အကွာအဝေး ၂၇၇၅ ကီလိုမီတာထက် ပိုဝေးသောစနစ်နှစ်ခုကို ထွက်ပေါ်လာစေမည်ဖြစ်သည်။ အမေရိကန်ကြည်းတပ်သည် Dark Eagle တာဝေးပစ်ဟိုက်ပါဆောနစ်စစ်လက်နက် (Long-Range Hypersonic Weapon -LRHW) ရှေ့ပြေးပုံစံကို ၂၀၂၃ ခုနှစ် မကုန်မီ တပ်ဖြန့်ရန် စီစဉ်ခဲ့ပြီး နောက်ထပ် စနစ် နှစ်ခုကို ၂၀၂၅ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့တွင် ဖြန့်ကြက်ရန်ဖြစ်သည်။ သို့သော်လည်း စမ်းသပ်မှုဆိုင်ရာနှောင့်နှေးမှုများကြောင့် အစောဆုံး ၂၀၂၄ ခုနှစ်ထိ လက်နက်ကို ဖြန့်ကြက်နိုင်ခဲ့ခြင်းမရှိပေ။

HGV တပ်ဆင်ထားသော မြေပြင်ပစ်လွှတ်လက်နက်တစ်ခုဖြစ်သည့် LRHW ကို စစ်ကစားမှုပြုလုပ်နိုင်စေရန် ရည်ရွယ်ပြီး အသံထက် ၁၆ ဒသမ ၆၅ ဆထိ အရှိန်မြှင့်နိုင်ရန် ဖြစ်သည်။ အစောပိုင်းအစီအစဉ်များအရ အမေရိကန်၏ LRHW စနစ်များကို ဒုံးတင်ပစ်လွှတ်စနစ်လေးခုပါ ဘက်ထရီများအဖြစ် စုစည်းထားရန် တောင်းဆိုထားပြီး တစ်ခုစီတွင် ဒုံးကျည်နှစ်စင်းစီ ပါရှိမည်ဖြစ်သည်။ ၎င်းတို့နှင့်အတူ ရွေ့လျားလှုပ်ရှားရေးစင်တာ၊ အခြားပံ့ပိုးကူညီရေးယာဉ်များနှင့် စက်ပစ္စည်းများနှင့်အတူ ဖြန့်ကြက်မည်ဖြစ်သည်။

အမေရိကန်ရေတပ်သည် C-HGB ကို ၎င်း၏ ကိုယ်ပိုင်သမားရိုးကျ တိုက်ခိုက်ရေးပရိုဂရမ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖြန့်ကြက်ရန် ရည်ရွယ်ထားပြီး တပ်ဖွဲ့၏ Zumwalt အတန်းအစားခရူဇာစစ်ရေယာဉ်များကို ၂၀၂၅ ခုနှစ်တွင် ကနဦးအသုံးပြုနိုင်စေရန်နှင့် ၂၀၂၈ ခုနှစ်တွင် Virginia-Class ရေငုပ်သင်္ဘောများပေါ်တွင် အသုံးပြုနိုင်စေရန် ရည်ရွယ်ထားသည်။



အမေရိကန်လေတပ်၏ AGM-158 ဝေဟင်မှ မြေပြင်ပစ်တိုက်ခိုက်ရေးဒုံးအုပ်စုနှင့် အနာဂတ်ဟိုက်ပါဆောနစ်တိုက်ခိုက်ရေးခရုဇ်ဒုံးကဲ့သို့သော ၎င်းတို့၏ ကိုယ်ပိုင်တာဝေးပစ်တိုက်ခိုက်မှုစွမ်းရည်များ ပါဝင်လာသည်။ အမေရိကန်ကြည်းတပ်သည် လော့ခ်ဟိမာတင်၏ တိကျပဲ့ထိန်းဒုံးကို မြန်နှုန်းမြှင့်အင်ဂျင်တပ်ဆင်ရန် လုပ်ဆောင်လျက်ရှိသည်။ ဤသို့ဖြင့် ၎င်း၏ မူလ ၄၉၉ ကီလိုမီတာအကွာအဝေးကို ကီလိုမီတာ ၁၀၀၀ ထိ တိုးချဲ့နိုင်မည်ဖြစ်ပြီး ထိုအစီအစဉ်ဖြင့် ရန်ပုံငွေရရှိရန် ကြိုးပမ်းလျက်ရှိသည်။ အဆိုပါစနစ်သည် ဂျပန်တောင်ပိုင်းကျွန်းများမှ တရုတ်ကမ်းရိုးတန်းကို ရောက်ရှိနိုင်ကာ ၂၀၂၇ ခုနှစ်တွင် ရနိုင်မည်ဖြစ်သည်။

**အမေရိကန်အတွက် ကန့်သတ်ချက်များ**

အင်ဂျင်နီယာဆိုင်ရာစိန်ခေါ်မှုများသည် အမေရိကန်ကြည်းတပ်၏ အင်ဒို-ပစိဖိတ် မဟာဗျူဟာအတွင်း မြေပြင်အခြေစိုက်တိုက်ခိုက်မှုစွမ်းရည်ကို အကောင်အထည်ဖော်ရန် ပြင်းထန်သည့် အတားအဆီးဖြစ်ဖွယ်မရှိပေ။ ထိပ်တိုက်ရင်ဆိုင်ရမည့် အဓိကပြဿနာများမှာ ဘတ်ဂျက်၊ အခြေစိုက်စခန်းနှင့် အခြေခံအဆောက်အအုံများ ဖြစ်ကောင်းဖြစ်နိုင်သည်။

LRHW ပရိုဂရမ်သည် ဖွံ့ဖြိုးမှုအဆင့်တွင် အနည်းဆုံး အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံကုန်ကျနိုင်ပြီး ဒုံးကျည် ၆၆ စင်း ထုတ်လုပ်ရန်အတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကုန်ကျနိုင်သည်ဟု အစီရင်ခံစာများက ဆိုသည်။ ဒုံးကျည်တစ်စင်းစီသည် စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်ကုန်ကျမည်ဖြစ်ပြီး ပရိုဂရမ်က ကုန်ကျစရိတ်လွန်စွာများပြားသည့်အတွက် ဘဏ္ဍာရေးဆိုင်ရာထည့်သွင်းစဉ်းစားမှုများသည် ဆုံးဖြတ်ချက်ချမှတ်သူများကြားတွင်လည်း ဆန့်ကျင်မှုများကို ပေါ်ပေါက်စေလိမ့်မည်ဖြစ်သည်။ အမေရိကန်ကာကွယ်ရေးဘတ်ဂျက်က ခွင့်ပြုပေးခြင်းမရှိလျှင် ဤစွမ်းရည်အတွက် မြင့်မားသောဈေးနှုန်းက ပရိုဂရမ်အတွက် အန္တရာယ်ရှိစေသည်။

ဘတ်ဂျက်ပြဿနာအပြင် အာရှ-ပစိဖိတ်ဒေသတွင် အမေရိကန်၏ဒုံးကျည်များကို မည်သည့်နေရာတွင်ထားရှိမည်နည်းဟူသည့် ကိစ္စရပ်လည်းရှိနေသည်။ ဒေသတွင်းမဟာမိတ်များဖြစ်သည့် သြစတြေးလျ၊ ဂျပန်နှင့် တောင်ကိုရီးယားတို့ထံမှ ကနဦးတုံ့ပြန်မှုမှာ ကျေနပ်အားရဖွယ်မဟုတ်ပေ။ ထို့ပြင် ၎င်း၏နိုင်ငံရပ်ခြားတွင် ထိုလက်နက်စနစ်များကို ထားရှိရန် အမေရိကန်၏ရွေးချယ်မှုများမှာ ရှုပ်ထွေးလျက်ရှိသည်။ ဒေသတွင်းရှိ အနီးကပ်ဆုံးမဟာမိတ်များဖြစ်သည့် သြစတြေးလျ၊ ဂျပန်နှင့် တောင်ကိုရီးယားတို့အနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်တာဝေးတိုက်ခိုက်မှုစွမ်းရည်ကို တည်ဆောက်ရန် မကြာသေးမီက အမေရိကန်၏ ကတိကဝတ်များရရှိထားသည်။ ၎င်းကတိကဝတ်များက အမေရိကန်ဒုံးကျည်များလိုအပ်မှုကို ဖယ်ရှားပစ်နိုင်သည်။ အနည်းဆုံးအနေဖြင့် ၎င်းတို့နိုင်ငံများ၌ ငြိမ်းချမ်းသည့်အချိန်တွင်ဖြစ်သည်။ ၂၀၁၉ ခုနှစ် တွင် အမေရိကန်က INF စာချုပ်မှ နုတ်ထွက်သည့်အချိန်၌ ဂျပန်နိုင်ငံသည် တပ်ဖြန့်ရန် ပထမဆုံးအကြံပြုထားသောနေရာဖြစ်သည်။ သို့သော်လည်း တပ်ဖြန့်ချထားရန်အဆိုပြုထားသော ဒုံးကျည်များမရှိသေးကြောင်းနှင့် ဂျပန်က ဒုံးကျည်များလက်ခံရန် ထည့်သွင်းစဉ်းစားခြင်းမရှိသေးကြောင်း ပြောကြားခဲ့သည်။

ယခုအခါ LRHW သည် ကနဦးအသုံးပြုနိုင်မှုစွမ်းရည်သို့ ရောက်ရှိရန် နီးကပ်လာပြီဖြစ်သောကြောင့် အဆိုပါကိစ္စရပ်ကို ဂျပန်တွင် ပိုမိုလေးနက်စွာထည့်သွင်းစဉ်းစားလျက်ရှိသည့် အရိပ်အယောင်တချို့ရှိသည်။ သို့သော် တောင်ကိုရီးယားက တရုတ်နိုင်ငံကိုသွယ်ဝိုက်သောနည်းဖြင့်ဦးတည်သော တာဝေးပစ်ဒုံးကျည်များလက်ခံထားမည့် အလားအလာမရှိပေ။ အကြောင်းမှာ ၂၀၁၆ ခုနှစ်က အမေရိကန်၏ ဝေဟင်အမြင့်ပိုင်းကာကွယ်ရေးစနစ် (THAAD) ကို လက်ခံရန် တောင်ကိုရီးယားက ဆုံးဖြတ်ခဲ့ပြီးနောက် တရုတ်ထံမှ သံတမန်ရေးနှင့် စီးပွားရေးအရ ပြင်းထန်သည့်တုံ့ပြန်မှုများ ခံခဲ့ရသည်။ ဤကဲ့သို့သောဖြစ်စဉ်များထပ်မံဖြစ်ပွားလိုမှုမရှိခြင်းကြောင့်ဖြစ်သည်။ အမေရိကန်-တရုတ်ပဋိပက္ခတွင် အသုံးပြုနိုင်သည့် မည်သည့်လက်နက်သစ်များ ဖြန့်ကြက်ချထားရေးကိုမဆို တောင်ကိုရီးယားက လိုလားဖွယ်မရှိပေ။ သြစတြေးလျတွင် အမေရိကန်၏ ဒုံးကျည်များဖြန့်ကြက်ခြင်းအတွက် ဖြစ်နိုင်ခြေနည်းခြင်းမှ အလှမ်းကွာသည့် ပထဝီအနေအထားကြောင့် ဖြစ်သည်။

ထိုင်းနိုင်ငံသည် အမေရိကန်၏ မဟာမိတ်နိုင်ငံဖြစ်သော်လည်း လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း တရုတ်နိုင်ငံနှင့် ပိုမိုနီးကပ်လာခဲ့ပြီး အမေရိကန်၏ ဒုံးကျည်များဖြန့်ကြက်မှုကိုအတည်ပြုရန် မဖြစ်နိုင်ပေ။ ဖိလစ်ပိုင်သည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်တပ်ဖွဲ့ကို တည်နေရာအသစ်လေးခု၌ အမေရိကန်တပ်ဖွဲ့ဝင်များဝင်ရောက်ခွင့်ပေးမည်ဟု ယခုနှစ် ဖေဖော်ဝါရီလတွင် ပူးတွဲကြေညာခဲ့သည်။ ထိုခွင့်ပြုမှုအရ လူဇုန်တွင် အခြေစိုက်မည့် အမေရိကန်တာဝေးပစ်ဒုံးကျည်များသည် ဟိုင်နန်ကျွန်းနှင့် တရုတ်ပြည်မကြီးတစ်လွှားရှိ အခြေစိုက်စခန်းများထိ ရောက်ရှိမည်ဖြစ်သည်။ သို့ရာတွင် အမေရိကန်၏ တာဝေးပစ်လက်နက်များကို လက်ခံရန် ဖိလစ်ပိုင်၏ဆန္ဒမှာ မသေချာပေ။ ထို့ကြောင့် နိုင်ငံအတွင်း တာဝေးပစ်ဒုံးကျည်များအခြေစိုက်မည့်အလားအလာမှာ ရှင်းရှင်းလင်းလင်းမရှိသေးပေ။

အကယ်၍ အဆိုပါနိုင်ငံများတွင် အခြေစိုက်ရန် မဖြစ်နိုင်ကြောင်း အတည်ဖြစ်လာပါက အမေရိကန်ပိုင်နက်နယ်မြေဂူအမ်သည် ခိုင်လုံသောအခြေစိုက်စခန်းတစ်ခုဖြစ်နိုင်ပြီး သံတမန်ရေးရာ အငြင်းပွားစရာမလိုဘဲ ရရှိနိုင်မည်ဖြစ်သည်။ အကန့်အသတ်ရှိသောအခြေခံအခွင့်အလမ်းများအတွက် ရေတိုဖြေရှင်းချက်မှာ အမေရိကန်သည် INF ကန့်သတ်ချက်များမပါဘဲ တီထွင်ထုတ်လုပ်ထားသောဝေဟင်နှင့် ပင်လယ်ပြင်မှ ပစ်လွှတ်သောလက်နက်များပေါ်တွင် ကျယ်ကျယ်ပြန့်ပြန့်ဆက်လက်မှီခိုနေရမည်ဖြစ်သည်။ AGM-158 Joint (JASSM) ဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၃၇၀ ခန့်ရှိသော အမေရိကန်လေတပ်သုံး ခရုဇ်ဒုံးကျည်ဖြစ်သည်။ အကွာအဝေး ကီလိုမီတာ ၁၀၀၀ ထိ ပစ်လွှတ်နိုင်စွမ်းရှိသည့် တာဝေးတိုးချဲ့ထားသော AGM-158B JASSM-ER အမျိုးအစားကို တာဝေး အလွန်အကျွံတိုးချဲ့ထားသည့် မူကွဲဖြစ်သော AGM-158D JASSM-XR ကို ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ပို့ဆောင်ရန် စီစဉ်ထားပြီး အကွာအဝေး ကီလိုမီတာ ၁၈၀၀ ထိ ရှိမည်ဖြစ်သည်။ လေတပ်၏ B-1B Lancer နှင့် B-52H Stratofortress ကဲ့သို့သော တာဝေးပစ်ဗုံးကြဲလေယာဉ်များသည် JASSM ၁၂ စင်းမှ ၂၄ စင်းထိ သယ်ဆောင်နိုင်စွမ်းရှိသည်။

ခြုံ၍ဆိုရလျှင် အာရှ-ပစိဖိတ်ဒေသအတွင်း၌ ဒုံးကျည်နည်းပညာဖွံ့ဖြိုးတိုးတက်ပြီး ဖြန့်ကြက်မှုများ တိုးမြင့်လာခြင်းကို အမေရိကန်နှင့် မဟာမိတ်တို့က ၎င်းတို့အတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှုမြင်လာခဲ့ကြောင်း တွေ့ရှိရသည်။ တာဝေးပစ် ဒုံးကျည်များအပြင် ဟိုက်ပါဆောနစ်လက်နက်များထိ တိုးမြင့်လာမှုက ဒေသတွင်းတပ်ဖွဲ့များဖြန့်ထားသည့် အမေရိကန်အတွက် စိုးရိမ်မှုဖြစ်စေသည်။ ၎င်းစိုးရိမ်မှုများလျော့ပါးစေရန်နှင့် ပေါ်ပေါက်လာသည့် အန္တရာယ်များကို ဖြေရှင်းရန်အတွက် အမေရိကန်အနေဖြင့် လက်နက်သစ်များတီထွင်ခြင်း၊ ဖြန့်ကြက်ရန် အခြေစိုက်စခန်းရှာဖွေခြင်းများကို ဆက်လက်လုပ်ဆောင်ပြီး အောင်မြင်မှုမရပါက ဂူအမ်တွင် အခြေစိုက်၍ ပစ်လွှတ်နိုင်သည့် တာဝေးပစ်လက်နက်များကို ထုတ်လုပ်ရန် ကြိုးပမ်းလာမည်ဖြစ်သဖြင့် ဒေသတွင်းလုံခြုံရေးအပေါ် သက်ရောက်လာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **Long Range Strike Capabilities in the Asia-Pacific: US by IISS, January 2024.**

နေရှား(သုတေသန)

# အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့၊ ၈၆လမ်း၊ ၃၆နှင့်၃၇လမ်းကြား၊ အကွက်(၂၇၆)၊ ရှမ်းဝိုင်းရပ်နေ ဦးပြူး မှတ်ပုံတင်အမှတ် (၉/မနတ(နိုင်)၀၂၀၃၃၆)-ဒေါ်ခင်အုန်းမြင့် မှတ်ပုံတင်အမှတ်(၉/မနတ(နိုင်)၀၂၀၃၃၇)တို့၏ ဒုတိယသား **မောင်ကျော်ဇေယျ (ခ) မောင်ဇေပိ မှတ်ပုံတင်အမှတ် (၉/မနတ(နိုင်)၀၉၇၃၉၇)** ကိုင်ဆောင်သူသည် မိဘများ၏သွန်သင်ဆုံးမမှုကို အကြိမ်ကြိမ်ချိုးဖောက်နာခံခြင်းမရှိသောကြောင့် သားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးပြူး-ဒေါ်ခင်အုန်းမြင့်**



# ၂၇-၅-၂၀၂၄ ရက် ရတနာပုံသတင်းစာ စာမျက်နှာ(၃၁)မှ အများသိစေရန် ကြေညာခြင်းအား ပြင်ဆင်ဖတ်ရှုပါရန်

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ **မင်းလမ်း**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(**၈/ ၂၁**)၊ အကွက်အမည် **မင်းလမ်း**ကွင်း၊ ဦးပိုင်အမှတ် (**၃/ ခ**)၊ ဧရိယာ (**၀.၁၀၅**) ဧကရှိသည့်အနက်မှ ဧရိယာ (**၀.၀၄၈**)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၃/ခ ကျန်မြေ
(ခ) အနောက်လားသော် - လမ်း
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၃/က
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၃/ခ ကျန်မြေ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ခင်သက်ထားအောင်၊ဒေါ်နွေးယုအောင်**တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၃)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**



“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)



COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။




# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက တီလားဗီးယား ပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက တီလားဗီးယား ပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းများသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူကာ စနစ်တကျသန့်စင်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် ဇွန်လအတွင်းက တီလားဗီးယား ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ တီလားဗီးယားပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ကျိုက်လတ်မြို့နယ်ကနေ ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အဓိကထားတင်ပို့ရောင်းချတာဖြစ်ပါတယ်။ ပြည်တွင်း ရန်ကုန်ဈေးကွက်က ဈေးကောင်းလဲရသလို တင်ပို့ရောင်းချရတာလဲ အစစအရာရာ လမ်းကြောင်းဖြောင့်ပါတယ်။ လက်ရှိလဲ တီလားဗီးယားငါးတွေ ဝယ်လိုအားကောင်းနေပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်းက တီလားဗီးယားငါး ပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အရင်လတွေကထက် တီလားဗီးယား ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရတယ်။ ပိဿာချိန်များများတင်ပို့ရောင်းချခဲ့ရတာကြောင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေနဲ့ ကုန်သည်တွေပါ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနေပါတယ်”ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် မွေးမြူသည့်တီလားဗီးယားငါးနှင့်သဘာဝအတိုင်း ဖမ်းဆီးရရှိသည့်တီလားဗီးယားငါးများ ထွက်ရှိကြောင်း၊ အဆိုပါ တီလားဗီးယားငါးသက်တမ်းသည် နှစ်လနှင့် ၁၅ ရက် သို့မဟုတ် သုံးလခန့်မွေးမြူရကြောင်း၊ ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးသို့ တင်ပို့ရောင်းချနေသည့် တီလားဗီးယားငါး တစ်ပိဿာလျှင်ငွေကျပ် ၉၀၀၀ ထိဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# နမ့်စန်မြို့နယ် ကုန်းမုံကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**နမ့်စန် ဇူလိုင် ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် ကုန်းမုံကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်များ၊ ကျေးရွာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဖြိုးဖြိုးအောင်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များနှင့် ကော်မတီများဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

နမ့်စန်မြို့နယ် ကုန်းမုံကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ရန် လိုအပ်သောငွေကြေးအရင်းအနှီး ရရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့်လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းထံမှ သိရသည်။

**သံသာ**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်



# ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

# နဲ့ ပြည့်စွမ်းထား . . .

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

## မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

# ရတနာပုံခန်းမ



Exhibition Vanue Award



### ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှမှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - ၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
ဖုန်း - ၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉ ၆၇၈၉၉၉၉၁၊ ၀၉ ၆၇၈၉၉၉၉၂


## မန္တလေးမြို့တွင်း အောင်မြေသာစံမြို့နယ် ကုမ္ပဏီတိုက်ရိုက်အလုပ်ခေါ်စာ

(1) Showroom အရောင်းစာရေးမ (၃)ဦး

အသက် ၂၅ နှစ်အောက်၊ အတန်းပညာ ၁၀တန်းဝန်းကျင်

(2) Company အရောင်းဝန်ထမ်း

- *Sale & Marketing ကျား/မ (၁၀)ဦး
  အသက် ၂၅ နှစ်ဝန်းကျင်၊ အတန်းပညာ ၁၀တန်းအောင်။
- *Sale & Marketing Supervisor ကျား (၅) ဦး
  အသက် ၃၀ နှစ်အောက် အတန်းပညာ-ဘွဲ့ရ
- *Helper ကုန်ပစ္စည်းသယ်ယူပို့ဆောင်သူအမျိုးသား(၁၀)ဦး
  အသက် ၂၅ ဝန်းကျင်
  လစာ (ညှိနှိုင်း)

စိတ်ဝင်စားပါက မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ဓာတ်ပုံ(၂)ပုံဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်-ဖုန်း/Viber-09-256132208

**မှတ်ချက်။ ။ နေစားမငြိမ်းပါ။**

## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အ. လ. က(၂၈)၊ Grade-5တွင် ပညာသင်ကြားနေသော (ဘ)ဦးရဲလင်းဘို (၉/မဟမ(နိုင်)၀၁၅၀၀၂)၏သား မောင်အာကာရဲရင့်၏မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၅-၈-၂၀၁၂ ဖြစ်ပါကြောင်း။ **၅-၈-၂၀၁၂**

## ဖခင်အမည်မှန်

ချမ်းအေးသာစံမြို့နယ်၊ မျိုးညွန့်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 မှ မောင်လင်းသန့်ကျော် ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်စိုး ဖြစ်ပါကြောင်း။

**ဦးမောင်စိုး(၉/မနတ(နိုင်)၁၀၂၃၅၃)**

## မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်) ၂၀၂၅-၂၀၂၇ အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ရန်အတွက် အဆိုပြုလွှာများဖိတ်ခေါ်ခြင်း

၁။ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)၏ ၂၀၂၅-၂၀၂၇ ခုနှစ်အတွက် အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်၏ကြီးကြပ်မှုဖြင့် (၂၈-၇-၂၀၂၄)ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရွေးချယ်တင်မြှောက်ပွဲသို့ တက်ရောက်လာကြသည့် အသင်းဝင်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်) ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လိုသော မန္တလေးတိုင်းဒေသကြီးအတွင်း နေထိုင်လျက်ရှိသည့် ဟိုတယ်ပိုင်ရှင် (သို့) စာဖြင့် တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ အသင်းဝင်၊ အသင်းသားများသည် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံနိုင်ရန် မိမိတို့ဆန္ဒအလျောက် အဆိုပြုလွှာများ တင်သွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

၃။ အလုပ်အမှုဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခံနိုင်ရန် သတ်မှတ်အရည်အချင်းများအား အဆိုပြုလွှာနှင့်အတူ ပူးတွဲထုတ်ပေးမည်ဖြစ်ပါသည်။

**အဆိုပြုလွှာထုတ်ယူ/ တင်သွင်းရမည့်နေရာ** - မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)
၃၆ လမ်း၊ ၇၇-၇၈ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၂၂၈၅၄၁၅၁၊ ၀၉-၂၆၅၉၅၀၇၈၂

**အဆိုပြုလွှာတင်သွင်းရန်နောက်ဆုံးရက်** - ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၂၀)ရက်

**ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်**
**မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)**

### COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီးတိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်းကြေညက်စေသည်။



### COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

လူတစ်ဦးနှင့်တစ်ဦး ၃ ပေ (တစ်မီတာ)မှ ၆ ပေခန့်အကွာမှာနေပါ။ ဗိုင်းရပ်ပျံ့နှံ့မှုကို ကာကွယ်နိုင်ရန် မလိုအပ်ဘဲ အိမ်အပြင်မထွက်သင့်ပါ။




### COVID-19 ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

❖ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် အမိန့်နာခံမှုရှိခြင်းသည် အလွန်အရေးကြီးသကဲ့သို့ စည်းကမ်းကောင်းမွန်ရန်လည်း လိုအပ်...

❖ စည်းကမ်း ကောင်းမွန်ခြင်းသည်လည်း အမိန့်နာခံမှုရှိခြင်းပင်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**မန္တလေး ဇူလိုင် ၂**

၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာအားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မန္တလေးတိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီမှ ဥက္ကဋ္ဌ၊ အုပ်ချုပ်သူနည်းပြများနှင့် ပြိုင်ပွဲဝင်ဘောလုံးအားကစားသမားများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ပြီး ဗိုလ်လုပွဲစဉ်၌

**စာမျက်နှာ ၁၈ ကော်လံ ၁☆**

**မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ပထမဆုရရှိသည့် ရမည်းသင်းခရိုင်အသင်းကို တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကို ပေးအပ်ချီးမြှင့်စဉ်။**

## ရေဝတီမြစ်ရေ ပန်းမော်မြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂**

ယနေ့ည ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့်(၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ဗန်းမော်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

